
ngyoe.com SAMPLE BOOK



ရဲထွန်းလင်း

# အရေးတော်ပုံ တပ်သား



mgyoe.com SAMPLE BOOKS

"အလွန်ကောင်းသော တော်လှန်ရေးဝတ္ထု"

- သုခ ၏ 'တရေးဆရာ ရဲလွန်းလင်း' ရှမဝ (ဇန်နဝါရီ ၁၉၆၃)။

"အရေးတော်ပုံ တပ်သားကြီး မျိုးတင့်၏ မဟုတ်မခံစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မှန်ရာကို လုပ်ရဲသည့် စိတ်ဓာတ်တို့ကို ကျွန်တော် အားကျခဲ့သည်။"

- မြသန်းတင့် ၏ 'ကျွန်တော် ဆက်၍ ရေးချင်သော ဝတ္ထုများ(၃)' ရှမဝ (ဇန်နဝါရီ ၁၉၇၃)။

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ရဲထွန်းလင်း [၁၉၁၀(ခန့်)–၁၉၆၂]

ကသာခရိုင် မိုးတားမြို့တွင် အဖ ကုန်သည် ဦးရိုး၊ အမိ ဒေါ်သစ်ဖြူ တို့က ၁၉၁၀ ပြည့်နှစ်(ခန့်)တွင် မွေးဖွားခဲ့သည်။

ကျောင်းဆရာ၊ အာရှလူငယ် တော်လှန်ရေးခေါင်းဆောင်၊ ကာယဗလ နည်းပြဆရာ၊ မန္တလေးရုပ်ရှင်လီမိတက် အစုရှင် ဒါရိုက်တာလူကြီး၊ မန္တလေးရုပ်ရှင် အောက်ဗမာပြည်တိုက်ခွဲ တာဝန်ခံ စသည်ဖြင့် လုပ်ဆောင် တာဝန်ယူခဲ့သည်။

ကာယဗလနှင့် အားကစားဘက်တွင် ဝါသနာပါ လိုက်စားခဲ့သည်။ ကာယဗလ ဦးရှိန်ထံတွင် ဦးဇော်ဝိတ်နှင့်အတူ တပည့်ခံကာ လေ့ကျင့် လိုက်စားခဲ့ရာမှ 'ကာယဗလ ဦးနေဝင်း'ဟု တွင်ခဲ့သည်။ ကာယဗလဘွဲ့ကို အလွန် နှစ်သက်သည်။

မန္တလေးရုပ်ရှင် ပေါ်ပေါက်လာအောင် ကြိုးစားသူများအနက် အရေးကြီးဆုံး အစိတ်အပိုင်းက ပါဝင်ခဲ့သည်။ အဆင့်အတန်းမြင့်သော ဇာတ်ကားများကို တီထွင်၍ ရုပ်ရှင်ဇာတ်ညွှန်းများ ရေးခဲ့သည်။

စာပေဝါသနာရှင် ဖြစ်သည်နှင့်အညီ ရဲထွန်းလင်း၊ ကာယဗလ ဦးနေဝင်း၊ ရေးသူ "?" တို့ဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးများ ရေးခဲ့သည်။ "အထူးသဖြင့် သွေးသောက်မဂ္ဂဇင်းတွင် "ကာယဗလ ဦးနေဝင်း" အမည်ဖြင့် ဆောင်းပါးများ၊ ရေးသူ "?" ဟူသော အမည်ဝှက်ဖြင့် 'ဘုရင်နှင့် ကျေးတောသား'၊ 'မေခလာ'၊ 'ကသီကရီ' ဝတ္ထုရှည်များနှင့် ဝတ္ထုတိုများစွာ ရေးခဲ့သည်။ ထင်ရှားသော စာအုပ်အချို့မှာ **သိန်းလေးဆယ် [မဟာဆွေနှင့် ပူးတွဲရေး]၊ အရေးတော်ပုံတပ်သား (၁၉၄၀)၊ တကယ့်အရေးတော်ပုံတပ်သား [၁၉၆၂(?)]ဝတ္ထုများ၊ လုလင်တက်လမ်း (၁၉၃၅?)၊ ထွက်ရပ်လမ်း (၁၉၄၀) နှင့် အား (၁၉၄၄)** ကျမ်းများမှာ အထူးထင်ရှားသည်။

၁၆ ဒီဇင်ဘာ ၁၉၆၂ ည ၁၁ နာရီ ၂၀ မိနစ်၊ အသက် ၅၁ နှစ် အရွယ်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်ခြင်း

ပထမအကြိမ် – (၁၉၄၀) မန္တလေး
သူရိယ သတင်းစာတိုက်
ဒုတိယအကြိမ် – (၂၀၁၆) ရာပြည့်စာအုပ်တိုက်
[ဇူလိုင်လ ၂၀၁၆]
အုပ်ရေ (၇၀၀)

■

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၀၄၂၀]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

မျက်နှာဖုံးပန်းချီ
လင်းဝဏ္ဏ

■

ကွန်ပျူတာစာစီ
Dream City

■

အတွင်းဖလင်
အေဇက်

■

တန်ဖိုး
၃၅၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်ပါသည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

## အတိအလင်း ပေးစာ

ဗမာတစ်မျိုးလုံး ကျွန်ဖြစ်နေတာ နင့်အဖေတစ်ယောက် ဝန်ထောက်ရာထူးကလေး ရတာနဲ့ ကျွန်ဘဝက သခင်ဖြစ်နေတယ်များ အောက်မေ့သလား၊ နင်တို့အိမ်က ပိုက်ဆံပေး ငှားထားတဲ့ အစေခံလောက်... လူစုက ဘုရားထူးတာနဲ့ နင့်ကိုယ်နင်များ မဟာသာကီဝင်သွေး၊ ဘိုးတော်အဥ္စနရဲ့ မြေးလောက် ထင်နေသလား။

ရယ်ချင်တယ် မေခင်ရယ်၊ ဘူ ဘူချင်း မတော့ချင်ပါနဲ့။ ငါဝန်ထောက်သမီးဆိုပြီး နည်းနည်းကြွားချင်ရင်၊ ဟန်ကြီးပန်ကြီး လုပ်ချင်ရင်၊ ငါ ဘယ်သူနဲ့မှ အဖက်မတန်ဘူးလို့ထင်တဲ့ မမှန်တဲ့သွေးကလေး ဝင်လာရင် ဗမာတစ်မျိုးလုံး ကျွန်မျိုးမို့ နင်လည်း ဗမာဖြစ်တဲ့အတွက် တို့လည်း ကျွန်ပါကလား။ တို့အဖေကမှ တိုင်းပြည်က ပေးငှားထားတဲ့ အခွန်တော်တွေကို လခအဖြစ်နဲ့ ယူနေလို့ တကယ့် ကျွန်အစစ်ပါကလားဆိုတာ အိပ်ရာဝင် အိပ်ရာထမှာ မှောက်လို့ဖြစ်ဖြစ်၊ လှန်လို့ဖြစ်ဖြစ် စဉ်းစားပါ၊ သွေးတော့ မကြွးပါနဲ့။

အသားဝါဝါ၊ မျက်လုံးဝိုင်းဝိုင်း၊ ဆံတောက် ဆံရစ်သျှောင်ကြီးနှင့် ကိုယ်လုံးကိုယ်ပေါက်လှလှ ၁၅ နှစ်အရွယ်ခန့်ရှိ ကျောင်းသူကလေးမှာ



mgyoe.com

mgyoe.com
SAMPLE BOOK


အထက်ပါစာကိုရသဖြင့် အံ့ကြိတ်၍ ဒေါသဖြစ်လျက် မျက်ရည်များလည် ကာ အဆိုပါစာကို အတန်းဆရာအားပြရင်း ကြိတ်မနိုင် ခဲမရ ဖြစ်နေပုံ ကလေးမှာ ဘီလူးထွက်၍ ကြိမ်းသလို ကြောက်စရာပုံ မပေါက်ဘဲ လှသူမို့ ဒေါသမာန်ကလေး ဝင်နေပုံမှာ ချစ်ချင်စဖွယ် ရှိသူဟု အတန်းသားလူငယ် များ၏ စိတ်၌ ထင်ကြလျက် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ "ကောင်မလေး ဒေါ်ထနေတာ ချစ်ပစ်ချင်စရာ မကောင်းဘူးလား"ဟူသော အနေမျိုးဖြင့် တစ်ဦးကိုတစ်ဦး မေးငေါ့ကာ၊ မျက်စပစ်ကာ ပြနေကြလေ ၏။ ရေးထားသော စာကိုလည်း ဘာများ ရေးထားပါလိမ့်ဟု သိချင် ကြဟန်ဖြင့် တစ်ယောက်ကိုတစ်ယောက် မေးသူက မေးလျက်ရှိစဉ်...

အတန်းဆရာက အထက်ပါစာကို ဖတ်နေရာမှ ချထားပြီး တည် ကြည်သော ဣန္ဒြေဖြင့် ကျောင်းသားများဆီသို့ ကြည့်ကာ...

'ကျောင်းသားများ၊ မောင်တို့ဟာ ပညာသင်ဖို့ ကျောင်းမှာ လာနေ ကြတယ်။ ပညာပေးတယ်ဆိုတာ သင်ခန်းစာ စာအုပ်များကို သင်ပေးရုံနဲ့ ဆရာတို့မှာ တာဝန်မကုန်သေးဘူး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ကျန်းမာ သန့်ရှင်းရေးနဲ့ လူတန်းစေ့ တွေးတောမြော်မြင်နိုင်တဲ့ အသိဉာဏ်မျိုးကို ပေးဖို့ တာဝန်ရှိတယ်။ ဆရာတို့ ပေးနိုင်သရွေ့ ပေးခဲ့တာလည်း မောင်တို့ သိကြပြီ။ ခုလို သင်ပေးနေတဲ့ အထဲကမှ မယဉ်ကျေးတဲ့ အပြုအမူမျိုး ဖြစ်တဲ့ ကိုယ့်အမျိုးသမီး ကျောင်းသူကလေးတစ်ဦးကို မခံသာအောင် စိတ် အလျောက် မာန်အလျောက် ရေးခဲ့တာ တွေ့ရတယ်။ ဒီလို အပြုအမူမျိုး ကို အောက်တန်းစားကလေးများ၊ ပညာမလုံလောက်သေးတဲ့ ကျေးရွာသား များ၊ ဇရပ်မှာ မီးသွေးနဲ့ခြစ်တဲ့ အလေ့မျိုးကို အထက်တန်းကျောင်းကြီးရဲ့ အမြင့်ဆုံး အတန်းသားများက ပြုကြတဲ့အတွက် ဆရာ ဝမ်းနည်းမိတာပဲ။

'ရေးတဲ့သူဟာ ဖော်ထုတ်ပြောသင့်ပြီ၊ ကိုယ့်အမှားကို သတိရပြီး အမျိုးသမီးကလေးကို ကျေရာကျေကြောင်း တောင်းပန်သင့်ပြီလို့ ဆရာ ထင်တယ်...'

အတန်းဆရာသည် လေးနက်စွာ တစ်လုံးစီပြော၍ အတန်းသား အားလုံး၏ မျက်နှာကို တစ်ယောက်စီ၊ တစ်ယောက်စီကြည့်၍ အကဲခတ် လေ၏။ ကျောင်းသားများမှာလည်း မိမိတို့ အကြည်ညိုဆုံး၊ အချစ်ဆုံး


mgyoe.com

mgyoe.com
SAMPLE BOOK


ဆရာတစ်ယောက်၏ လမ်းကျသော စကားများအတွက် မိမိတို့ မဟုတ်ကြောင်းကို ထင်ရှားစေရန် မျက်နှာရဲရဲပြကာ ခေါင်းဖော်၍ နေကြလေ၏။ "ဘယ်သူများ ရေးပါလိမ့်"ဟူသော အတွေးမျိုးဖြင့် တစ်ယောက်ကို တစ်ယောက် အကဲခတ်သော မျက်လုံးများဖြင့် လှမ်း၍ ကြည့်ကြလေ၏။

အတန်းဆရာက ဆက်၍...

'အတိအလင်း ပေးစာဆိုတာ ခေါင်းစဉ်တပ်ထားလို့ တစ်ကြောင်း၊ ဒိုးဒိုးဒေါက်ဒေါက် ရေးထားလို့တစ်ကြောင်း၊ မှန်တယ်လို့ ထင်စရာရှိတာပဲ။ ဒီလို ဒိုးဒိုးဒေါက်ဒေါက် အတိအလင်း လုပ်တာဟာ လူရဲများ၊ သတ္တိရှိတဲ့ လူများရဲ့ အမူအရာမျိုးပါပဲ။ ဒါပေမဲ့ ရေးတဲ့သူဟာ ကိုယ့်အမည်နာမကို ဖော်ပြမထားတော့ ရှေ့နောက်မညီဘူး။ အဖျားရှူးသွားတယ်။

'ယခုကိစ္စဟာ တစ်ယောက်တည်းအတွက် အတန်းသား အားလုံးရဲ့ ဂုဏ်သရေကိုလည်း ထိခိုက်တာပဲ မဟုတ်လား။ အကယ်၍ ဆရာကြီးဆီ ရောက်အောင် အခုကိစ္စကိုပို့ပြီး စစ်ဆေးရရင် သာဆိုးသွားမယ်၊ တကယ် သတ္တိရှိတဲ့ လူတော်များဟာ ကိုယ်လုပ်တဲ့ အမှား၊ ကိုယ့်မှာရှိတဲ့ အပြစ်အတွက် တခြားကို ဘယ်နည်းနဲ့မှ ထိခိုက်စေမှာ မဟုတ်ဘူး။ မောင်တို့ဟာ ကမ္ဘာ့အာဇာနည်များ အကြောင်းကို ဖတ်ဖူး၊ နာဖူးကြရဲ့ မဟုတ်လား။ ဗမာ့ အာဇာနည်၊ ဗမာ့သူရဲကောင်းတွေရဲ့ ခြေရာကို နင်းမဲ့သူများလို့ ဆရာ ထင်တယ်။

'ဆရာ ဒါပဲ ပြောပါရစေတော့။ ကိုယ့်မှာ အပြစ်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မိမိလုပ်တာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ တစ်ဖက်သား နာကြည်းပြီး မျက်ရည်ကျတာကိုထောက်ရင် မှားတာ မှန်တာကို အပထားပြီး ကာယကံရှင် ကျေနပ်အောင် ပြောပြစေချင်တာပဲ၊ ဟုတ်တယ် မဟုတ်လား'

(အကယ်၍သာ အတန်းဆရာသည် အခြားသူများ ပြောရိုးပြောစဉ်အတိုင်း 'မင်းတို့လုပ်တာ ဘာကောင်းသလဲ။ ခွေးလို လုပ်တယ်၊ အသုံးမကျဘူး။ လုပ်တဲ့လူ ထွက်ပါ။ မင်းတို့ သူရဲဘော နည်းလို့လား။ တစ်တန်းလုံး ဒုက္ခဖြစ်သွားမယ်။ မိန်းကလေးတစ်ယောက်ကို မှိုချိုး မျှစ်ချိုး နှစ်နာအောင်၊ အခံခက်အောင် နှမချင်းမစာ လုပ်တာ လူကောင်းများ လုပ်


mgyoe.com

mgyoe.com
SAMPLE BOOK


တဲ့ ကိစ္စမျိုး မဟုတ်ဘူး…'စသဖြင့် ပြောလျှင် စိတ်ကောင်းရှိ၍ ကြွပ်ဆတ်ဆတ် ဖြစ်တတ်သူ မှန်သမျှ အပြစ်မရှိဘဲ ရော၍ အဆူခံရသည့်အတွက် နာကြည်းဒေါပွကာ၊ မိန်းကလေးဘက်မှ လိုက်သည်ဟု ထင်မြင်ကာ စိတ်ဆိုးမိပြီး အကယ် အပြစ်ကျူးလွန်သူကလည်း ပို၍ဒေါပွကာ မဖော်ရုံမက ဆရာလုပ်သူအားပင် ရော၍ငြိုးမည် ဖြစ်လေ၏။)

မျိုးတင့်သည် စကားဆုံးလျှင် ဆရာနှင့် အနီးဆုံး ရှေ့တန်းခုံပေါ်တွင် ရင်ကိုကော့၍ ခပ်ဆန့်ဆန့် ထိုင်နေရာမှ မတ်မတ်ရပ်လိုက်လေ၏။ အတန်းသားများလည်း အံ့ဩခြင်း၊ လှုပ်ရှားခြင်းဖြင့် မျိုးတင့်ကို ဝိုင်း၍ကြည့်ကြရာ အတန်းဆရာက မျိုးတင့်ဘက်သို့ လှည့်ပြီး…

'မောင်မျိုးတင့် ဘာများ ပြောစရာရှိသလဲ၊ စာရေးတဲ့လူကို သိလို့လား…'

ဆရာ့အား တိုင်သော မိန်းမပျိုမှာ "မျိုးတင့်"ဟု ခေါ်သံကြားလျှင် နှုတ်ခမ်းစူကလေးနှင့် မျက်စောင်းလှမ်း၍ထိုးပြီး ချာခနဲ လှည့်သွားလေ၏။ သူ့မျက်နှာ အမူအရာကို ကြည့်ခြင်းအားဖြင့် "မအေပေး… သူရေးမှာပဲ…" ဟု စွပ်စွဲနေပုံ ပေါ်လွင်နေ၏။

'ဟုတ်ကဲ့ ဆရာ၊ ရေးတဲ့လူကို သိလို့ပါ…'

'ဒါဖြင့် ပြောပြပါကွယ်၊ ဆရာလည်း ကျေးဇူးတင်ပါ့မယ်၊ တပည့်မ မမေခင်လည်း ကျေနပ်အောင် ဆရာ တောင်းပန်ပေးပါ့မယ်။ အတန်းသားများလည်း သူ့ထင်နိုး၊ ငါ့ထင်နိုးနဲ့ စိတ်စနောင့်စနင်း မဖြစ်တော့ဘူး။ ပြောပါ… ပြောပါ'

'ရေးတဲ့လူဟာ ကျွန်တော်ပါပဲ။ နာမည်မထည့်တာ ကြောက်လို့တော့ မဟုတ်ပါဘူး။ လက်ရေးမြင်ရင် သူသိမှာပဲ၊ သိလို့ မခံချင်ရင် ပြောချင်တာ ပြောပေ့စေ၊ လုပ်ချင်သလို လုပ်ပေ့စေ၊ ကျွန်တော် သတိပေးတာကို မှန်တယ် ထင်လို့ နာယူရင်လည်း ဝမ်းသာမှာပဲဆိုပြီး ရေးတာပဲ၊ ကျွန်တော်ကတော့ ကျွန်တော့်အလုပ် လမ်းမှန်တယ်လို့ ထင်တယ်၊ သူ မကျေနပ်ရင် ဆရာပေးတဲ့ အပြစ်ကို ကျွန်တော် ခံရုံပဲ'ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်ရာ၊ အတန်းသားများမှာ မျိုးတင့်၏သတ္တိကို သိရင်းဖြစ်၍ အထူးမအံ့ဩတော့ချေ။ ဆရာ မည်သို့ ဆုံးဖြတ်မည်ကိုသာ သိလိုဇောနှင့် စောင့်၍ နားထောင်နေကြလေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK


'မောင်မျိုးတင့်က ကိုယ်တိုင် ဝန်ခံပါပြီတဲ့၊ တပည့်မ မမေခင်က ဘယ်အပြစ်ပေးမှ ကျေနပ်မယ်ဆိုတာ ဆရာ ပြောပါဦး'

'အဖက်မတန်တဲ့ အကောင်နဲ့ မတုချင်ပါဘူး ဆရာ၊ ခွေးလေး ကြမ်းပိုး အမှုအရာမျိုး၊ အလေ့မျိုး လုပ်တဲ့အကောင်ကို ဆရာ သဘောရှိ ဆုံးမပါ၊ ကျွန်မတော့ ဒီကောင်နဲ့လည်း မပြောချင်ပါဘူး၊ အဖက်လည်း မတန်ပါဘူး'

'မမေခင်က ဒေါသရှေ့မထားနဲ့ကွယ်၊ အလိမ္မာဖက်မှပေါ့။ ကိုယ့် အတန်းသားချင်းတွေပဲ၊ မှားတဲ့လူက မှားကြောင်း ဝန်ခံရင် ကာယကံရှင် က ကျေနပ်ပြလိုက်တော့ သဘောထားကြီးရာလည်း ရောက်တယ်၊ သူငယ် ချင်း မောင်နှမတွေလိုဟာ မေတ္တာမပျက် ခင်ခင်မင်မင် နေမြဲနေကြရတော့ စိတ်ချမ်းသာရတာပေါ့။ စကားကို ပြင်ပါဦး'

မျိုးတင့်မှာ မေခင်၏ စကားဖြင့် နားထဲတွင် တမာလှည်းကြီး ဝင်သွားသလို ခါးခနဲ နင့်ခနဲ ရှိလှသော်လည်း ဆရာ့အား ထောက်ထား သဖြင့် ပြောချင်သော စကားများကို အံကြိတ်မျိုသိပ်ကာ နှုတ်ခမ်းများကို ထိ၍ မျက်နှာတင်းတင်းထားလျက် ဘာမှမပြောဘဲ နေလေ၏။

'သူ့လိုကောင်မျိုးနဲ့ သူငယ်ချင်း မိတ်ဆွေမဖြစ်ရတော့ သာကောင်း တာပေါ့ ဆရာ၊ လူလူချင်းသာ မိတ်ဆွေအဖြစ်နဲ့ နေဖို့ကောင်းတာပဲ၊ မိတ်ဆွေအဖြစ်နဲ့ ခင်ဖို့နေနေသာသာ မျက်နှာတောင် မကြည့်ချင်ဘူး'ဟု စူဆောင့်ကာ ကြမ်းပြင်ကို ဆတ်ဆတ်ကလေးနင်း၍ သူ့စားပွဲခုံဆီသို့ ထွက် သွားသဖြင့် မျိုးတင့်မှာ ချုပ်ထား၍ အောင့်နေရသော စကားများမှာ ဒေါသအလျောက် ထောင်းခနဲ ထွက်လာပြီး...

'ဆရာ... ကျွန်တော့်ကို သူပြောတာ လွန်နေပြီ၊ ကျွန်တော် ရေးတဲ့စာဟာ သူ့ကို မှန်တဲ့အတိုင်းရေးပြီး လိမ္မာအောင် သတိပေးတာ၊ သူ မာနကြီးတာကို မြော်မြင်တတ်အောင်၊ သွေးနားထင်ရောက်နေတာကို နှိမ့်ချအောင်၊ ကျွန်ဖြစ်နေတာ သခင်ထင်မှာစိုးလို့ ကျွန်မှန်းသိအောင် သတိ ပေးတာ။ သူက ကျွန်တော့်ကို လူမဟုတ်ဘူးဆိုတော့ အစိုးရာယ်အများကြီး ရတာပဲ။ သို့သော်... လူမဟုတ်ဘူးဆိုတော့ နတ်သားကလေးမို့ သူ့ထက် အဆင့်အတန်းမြင့်လို့ မိတ်ဆွေအဖြစ် မနေနိုင်ဘဲ ကိုးကွယ်ချင်တဲ့ သဘော ထားချင်လည်း အကိုးကွယ် မခံပါဘူး'


mgyoe.com

mgyoe.com
SAMPLE BOOK


အတန်းသားများမှာ တိုင်ပင်မထားရဘဲ ဝေါခနဲ ဆူညံအောင် ရယ်ကြလေ၏။

'တော်ပါ မောင်မျိုးတင့်ရယ်၊ မင်းကလည်း ထပ်မပြောနဲ့တော့၊ တစ်ယောက်ကိုတစ်ယောက် ဒါ့ထက်ပိုပြောရင် ပိုဆိုးကြလိမ့်မယ်၊ ခုဟာ တစ်ယောက်ကိုတစ်ယောက် နာအောင်ရေးလို့၊ နာအောင်ဆိုမိကြလို့ ကျေ သလောက်ဖြစ်နေပြီ။ မောင်မျိုးတင့်က ယောကျာ်းလေးလည်း ဖြစ်တယ်၊ မင်းကလည်းစပြီး လွန်ထားတယ်ဆိုတော့ မှားတဲ့အကြောင်း နှုတ်နဲ့ဖြစ်ဖြစ်၊ စာနဲ့ဖြစ်ဖြစ် တောင်းပန်ပါ။ ဒီလို တောင်းပန်ရင် မမေခင်ကတော့ ကျေ နပ်ရဲ့ မဟုတ်လား၊ ကျေနပ်အောင် ဆရာကပါ တောင်းပန်ပါတယ်ကွယ်'

'ဆရာ ဆုံးဖြတ်ရာ ကျွန်မ ပြောစရာ မလိုတော့ဘူး ဆရာ၊ သဘောတူပါတယ်၊ သူ့ကို မကျေနပ်တောင် ဆရာ့ကို ရိုသေလို့ ဆရာ့ စကား နားထောင်ပြီး ကျေပါ့မယ်'

'ကဲ... မောင်မျိုးတင့်က တောင်းပန်လိုက်ပါကွယ်'

'ဟုတ်ကဲ့ ဆရာ၊ ဒါပေမဲ့ ခုချက်ချင်း တောင်းပန်ဖို့ မတတ်နိုင် သေးလို့ ဆရာ မနက်ဖြန်ထိ ခွင့်ပြုပါ'

'ခု တောင်းပန်ရင်ကောကွယ်၊ ပါးစပ်ကပြောရင် ပြီးတာပဲ'

'ဆရာ့စကားကို မပယ်ချင်ပါဘူး ဆရာ၊ သို့ပေမဲ့ ကာယကံရှင် မမေခင် မကျေနပ်နိုင်အောင် ပြုမိတဲ့ အပြစ်ကြီးက ကြီးလွန်းလို့ ဒီအပြစ် ကြီး ကျေပြီး ကျေနပ်အောင် တောင်းပန်ရမယ့် စကားလုံးတွေ အတော်ပဲ ရှာရဦးမယ်၊ ဒါကြောင့် စဉ်းစဉ်းစားစား အချိန်များများရဖို့ ခွင့်ပြုပါဆရာ'

အတန်းဆရာလည်း ဣန္ဒြေနှင့် နေလိုက်ရသော်လည်း ဝမ်းထဲမှ ပြုံးမိရာ ဆရာ၏ ပြုံးချင်ပုံ ပေါ်နေသည်နှင့် တပည့်များလည်း အသံထွက် အောင် ရယ်ကြလေ၏။ မေခင်ကမူကား မျက်စောင်းနှင့်ချိတ်လိုက်ပြီး... 'သူက ကြီးကျယ်လို့၊ စကားတောင့်စား သားက။ ရှေ့နေယောက်ဖ' ဟု တိုးတိုးတိတ်တိတ် ရေရွတ်သံ ကြားလိုက်ရလေ၏။

နောက်တစ်နေ့ ကျောင်းတက်ချိန်တွင်ကား အတန်းဆရာသည် မျိုးတင့် လာပေးသော တောင်းပန်စာကို ဖတ်ရင်း မပြုံးဘဲ မနေနိုင်အောင် ရှိလေသည်။


mgyoe.com

mgyoe.com
SAMPLE BOOK


ဘုရား ကျွန်တော်မျိုး ငမျိုးတင့် ရှိသေစွာ ခြေတော်ရင်းကို ဦးခိုက်လျက် အရှင်မ သခင်မကြီးဘုရားထံ ဝပ်တွားရှိကျိုး လက်အုပ်မိုး၍ ရှိခိုးတောင်းပန် အသနားခံပါသည် ဘုရား။

သခင်မကြီး မမေခင်အား ကျွန်တော်မျိုး ရေးမိသော စာအတွက် အလွန်တရာ ကြီးလေးသော ရာဇဝတ်ပြစ်မှုကြီးကို ကျူးလွန်ရာ ရောက်ပါသည်ဟု အရှင်သခင်မကြီး ထင်တော်မူပါသဖြင့် ထိုအပြစ်မှ ချမ်းသာခွင့် ပေးပါရန် ဤကဲ့သို့ တောင်းပန်ရခြင်း ဖြစ်ပါသည်။

ဗမာလူမျိုး ကျွန်မျိုး သက်သက်မှ ပေါက်ဖွားလာသော ငမျိုးတင့်သည် ဝန်ထောက်တော်မင်း၊ ဗြိတိသျှ အင်ပါယာ နိုင်ငံတော်ကြီးသားမှ ဆက်နွယ် ပေါက်ဖွားတော် မူခဲ့သော အင်ပါယာ နိုင်ငံတော်ကြီးသူ သခင်မဘုရား ထိပ်ထားမမေခင်ကို နှုတ်ဖြင့် လည်းကောင်း၊ စာဖြင့် လည်းကောင်း ပြောမှား ဆိုမှား စကားမချေမငံ ပြုမိသည်မှာ အရိုင်းအစိုင်းမျှ ဖြစ်ပါ၍ အမြော်အမြင် ကြီးမား သနား ကြင်နာတတ်သူ အရှင်မကြီး၏ ကရုဏာတော်ဖြင့် ကျွန်တော်မျိုး၏ တောင်းပန်ချက်ကို လက်ခံ ကျေအေးတော်မူပါမည့်အကြောင်း လေးလေးနက်နက် အစီရင်ခံပါသည် ဘုရား။

ကျေးတော်မျိုး... ကျွန်တော်မျိုး...

ငမျိုးတင့်

အတန်းဆရာသည် ပြုံးနေရာမှ မျိုးတင့်ဆီသို့ ကြည့်ပြီး–

'ရိုးရိုးကလေး ရေးပါဦးကွယ်၊ ဒီလိုရေးတော့ စိတ်ကောင်း စေတနာကောင်းနဲ့ ရေးဦးတော့၊ ငေါ့ပြီး မခံချင်အောင် စ သလို ဖြစ်ပြန်ရင် ငြိမ်းပြီးသား မီးဟာ ပြန်ပြီး မွှေးသလို ဖြစ်မနေဘူးလား၊ ပြင်ပါကွယ် မောင်မျိုးတင့်ရယ်'

'တကယ့်စေတနာရင်းနဲ့ ရိုရိုသေသေ ရေးတာပါ ဆရာ၊ မပြင်ပါရစေနဲ့တော့၊ ငေါ့တာ မဟုတ်ပါဘူး ဆရာ၊ စေတနာ သန့်ရှင်းပါတယ်၊ မနေ့က ဆရာ့ဆီ ခွင့်တောင်းကတည်းက စကားလုံးကောင်းကောင်း၊ ရိုသေတာတွေ ရွေးပြီးသုံးဖို့လို့ ပြောခဲ့ပါတယ်၊ ဒါကြောင့် မပြင်ပါရစေနဲ့တော့ ဆရာ'


mgyoe.com

mgyoe.com
SAMPLE BOOK


'မဟုတ်ပါဘူးကွယ်၊ ဆရာ့စကား နားထောင်ပြီး ပြင်လိုက်ပါ၊ သို့မဟုတ်ရင်လည်း ပါးစပ်က ပြောတာပေါ့၊ ဟုတ်လား'

'ဆရာ့ကို ရိုသေပါတယ် ဆရာ၊ ဆရာ့စကားကို နားထောင်တဲ့ အတိုင်း ကျွန်တော် တောင်းပန်စာ ရေးပါပြီ၊ ဒီတော့ ရေးထားတဲ့အတိုင်း ပေးပါရစေ ဆရာ၊ ဒါတော့ ခွင့်ပြုပါ'

မေခင်နှင့် အဖော်ကျောင်းသားနှစ်ဦး ကျောင်းခန်းတွင်းသို့ ဝင်လာသဖြင့် အတန်း ဆရာက 'မမေခင်... ဒီ ခဏ'ဟု လှမ်းခေါ်၍ မေခင် ဆရာ့ရှေ့ လာရပ်စဉ်...

'မောင်မျိုးတင့်က သူရေးတဲ့အတွက် နှုတ်ကပဲ တောင်းပန်ပါသတဲ့၊ ဆရာကလည်း ကျေနပ်ဖို့ တိုက်တွန်းပါတယ်၊ မောင်နှမတွေဟာပဲ စိတ်ဝမ်း မကွဲကြပါနဲ့ကွယ်၊ ကြားလား... နှစ်ယောက်စလုံး'

'မဟုတ်ပါဘူး ဆရာ၊ မမေခင် ပိုပြီး ကျေနပ်အောင် ကျွန်တော် ရေးတဲ့ တောင်းပန်စာကလေးလည်း ပေးပါရစေ'ဟု အတန်းဆရာ၏ စားပွဲတွင် ချထားသော ယခင်စာကို လှမ်းပေးရာ၊ မေခင်က လှမ်း၍ယူပြီး မျက်နှာထားနှင့်ဖတ်ရာ အတန်းဆရာမှာ မပြောသာဘဲ ကြည့်နေရလေ၏။

သဘောပြည့်ဝ၍ ညင်သာစွာ ဖျောင်းဖျ ဆုံးမလေ့ရှိသော ဆရာကောင်းတစ်ဦး ဖြစ်သည့်အတိုင်း မိမိအလိုကို ဆန့်ကျင်၍ လွန်ဆန်သော တပည့်တစ်ဦးအား နာနာပြော၊ ပြင်းပြင်းထန်ထန် ကွပ်ညှပ် ဆုံးမခြင်းထက် တော်ရုံတန်ရုံ အမှားများကို တပည့်များကိုယ်တိုင် မှားကြောင်း သိစေပြီးမှ ဝန်ခံစေသည့်အခါ တပည့်များသည် ဆရာ့အပေါ်တွင် မှားမိသည့်အတွက် နောက်ထပ်မမှားမိစေရန် ကျိုးနွံစွာ စောင့်စည်းရိုသေကြပေါင်း များသည်ကို အတန်းဆရာသည် အတွေ့အကြုံ များပြီဖြစ်၍ ယခုတစ်ကြိမ်လည်း ကြည့်နေလိုက်ခြင်း ဖြစ်လေ၏။

'ဒါက ဘာသဘောလဲ၊ ငေါ့တော့တော့နဲ့ ထပ်ပြီးတော့ စ ပြန်တာလား'

'မငေါ့ပါဘူး ခင်ဗျာ၊ တကယ့် စေတနာရင်းနဲ့ တကယ် ရိုရိုသေသေ ရေးတာပါ'ဟု မျိုးတင့်က ကိုယ်ကိုယို့ပြီး အသနားခံသလို ပြောရာ ရုပ်ရှင်ဇာတ်လမ်းများတွင် မာနကြီးသော ဇာတ်လိုက်မင်းသမီးကို


mgyoe.com

mgyoe.com
SAMPLE BOOK


မင်းသားက အပျော့ဆွဲချွဲပုံမျိုးနှင့် တူနေသောကြောင့် မေခင် ခါးထောက်၍ ထန်မာန်နေသော နှုတ်ခမ်းနှင့် မျက်နှာထားပုံ၊ မျိုးတင့်၏ အောက်ကျို့ ဟန် အမူအရာတို့မှာ ဒါရိုက်တာ အသင်အပြကောင်း၍ တကယ့်သရုပ်ပေါ်ကာ ဖြစ်နေသလို မြင်ရသော အတန်းသားများမှာ 'ကိုဘတင့်က ဒီလောက်ပြောနေမှ မေမေဝင်းက လျှော့ပေးဖို့ ကောင်းပါတယ်ဗျာ'ဟု မကြားတကြား ပြောကြသောကြောင့် မေခင်မှာ ဒေါကလေးနှင့် မျက်စောင်းချိတ်ပစ်လိုက်ရာ ကျောင်းသားများက ဣန္ဒြေနှင့် လုပ်နေလိုက်ကြသောကြောင့် ကြောင်၍ သွားလေ၏။

'ရော့… ရှင့်စာ၊ ဒီကသဘောနဲ့သာဆိုရင် ဘယ်တော့မှ မကျေဘူး၊ မှတ်ထား၊ ဆရာက တောင်းပန်ရင် ကျေပါဆိုလို့'ဟု ပြောပြောဆိုဆို စာကိုပစ်ပေးပြီး သူ့နေရာ သွား၍ ထိုင်နေလေသည်။

အတန်းဆရာမှာ ရှေ့သို့ ဆက်လက်ပြောလျှင် ပို၍ကဲလာမည်ကို သိသဖြင့် သင်ခန်းစာများကို ဆက်လက်ပြနေတော့၏။

'လေချိုသွေးတယ်၊ အပျော့ဆွဲဆွဲတယ်၊ ကိုဘတင့်က မေမေဝင်းကို အသနားခံပါတယ်တဲ့' မြမောင်က မျိုးတင့်အားပြောရင်း အမူပါပါပြသဖြင့် မျိုးတင့်က ပြုံးနေလိုက်ရသော်လည်း နားစွန်နားဖျား ကြားသွားသော မေခင်၏သူငယ်ချင်းမ မကြင်ရီက ခစ်ခစ်မြည်အောင် ရယ်ရင်း မေခင်ကို ကြည့်သဖြင့်…

'တော်ပါ… ဒီကောင်နဲ့များ ပတ်သက်လို့ ဘာမှ မကြားချင်ပေါင်' ဟု မေခင်က ဒေါကလေးနှင့် ကြိမ်းလေ၏။

'မေမေဝင်းရယ် သနားလိုက်ပါ၊ သူ့ခမျာ တကယ်နောင်တရလို့ပါ တဲ့၊ ကျေပါကွယ်၊ ကျေလိုက်ပါ၊ သနားလိုက်ပါ'

'သနားရင် ညည်းယူလိုက်၊ ညည်းလင်…ညည်းလင်'

'ကိုဘတင့်က ညံ့ပါသေးတယ်ဗျာ၊ တောင်းပန်တယ်ဆိုတာ ဘုရားကျွန်တော်မျိုး ငမျိုးတင့် ရှိခိုးလျှောက်ထား အသနားခံပါသည် ရေးရုံနှင့် ရတာမဟုတ်ဘူး၊ မျက်ရည်ကလေးလည်း ဝဲချင်သယောင်ယောင်၊ ရှာတော့ မယ့် မိုးလိုပေါ့ဗျာ၊ ပြီးတော့ သူ့ခြေသလုံးသား နုနုကလေးကိုပဲ ဖက်ပြီး ခေါင်းနဲ့တိုက်တော့ မလိုလို၊ သနားသွားအောင် မျက်နှာအမူအရာကလည်း


mgyoe.com

mgyoe.com
SAMPLE BOOK


ရာထူးဝတ်နေတဲ့ အမတ်ဟာ ဝန်ကြီးချုပ် အဖွဲ့ကို မနက်ဖြန်ပဲ ဒီရာထူး မရရင် ဝတ်သေတော့မလောက်၊ အမတ်ရွေးပွဲတုန်းက ကုန်ထားရတဲ့ ကြွေးရှင်တွေကပဲ မနက်ဖြန် ဝရမ်းနဲ့ ဖမ်းတော့မယ်လုပ်လို့ မဟာအရှက်တော်ကြီး ကွဲမယ့်ပုံမျိုးနဲ့…'

'တော်ပါ မြမောင်ရာ၊ မင်း ငါ့ကို ဆဲချင်ဆဲ၊ ဝန်ကြီးချုပ်တွေနဲ့တော့ မနှိုင်းပါနဲ့၊ ငါ စိန်စားပြီး သေပစ်လိုက်မယ်၊ ဒီကောင်မကိုလည်း ငါက ဂရုမစိုက်ဘဲ ခွတိုက်နေလို့ပါကွ၊ တကယ်ချော့ရင်လား…'

'ကြွားပေး… ကြွားပေး၊ ဗိုက်ခွန်လွှတ်စေမယ် ဆိုတာထက်တောင် လေထွားလာပြီ'

'တကယ်ပါ မြမောင်ရ၊ ငါလို ကောင်မျိုးလား၊ သူ့လိုဟာကို အရေးမလုပ်ချင်လို့'

'ဟို… မအေပေးဟာ… ဘာပြောနေတာလဲ မကြင်ရီ၊ ကျွန်မ အကြောင်းလား'

'ပါပေါ့ မေမေဝင်းရယ်၊ အေးလေ… မမေခင်ရယ်၊ ကိုမျိုးတင့်ဟာ မမေခင်အကြောင်း မပြောရင် ဘာစကားဖြစ်မလဲ၊ ဒါကလေးတော့ ထည့်မှာ အမှန်ပါ၊ သုံးလေးတစ်လေး ပေးရဲပါရဲ့၊ ရှင့်အကြောင်း မုချ'

အတန်းဆရာသည် ထိုနေ့ အဖိတ်နေ့ဖြစ်သောကြောင့် လောကုတ္တရာအကြောင်း ဟောပြောချိန် ရောက်သဖြင့် ဖိုးဦးတောင်အကြောင်း၊ ဖိုးဝန်းတောင် အကြောင်း၊ ပုပ္ပားတောင်ကလပ် အကြောင်းမှစ၍ ပွေးဖို ပွေးမ အကြောင်းများကို ရောက်သွားလေ၏။

'လူသတ္တဝါတို့ စိတ်ဓာတ်ဟာ သိပ်ပြင်းထန်တယ်။ အကယ်၍သာ ကောင်းတဲ့ဘက်ဖြစ်ဖြစ် မကောင်းတဲ့ဘက်ဖြစ်ဖြစ် တစ်ယူသန် စွဲမြဲမိရင် ဒီစိတ်ဓာတ်ဟာ ဘဝအစဉ်အဆက် လိုက်တော့တာပဲ။ ပွေးမရဲ့မေတ္တာဟာ ပွေးဖိုအပေါ်မှာ ဝိမ်းပျက်ပြီး မုန်းမိတော့ လူဖြစ်လာတဲ့ ဘဝတောင် ကိုယ့်လင် ဒုတ္တပေါင်မင်းကြီးရဲ့ ပျက်စီးရာ ပျက်စီးကြောင်း၊ ကျက်သရေ ယုတ်ရာယုတ်ကြောင်းကြံပြီး ဖျက်လိုက်တော့ နှစ်ဦးလုံး လောကအကျိုး၊ သံသရာအကျိုး ပျက်ရရှာတာပဲ။ ဒါကြောင့် စိတ်ကိုသန့်ရှင်းအောင်၊ ကြည်


mgyoe.com

mgyoe.com
SAMPLE BOOK


လင်အောင်၊ လူသတ္တဝါတွေနဲ့ ကမ္ဘာကြီးအပေါ် ချစ်နိုင်အောင် မွေးကြဖို့။ ဒါဟာလည်း ပါရမီဖြည့်ခြင်း တစ်မျိုးပဲ။ ကိုယ်က ချစ်မှ လူတကာရဲ့ အချစ်ကို ခံရမှာ'

'ဒါဖြင့် ဆရာ... ကိုယ်ကချစ်တိုင်း သူက ပြန်ချစ်ရမယ် ဆိုရင် မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက်က အသေအလဲ ချစ်ပြီး ဟိုကပြန်ချစ်တာ မခံရတာတွေဟာ ပြည့်လို့ပဲ မဟုတ်လား ဆရာ၊ တချို့ စိန်စားသေကြ၊ ဓားနဲ့ထိုး၊ ရေထဲဆင်းသေ၊ အဆိပ်သောက်နဲ့၊ ဒါ တော့ ဘယ့်နှယ်လုပ်မလဲ'ဟု မြမောင်က မေးလေ၏။

'ဒါကတော့ ဒီလိုရှိတယ်၊ ကိုယ်က ချစ်ပါတယ်ဆိုပြီး သူ့ဆီက အချစ်ကို ခံရအောင် စိတ်ကလည်းချစ်၊ လက်ရောနှုတ်ရော အားလုံး သိ စေရမယ်ပေါ့၊ ဒါဟာ မိန်းကလေးကို ကိုယ်ထိလက်ရောက် စော်ကားရမယ် ပြောတာ မဟုတ်ဘူးနော်၊ အယူလွဲပြီး လက်ဆွဲမိလို့ ဂါတ်ရောက်၊ ရုံး ရောက်ရင် ဆရာပါ နည်းပေးလမ်းပြဆိုပြီး နာမည်ပျက်ဦးမယ်'

ကျောင်းသားများမှာ သောလုံးကလေးကို သဘောတွေ့ပြီး ရယ်ကြ လျက် ကျောင်းသူကလေးများမှာ အချင်းချင်း ပြုံး၍ကြည့်ပြီး ငုံ့နေကြလေ သည်။

'စိတ်ကလည်း တကယ်ချစ်၊ နှုတ်ကလည်း သူ့ညွှတ်လာအောင် သူ့ဆန္ဒ သူ့သဘော၊ သူ့အလိုက်ကို ချိုချိုသာသာ လိုက်ရော၊ လက်က သူ့ဆန္ဒကိုဖြည့်ပြီး ဆောင်ရွက်ပေး၊ သွားချင်တယ်ဆို လိုက်ပို့၊ လိုချင်တာ ကလေးဆို ချက်ချင်း ပြေးဝယ်ပေး၊ ဘုရားသွားတဲ့အခါ ပန်း ဆီမီး သူ့ကို ပေး၊ နှစ်သစ်ကူးရင် လက်ဆောင်ကလေး ဝယ်ပေးဖို့ မမေ့နဲ့။ သူက စိတ်ဆိုးအောင်ပြော၊ စိတ်ဆိုးအောင် လုပ်ပေမဲ့ ကိုယ်က အပြုံးမပျက် သည်းခံနိုင်ကြောင်း ပြ'

'ဒါနှင့် ကိုယ်က ဒါလောက် အလိုလိုက်နေတော့ ဒီကောင် နွားပဲ၊ ငါ အမဲတစ်စီးတော့ ရပြန်ပြီလို့ မိန်းကလေးက သဘောထားပြီး လိုမ့် လိုမ့်နေရင် အရှုံးမဖြစ်ဘူးလား ဆရာ'

'နွားလို အခြေမျိုးရောက်အောင် လုပ်တဲ့လူတွေတော့ နွားအထင် ခံရရင်လည်း ဝမ်းနည်းစရာ မရှိပါဘူး၊ ဒါပေမဲ့ ကိုယ့်ဖို့ သူ့ဖို့ မျှတပြီး


mgyoe.com

mgyoe.com
SAMPLE BOOK


ပါးရည်နပ်ရည်ရှိတဲ့ လူတွေဆိုရင် သူ့အကြိုက်လိုက်ပြီး ကိုယ့်ဆန္ဒကိုလည်း သိအောင် စာနဲ့ပြပြ၊ နှုတ်နဲ့ပြပြ၊ မျက်လုံးကြည့်ပုံနဲ့ပြပြ၊ တချို့ကတော့ ကိုယ်က ဒါလောက် အလိုလိုက်လျက်နဲ့ သူက ငါ့ကို ချစ်ကြောင်းပြမှာပဲ၊ စမှာပဲနဲ့ မျှော်ကိုးပြီး စောင့်တတ်တဲ့ လူတွေလည်း ရှိသေးတယ်။ ဒီလို မျှော်ရင်း သွားရည်တများများ နေတုန်း ကိုယ့်ထက် မြန်တဲ့လူ၊ အချက် သိတဲ့လူက သုတ်သွားရင် ရှုးတတ်တာမျိုးပဲ။ မောင်မြမောင် ပြောတဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ လူမျိုးဟာ ဒီလိုလူမျိုးတွေ အများအားဖြင့် ပါတာပဲ။ ကိုယ်က ဒါလောက်ပြ၊ ဒါလောက်ပြောလို့မှ မပါရင် ကိုယ့်မှာ ချွတ်ယွင်းချက်လည်း ရှိရမယ်၊ သူ့မှာ ကိုယ့်ထက် ပိုချစ်တဲ့သူရင်လည်း ရှိရမယ်၊ ဒီအခါ ကိုယ်က နောက်ဆုတ်ပြီး တခြားမှာ ရှာရုံပေါ့၊ ခြွင်းချက် လည်း ရှိရသေးတာပေါ့၊ ဘုရားသခင် ကိုယ်တော်မြတ်ဟာ သတ္တဝါ အားလုံးအပေါ် မေတ္တာကွန်ရက် ဖြန့်နိုင်ပေမဲ့ ဒေဝဒတ်လို လူမျိုးကျတော့ ချန်ခဲ့ရတာလိုပဲ'

'ဆရာကလည်း ဆရာ၊ ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်း ပြောပါ၊ ဟောပါဆိုမှ ယောကျ်ားကလေးတွေ အကြိုက် ချည်း ပိုးနည်းပန်းနည်း ဟောနေတာပဲ၊ တော်ပါတော့ ဆရာ'ဟု နှုတ် သွက် လျှာသွက်နှင့် ညွန့်ညွန့်က ပြောသဖြင့်...

'ဟုတ်တယ် ဆရာ၊ ညွန့်ပြောတာလိုပဲ၊ ဘုရားအကြောင်း၊ တရား အကြောင်းကလွဲရင် ကျွန်မတို့လည်း မနာချင်တော့ဘူး'ဟု မကြင်ရီက ထောက်ခံရာ...

'ဆရာက ဘုရားအကြောင်း၊ တရားအကြောင်းချည်း ဟောဖို့ ရည် ရွယ်တာပါ၊ ဒါပေမဲ့ မောင်မြမောင်တို့ လူစုက မေတ္တာ ခြေဦးလှည့်သွား တော့ သူတို့အလှည့်လည်း ပေးရသေးတယ်။ ဒီလို သူတို့အကြိုက် မဟော ရင် ဒီကောင်တွေ ခုံပေါ်ခေါင်းချပြီး အိပ်လို့ သိုးနေရော့မယ်'

'ဒီလိုလည်း မဟုတ်ပါဘူး ဆရာ၊ သာသနာတော်ကြီး စည်ပင် တိုးတက်စေချင်ရင် ဒီသာသနာတော်ကြီးကို ယုံကြည်ကိုးကွယ်တဲ့ လူ ဦးရေလည်းများလာမှ ပိုပြီးအရာရောက်မှာမို့ ဆရာ့ဆီက ချစ်နည်းခင်နည်း ကလေးတွေ မေးရတာပါ။ ဒါယကာ များမှသာ သာသနာတော် အားရှိမယ် မဟုတ်လား ဆရာ'ဟု ပြောရင်း ထိုင်ချလိုက်သောကြောင့်...


mgyoe.com

mgyoe.com


'ပွိုင့်... ပွိုင့်... ဒါမှ အချက်'ဟု ယောကျ်ားကလေးများက ဝိုင်း အော်ကြလေ၏။

'မောင်ကိုကြီး ပြောတာလည်း မှန်ပါရဲ့၊ ဒါပေမဲ့ မိန်းကလေးနဲ့ ယောကျ်ားလေး စကားပြိုင်ပွဲ လုပ်တာ မဟုတ်တော့ မငြင်းကြနဲ့ဦး။ မိန်းကလေးအလှည့်လည်း ပေးဦးမယ်'ဟု ဓမ္မစကြာကို ဘုန်းကြီးသံ ပါပါနှင့် ရွတ်ဖတ်ပြီး အနက်ပြန်ပေးသဖြင့် တရားတည်းဟူသော ရေယဉ် ကြောဒ္ဒ တစ်တန်းလုံး မျောပါသွားကြပြန်လေ၏။

## အခန်း (၂)

နောက်တစ်နေ့တွင် ဥပုသ်နေ့ ကျောင်းပိတ်ရက် ဖြစ်သောကြောင့် အတန်း ဆရာအိမ်တွင် ကျောင်းသားများ စုရုံးရာဖြစ်သည့်အတိုင်း ကော်ဖီဖျော်သူ က ဖျော်၊ သီချင်းဆိုသူက ဆိုနှင့် ပျော်စရာကြီး ဖြစ်နေလေ၏။ မြမောင်နှင့် မျိုးတင့်တို့သည် အိမ်ဘေး မန်ကျည်းပင်ကြီးတွင် တွဲလွဲကျနေသော သံကွင်း ဘားကို အရိပ်ကောင်းသည့်အတိုင်း ကျွမ်းတိုးမှောက်ခုန် ဆော့ချင်တိုင်း ဆော့နေကြ၏။

မောင်ကိုကြီးမှာ စာအုပ်ကို စိတ်လက်မပါဘဲ ဖတ်နေရာမှ ဘား ကစားနေကြသော သူငယ်ချင်းများကို မြင်သဖြင့် လက်ခုပ်တီး၍ သြဘာ ပေးပြီး သူပါ အိမ်ပေါ်မှဆင်းကာ ဝင်၍ ကစားလေ၏။

'မကစားတာ ကြာတော့ ရပါဦးမလား'ဟု ပုဆိုးကို ခါးတောင်း ကျိုက်လေ၏။ မောင်ကိုကြီးမှာ ကိုယ်လက်ကြံ့ခိုင်ရေး၌ လိုက်လည်း မလိုက် စား၊ ဝါသနာလည်း မပါဘဲ အခြောက်တိုက် ဖြီးတတ်သူဖြစ်ကြောင်း သိကြသဖြင့် ဘာမှမပြောဘဲ ၎င်း၏သေးငယ်သော ပေါင်များကိုကြည့်၍ ပြုံးနေကြ၏။

'မင်းတို့က ငါ့ကို အားမရှိဘူး ထင်နေသလား'ဟု ရှပ်အင်္ကျီကို ချွတ်ပြီး အရိုးဆံချောင် ဖြစ်နေသော လက်မောင်းမှ ရိုးကပ်သားကပ် ကလေးများကို ရှိစုမဲ့စု ညှစ်ထုတ်၍ ပြလိုက်ရာ၊ နဂိုကမှ မရှိသော ကြွက် သားမှာ ပို၍ထူးခြားစွာ ထွက်မလာသဖြင့် ဝိုင်း၍လှောင်ရယ် ရယ်ကြလေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK


မောင်ကိုကြီးမှာ အများဝိုင်း၍ ရယ်ကြသော်လည်း မျက်နှာမပျက်ဘဲ တကယ် အတည်ပေါက်မျိုးဖြင့်...

'အရင်ကတော့ ကစားခဲ့ဖူးပါတယ်'

'ဘူကြီးလား... ကက်လား... ကိုးမီးလား'

'ဒီက တကယ်ပြောနေတာပါ၊ ရန်ကုန် နေတုန်းကတော့ ခု ဇာတ်လိုက်လုပ်နေတဲ့ ကျော်ညွန့်တို့ဆိုတာ ကစားဖက်တွေပေါ့၊ ငါက သူ့ထက်တောင် အကစားစောလို့ နည်းပေးခဲ့ရသေးတယ်'

'ခါးပိုက်နှိုက်နည်းလား၊ အလစ်သုတ် နည်းလား'

'ကိုင်း... ပြောမယ့် ကြုံဖူးမှ သိတဲ့၊ အပြောသမား မဟုတ်ဘူး၊ အလုပ်သမား'ဟု ပြောပြောဆိုဆို သံကွင်းဘားနှစ်ဖက်ကို ခုန်ဆွဲပြီး နောက်ပြန် လှည့်ချလိုက်ရာ ကိုယ်လက် ပေါ့ပါးသည်တစ်ကြောင်း၊ ခဲယဉ်းခြင်းမရှိသော နည်းဖြစ်၍တစ်ကြောင်း လွယ်လွယ်ကူကူပင် အထမြောက်သွားသောကြောင့် 'အလဲ့ အလာသားပါကလား'ဟု တကယ် အံ့သြပုံမျိုးဖြင့် မျိုးတင့်နှင့် မြမောင်က ချီးမွမ်းသော မျက်နှာဟန်မျိုးလုပ်ကာ ပြောကြရာ...

'ဒါတောင် ကစားလက်စ ရှိသေးတာ မဟုတ်ဘူး၊ လက်ဝေးနေရတာ ကြာလှပြီ'

မြမောင်က ကွင်းဘားကို ဆွဲတက်ပြီး လက်တစ်ဖက်နှင့် နောက်ပြန် ခါးဆီမှကွေ့ကာ ချိန်သားကိုက်အောင် ကိုယ်ကိုဆန့်ပြပြီး ဖြုတ်ချလိုက်ရာ သက်သက်သာသာပင်ကျပြီး မျိုးတင့်ကလည်း ထိုနည်းအတိုင်း ကစားပြ၏။ မြမောင်က ကွင်းဘားပေါ်တွင် လက်တစ်ဆန့် အပေါ်သို့ တက်ပြီး ကင်းမြီးကောက် ထောင်ပြရာ မျိုးတင့်ကလည်း နည်းတူ ထောင်ပြ၏။

'ကဲ... မောင်ကိုကြီး လုပ်စမ်းပါဦး၊ ခင်ဗျား သူတို့လို ရပ့ါမလား' ဟု ဘေးက ကျောင်းသားများက ဝိုင်း၍ တွန်းကြသောကြောင့်...

'ဟာ... ဒါ ဘာခက်တာလိုက်လို့၊ နို့ပေမဲ့ လက်ဝေးနေတာကြာလို့ ရချင်မှ ရမယ်။ သုံး လေးရက် ဆက်ကျင့်လိုက်ရင်တော့ မခဲယဉ်းပါဘူး။ ဒါက ရိုးရိုးတွေပဲ'ဟု အတည်ဖြီးနေရာ ဖြီးမှန်းသိသော ကျောင်းသားများကလည်း...


mgyoe.com

mgyoe.com
SAMPLE BOOK


'လုပ်ပါဗျာ… လက်စ လက်န ရှိဖူးတဲ့လူပဲ၊ ခင်ဗျားကြည့်ရတာ ပေါ့က ပေါ့ပါးပါဘိသနဲ့၊ ဖျတ်ဖျတ်လတ်လတ် ရှိမှာပဲ၊ တစ်ချီတည်းဗျာ၊ တစ်ချီတည်း'

'နောက်များမှ ကြည့်တော့ဗျာ၊ စာကြည့်လိုက်ဦးမယ်'ဟု ထွက်သွားမည် လုပ်သဖြင့်…

'လုပ်ပါဗျာ၊ ကင်းမြီးကောက် ထောင်ပုံကလေးဟာ လွယ်ပါတယ်ဗျာ၊ ခင်ဗျားက အလုံးအရပ် အနေတော်၊ ခါးက သေးသေးဆိုတော့ သိပ်ကြည့်ကောင်းတာပဲ'ဟု သံကွင်းဘားဆီသို့ ဝိုင်း၍ ဆွဲငင်မြှောက်ပင့်တင်ပေးလိုက်ကြသောကြောင့် မငြင်းသာတော့သည့်အတိုင်း ကြွားလည်းကြွားမိပြီး ဖြစ်သောကြောင့် ဇွတ်မိုတ်၍ ဆွဲတက်ကာ အရှိန်နှင့် ထောင်လိုက်ရာ လက်များကလည်း ကိုယ်အလေးကို ခံနိုင်အောင် မမြဲ၊ အချိန်အဆလည်း မသိ၊ တတ်လည်း မတတ်သောကြောင့် လက်ပြုတ်၍ကျရာ မျက်စိများ ပြာခနဲ၊ မိုက်ခနဲ ဖြစ်သွားပြီးနောက် "အွတ်"ခနဲ မြည်ကာ မြေပေါ်တွင် အစန့်မေ့၍နေသဖြင့် ဝိုင်းဝန်းထူမ နှိပ်နယ်ကာ ဆရာ့အိမ်ပေါ်သို့ ယူသွားကြလေ၏။

ဆရာဦးဟိန်သည် မျက်နှာကို ရေနှင့်ပက်ခြင်း၊ ရင်ဝဆီသို့ နှိပ်ချစေခြင်း၊ ယပ်လေခတ်ခြင်းများကို ပြုစေ၍ အတော်ကြာမှ သတိရလာလေ၏။

'ဘားဆရာ သတိရပလား၊ ခေါင်းနဲ့များကျရင် ဇက်ကျိုးလို့ မသေပါလားဗျာ၊ ခင်ဗျားတို့လုပ်ပုံနဲ့ ကျုပ်တော့ တစ်နေ့နေ့ ပြေးရပုံ ပေါ်ပါတယ်'ဟု ဣန္ဒြေနှင့်ပြောရာ ကျောင်းသားအားလုံးပင် ဆရာ့ကို အားနာနာနှင့် မျက်နှာပျက်၍ နေကြလေသည်။

'အစကတည်းက မတော်တာတော့ မြင်ရလိမ့်မယ် ထင်သားပဲ၊ မောင်တို့လူစုက ကျုပ်ပြောတဲ့ စကားများတော့ ဆင့်တင်ပါး ဖော့နဲ့ ရိုက်တယ်လို့ထင်နေကြတော့ မပြောချင်ဘူး၊ သေစရာ ဖြစ်တောင် သေပြီးမှ ပြောလို့ရမယ့် လူတွေပဲ။ ဒါလောက် အားမရှိ၊ ခွန်မရှိ၊ အရိုးပိန်ခြောက်အမဲခြောက်လို လူမျိုးက အရင်က ဘားကစားဖူးပါတယ် ဆိုတာ ယုံပြီး တွန်းတဲ့လူကလည်း တွန်းသေးတယ်၊ ကြွားတဲ့လူက ကြွားရုံတင်မကဘူး၊


mgyoe.com

mgyoe.com

SAMPLE BOOK


သူများ မြှောက်ပေးတိုင်း သေတွင်းဝင်တိုးသေးတယ်၊ အံ့ဖွယ်လူစုပါဗျာ၊ နောက်များတော့ ခင်ဗျားတို့လူစု ကျုပ်အိမ် လက်မခံရဲအောင်ပါပဲ'ဟု ညည်းညည်းညူညူ ပြောလေ၏။ စင်စစ်အားဖြင့် တကယ်စိတ်ဆိုး၍ ပြော နေခြင်း မဟုတ်သော်လည်း ပြောရန် အခွင့်ကောင်းသောကြောင့် ပြောခြင်း ဖြစ်လေ၏။

'ဘယ်မှာ နာနေသေးလဲ'ဟု မောင်ကိုကြီးကို ကြည့်၍မေးရာ...

'မနာပါဘူး ဆရာ၊ အောက်က ဖွဲအိတ်ပေါ် ဗိုက်ကျလို့ မေ့သွား တာပါ'ဟု ရှက်ရှက်နှင့် ပြောရာ အနားရှိ ကျောင်းသားများမှာ ကျိတ်၍ ရယ်ကြလေ၏။ မောင်ကိုကြီးမှာ ငုံ့၍ ရှက်ပြုံး ပြုံး၏။

'ကဲ... ကော်ဖီသောက်ကြဦး'ဟု ကော်ဖီဖျော်လာသော ကျောင်း သား၏လက်မှ ကော်ဖီခွက်များကို တစ်ယောက်စီရှေ့သို့ ချပေးလေ၏။

အသီးသီး အငွေ့တခြောင်းခြောင်း ထွက်နေသော ကော်ဖီခွက်များ ကို ကြည့်ရင်း တွေဝေနေကြ၏။ ဆရာဦးဟိန်သည် မြစ်ကြီးနားကျောင်း သို့ ရောက်လာသည်မှာ ယခုနှစ် ကျောင်းဖွင့်စ ဇွန်လဆန်းတွင် ဖြစ်၏။ ယခင် ဆရာဟောင်းမှာ "စူလတန်မာမွတ်" အမည် ကုလားဆရာဖြစ်ရာ ဗမာစကားကို လုံးထွေး လုံးထွေးနှင့် ပြော၏။ နားမလည်၍ မေးသော ကျောင်းသားများကို ဆရာက ရေလည်အောင် မပြောနိုင်။ ဆရာကလည်း မေးဖန်များသော် စိတ်ဆိုး၏။ တပည့်များကလည်း အသင်အပြည့်သည်ဟု စိတ်တိုင်းမကျခဲ့။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းမှ အထက်တန်းကျောင်း သားများသည် ထိုဆရာအတွက်ပင် စည်းဝေး၍ အရေးယူခဲ့၏။ ထို့ကြောင့် စူလတန်မာမွတ်ကလည်း မြန်မာကျောင်းသားများကို ချဉ်ချဉ်နှင့် ပြောင်း ခွင့် တောင်း၏။ ကျောင်းသားများကလည်း မြန်မာဆရာကောင်းကောင်း တစ်ယောက်ကို တောင့်တခဲ့ကြရာ ယခုနှစ်မှာ ဗုဒ္ဓဘာသာမြန်မာဆရာကြီး ဦးဟိန်နှင့် ရေစက်ဆုံကြရခြင်း ဖြစ်လေ၏။

ဆရာရောက်စတွင် တပည့်များက "ဘယ်လို ဆရာစားထဲကများ လဲ"ဟု အကဲခတ်ကြ၏။ ဟုတ်မှ ဟုတ်ပါ့မလား၊ ဗမာဆရာများက ဟန် ကြီးပန်ကြီးလုပ်လျှင် သာ၍ဆိုးတတ်သည်။ ရုံးများမှာလည်း မြန်မာအရာရှိ များသည် မြန်မာစာရေးကလေးများ အပေါ်၌ အသားယူလွန်း၊ နှိမ်လွန်း၍


mgyoe.com

mgyoe.com SAMPLE BOOK


အပေါက်ဆိုး မကြော မကြော ကြားရ၏။ မြန်မာဆရာများမှာလည်း စိတ်ကြီးဝင်လျှင် တပည့်များက မိမိတို့လူမျိုး အချင်းချင်းဖြစ်၍ မရိုမသေ ပြုချေက လူမျိုးခြားများ ကဲ့ရဲ့စရာ ဖြစ်မည်စိုး၍ ကြိတ်မှိတ်ခံနေရလျှင် သာဆိုးမှာပဲဟု အကဲခတ်ကြရာ ရာဇဝင်တွင် ဆရာကိုယ်တိုင်က ဂုဏ်ထူးနှင့် အောင်ခဲ့ပြီး တပည့်များကို မျက်စိထဲတွင် ထင်းခနဲ လင်းခနဲ နေအောင် သင်နိုင်ပြနိုင်၏။ အပြောအဟောတွင် ယှဉ်စရာမရှိ၊ စိတ်သဘောထား မြင့်မြတ်ကြောင်းကို သိရသောအခါ ဆရာ့နေအိမ်သည် တပည့်များ၏ ဟိုတယ်ကြီး၊ ကစားကွင်းကြီးသဖွယ် ဖြစ်နေခဲ့၏။

သဘောချင်း မတိုက်ဆိုင်သည့်တိုင်အောင် ဖျောင်းဖျောင်းဖျဖျ ပြောဆို ဆုံးမခဲ့သည်များကို မျိုးတင့်နှင့် မေခင်တို့ ကိစ္စများ မတိုင်မီကပင် သိခဲ့ကြ၏။ ဆရာ ဤမျှလောက် မျက်နှာထားနှင့် တစ်ခါမှ မပြောဆိုခဲ့ဖူးချေ။ ယခုသော် ဆရာ မျက်နှာအတော် တင်းသဖြင့် အနေရခက်ပြီး စကားမပြောဝံ့ကြဘဲ ဆရာ့အကဲသာ မသိမသာ ခတ်နေကြရာ 'သောက်ကြလေ၊ ကော်ဖီ အေးကုန်တော့မယ်'ဟု သတိပေးမှ အသာအယာ ယူ၍ တစ်ကျိုက်စီ မျှောချကြ၏။

ဆရာဟိန်သည် တပည့်များ၏စိတ်ကို နားလည်သူဖြစ်ရာ မျိုးတင့်နှင့် မေခင်တို့ ကိစ္စကို စ၍ပြောလေ၏။

'အဖိတ်နေ့က ကိစ္စမှာလည်း မောင်မျိုးတင့်ကို တောင်းတောင်းပန်ပန်နဲ့ တစ်ဖက်သား စိတ်ကျေနပ်အောင်လုပ်ဖို့ ပြောခဲ့လျက်နဲ့ သူ့သဘောအတိုင်း စာတစ်စောင်ကို ရေးပေးတယ်။ မိန်းကလေးများရဲ့ သဘောကို မင်းတို့ သိသလောက် သိသော်လည်း အခါနေရာ သင့်သလို နားလည်ဖို့ ဝေးသေးတယ်လို့ ဆရာ ဆိုလိုတယ်၊ မိန်းမတစ်ယောက် အကြာကြီး မုန်းချင်ရင် သူ့ကို နာကြည်းအောင် ပြုမူပေတော့။ ရက်အောင်၊ စိတ်ဆိုးအောင်၊ စိတ်နာအောင် လုပ်တာဟာ သဘောထား ကြီးရင့်တယ် ဆိုတဲ့ ယောက်ျားများတောင် အတော် အခံခက်သေးတာ၊ မိန်းမများမှာတော့ ပြောစရာ မရှိဘူး၊ ငယ်ရွယ်သူ ဆိုတော့ သာဆိုးတာပေါ့လေ'

မျိုးတင့်မှာ မိမိအမှားကို မနေ့ညကပင် စဉ်းစားရင်း သိပြီးဖြစ်၍ ဆရာပြောသော စကားများကို တစ်စုံတစ်ရာ မငြင်းနိုင်အောင် ရှိလေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK


ခေါင်းငုံ့ရာမှ မမော်ခဲ့ဘဲ 'ကျွန်တော် မှားမှန်း နားလည်ပါပြီ ဆရာ'ဟု တိုးတိုးသာ ဝန်ခံလေ၏။

'ဆရာလည်း သိပါတယ်၊ ဆရာဟာ လူတစ်ဖက်သား စိတ်တက်ကြွနေတဲ့ အခါမှာ သူ့အကျိုး သိပ်ပြီးယုတ်မယ် မဟုတ်ဘူးဆိုရင် ကိုယ့်ထင်မြင်ချက် မှန်ပေမဲ့ ဘယ်တော့မှ အတင်းအကျပ် ဆန့်ကျင်ပြီး မပြောဘူး၊ မောင်မျိုးတင့်လို စဉ်းစားဉာဏ်ရင့်တဲ့ လူငယ်တိုင်းဟာ မှားတာကို လုပ်မိရင် မှားကြောင်းကို တစ်ခါခါမှာ သိမှာပဲ၊ ဒီတော့ အမှန် ရောက်စေမယ်လို့ ဆရာ ဆုံးဖြတ်ထားတယ်။

'မေခင်ဟာ အတန်းထဲမှာ စကားကို တောင်လိုမောက်အောင် ပြောတယ်၊ ခုံမြင့်ဖိနပ်နဲ့၊ အပါးဆုံးအင်္ကျီနဲ့၊ ယောက်ျားကလေးတွေကို ကတ်ဖဲ့ကျင့်ပြီး နှုတ်စွာဆိုတာ ဆရာ သိသားပဲ၊ တစ်နေ့က မောင်မြမောင်က မေခင်ကို အခန်းဝမှာ "အင်္ကျီပါးနဲ့ ဇာဘော်လီ၊ တစ်ခါခေါ်ရင် ငါးမူးတစ်ပဲ" လို့ ဆိုလိုက်တော့ မေခင်က သူစီးလာတဲ့ ဖိနပ်ကို ချွတ်လိုက်တာ မြင်သားပဲ။ နောက်တစ်နေ့မှာ အပါးဆုံး "ကိုကို မကြည့်ဝံ့"ဆိုတဲ့ အင်္ကျီ ဝတ်လာတယ်။ နောက်ပြီး "တူးကွိုင်" ဆိုတဲ့ နှစ်လုံးပြူးဆံကျစ်ထုံးနဲ့၊ လေဒီရှူးနဲ့ နှုတ်ခမ်းဆေး ဆိုးလာပြီး အခွဲ့တိုက်တာလည်း ဆရာ သိတယ်။

'မောင်မျိုးတင့်က ဗမာဆိုရင် ဗမာပီပီ ဝတ်ဖို့ကောင်းတယ်၊ အရှက်မရှိ၊ သားနဲ့အဖ ကြည့်ဝံ့စရာ မရှိအောင်ဝတ်တာ မျိုးဖျက်မတွေ၊ ကွိတ်တွေမှ ဝတ်တာဆိုတော့ မေခင်က "နင်သာ ဝံသာနုယောင်ယောင် သခင်ယောင်ယောင် လုပ်ပြီး ပင်နီအင်္ကျီနဲ့ လွှာဖိနပ်နဲ့ အိမ်တော်ရာထီးနဲ့နေ၊ ငါ ဝန်ထောက်သမီး၊ ဖေဖေရှာတဲ့ပစ္စည်းနဲ့ ထင်သလို ကြွားမယ်၊ နင့်နှမ သွားပြော"လို့ ရန်တွေ့လိုက်တာလည်း ဆရာ ကြားတာပဲ'

ထိုအခါ အတန်းသားအားလုံးပင် မိမိတို့ဆရာ မည်မျှ အကင်းပါး၍ တပည့်တို့အကြောင်းတွေ သိနေသည်ကို ထင်မြင်လာကြသောကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် မသိမသာ ကြည့်ပြီး "ဆရာ သိပ်ပါးတာပဲ"ဟူသော အရိပ်အခြည်ကို ပြကြလေ၏။

'သို့သော်လည်း ဗမာပြည်မှာ လူဦးရေ(၁၄)သန်းအနက် တိုင်းရင်းသား(၁၀)သန်းထား၊ ဒီဆယ်သန်းထဲမှာ မင်းပိုင်း စိုးပိုင်းနဲ့ ထမင်းဝဝစား


mgyoe.com

mgyoe.com SAMPLE BOOK


ပြီး အိမ်ရာကောင်းကောင်းနဲ့ တင့်တင့်တယ်တယ် နေနိုင်တဲ့လူစုဟာ အများအားဖြင့် တိုင်းပြည်လွတ်လပ်ရေးလုပ်ငန်း၊ အမျိုးသားကိစ္စများ ရှောင်နိုင်သလောက် ရှောင်ကြတဲ့အတွက် မေခင် တစ်ယောက်တည်းကို ပြောလို့မဖြစ်ပေဘူး၊ အကြမ်းပတမ်း မခံချင်အောင် ပြောရင်လည်း သာပြီး သွေးကွဲမယ်၊ တစ်ယောက်အပေါ်မှာ တစ်ယောက် စိတ်နာပြီး ကြာလေဝေးလေဝေးမှာပဲ၊ ဒါကြောင့် နာအောင် ဆိုမယ့်အစား ကိုယ့်ဘက် ပါလာအောင်ဆွဲချင်ရင် သူတို့ အလိုဆန္ဒကို လက်ဦးပေးဖို့ အမြဲသတိပြုပါ။ မင်းတို့လုပ်နေပုံက သွေးကွဲအောင်၊ တစ်နေ့တခြား ခွာပြဲအောင် လုပ်နေတာ။ လမ်းလွဲလိုက်သလို ဖြစ်နေတာပေါ့'ဟု ဆရာဟိန်က စကားကို အဆုံးသတ်ပြီးတစ်ဝက်ခန့် ကျန်နေသော ပန်းကန်ထဲမှ ကော်ဖီကို တစ်ကျိုက်စီ တစ်ကျိုက်စီ ကျိုက်ချလေ၏။

ဆရာဟိန်၏ စကားများ မှန်ကန်ကြောင်းကို မေခင်နှင့် ဝံသာနုချစ်သူ ကျောင်းသားတို့ ဘုကျကာ စိတ်ဝမ်းကွဲသည်ထက် ကွဲခြင်းအားဖြင့် သက်သေခံလျက်ရှိသည်ကို ကျောင်းသားများသည် စိတ်တွင်း၌ ဝန်ခံကြရင်း ငုံ့နေရာမှ ခေါင်းမဖော်ဘဲ စဉ်းစားနေကြ၏။ မြမောင်နှင့် မျိုးတင့်မှာ သံကွင်းဘား ကစား၍ တဖျဉ်းဖျဉ်း အောင့်ကာ သွေးလှုပ်ရှားနေသော မောင်းအိုးများကိုနှိပ်ရင်း၊ "ဆရာ ပြောတာ သိပ်မှန်တာပဲ၊ သိပ်မှန်တာပဲ" ဟူသော ကမ္ဗည္ဒာန်းကို စီးဖြန်းရင်း မိမိတို့အမှားကို မြင်ကြလေ၏။

ဆရာကတော်သည် မန္တလေးမြို့သို့ ပြန်နေသည်ဖြစ်ရာ ကျောင်းသားများမှာ လွတ်လပ်စွာပြော၊ လွတ်လပ်စွာနေလျက် စာအုပ်ဗီရိုများကိုပင် မွှေချင်တိုင်း မွှေကြရသောကြောင့် ဆရာဟိန် လေ့လာသော နိုင်ငံရေးစာအုပ်များကို ဖတ်ရှုခြင်းအားဖြင့် ဆရာဟိန်၏ နိုင်ငံရေးအတွေးကျယ်၍ဝါရင့်ပြီးကို ခန့်မှန်းနိုင်ကြလေ၏။

'ကဲ... ကော်ဖီသောက်ကြ၊ အေးကုန်လို့ သောက်မကောင်းပဲလည်းနေဦးမယ်'

ကျောင်းသားများသည် စားပွဲဝိုင်းကြီး ပတ်လည်တွင် အစည်းအဝေးကျင်းပသလို ကိုယ်စီကုလားထိုင်များနှင့် ဝိုင်နေကြရာမှ တစ်ကျိုက် နှစ်ကျိုက် မော့၍ ကျန်သေးသော၊ အငွေ့ကုန်လုမတတ်ရှိသော ကော်ဖီများကို ယူ၍ သောက်ကြလေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK


'ဆရာ ပြောတာကို မယုံချင် ထားဦး၊ လက်တွေ့ လုပ်စမ်းကြည့်တာပေါ့၊ ဗမာပြည်မှာ အင်္ကျီပါးဝတ်၊ ရင်သားပေါ်မတတ် ဘော်လီနဲ့၊ တူးကွိုင်ဆံထုံးတို့၊ နှုတ်ခမ်းနဲ့ပါး ဆေးဆိုးတာတို့ စထွင်ပြီး သိပ်ခေါင်းမာတဲ့ အင်းလျားသူ တချို့ရယ်၊ ဂျပ်ဆင်က ကရင်မတွေ၊ ဗမာခရစ်ယာန်မတွေကိုတောင် ဆရာတို့ ယူနီဘာစီတီနေတုန်းက ဒီနည်းနဲ့ ချွတ်လွှဲလာတာပေါ့။ အောင်မြင့်သင့်သလောက် အောင်မြင်ခဲ့ပါတယ်၊ မင်းတို့ ဆရာကတော်ဟာ ဒီအထဲမှာ အကဲဆုံးပေါ့၊ ဖက်ရှင်ထွင်တဲ့ နေရာမှာ ဗိုလ်ပဲ၊ အင်္ဂလိပ်ရုပ်ရှင်တွေကြည့်၊ ဂျင်ဂျာရော်ဂျာတို့ လက်သည်းအရှည်ထားပြီး ဆေးဆိုးတယ်ဆိုရင် သူ လိုက်တုတာပဲ။ အဲဒီတုန်းက နှုတ်ခမ်းဆိုးဆေးတို့၊ လက်သည်းဆိုးဆေးတို့၊ ကရိမ်းတို့ဟာ ဂစ်အင်တီတ်တို့၊ အလှပြင်ဆိုင်တို့မှာတောင် မရောင်းသေးဘူး၊ ပဲရစ်ကို တိုက်ရိုက်မှာပြီး သူ စထွင်တာပေါ့။

'မေခင်တို့က နေရတာကလည်း ဟိုက်စကူး၊ တုစရာ ပစရာကလည်း သိပ်မများသေးတဲ့ မြို့ကလေး၊ ဘာသာကလည်း ဗုဒ္ဓဘာသာမို့ လွယ်ချင်လွယ်ဦးမယ်၊ မင်းတို့ဆရာကတော်က အယူကလည်း ခရစ်ယာန် ကရင်ကပြား၊ နေတာက ဂျပ်ဆင်၊ ဆိုရှယ်တို့ ညှော်ခံပွဲတို့မှာ ဖက်ရှင်တစ်မျိုးထွင်ပြီး လုပ်ခဲ့တဲ့ ကျောင်းသူပေါ့၊ သူ့နည်းနဲ့သူ ကျတော့လည်း အဆင်ပြေသွားတာပဲ'ဟု ပြော၍ ဗီရိုတစ်ခု၏ အံဆွဲမှ "အယ်လ်ဘမ်"ခေါ်ပုံစုသည့် စာအုပ်ကလေးကို ထုတ်ယူပြီး ပြလေရာ၊ ဖက်ရှင်အမျိုးမျိုးနှင့် ခေတ်၏ရှေ့သို့ ပြေးနေသော ဟန်အမူ အမျိုးမျိုးဖြင့် ရိုက်ကူးထားသော ဆရာကတော် ဒေါ်လုရီ(ဂရေစီ)၏ ပုံများကို မြင်ရသောအခါ မန္တလေး ပိုးလုံချည်၊ ပင်နီအင်္ကျီ၊ ဆံထုံးသိပ်သိပ်သည်းသည်းနှင့် ဣန္ဒြေသိက္ခာရှိလှသော ယခု တွေ့ရသည့် ဆရာကတော်နှင့် အကွာကြီးကွာပုံကို မြင်ရသောအခါ 'တို့ဆရာဟာ စာပြသာ ကောင်းတာမဟုတ်ဘူး၊ မြာန္ဓုးလည်း အတော်ကောင်းပုံပဲ'ဟု မြမောင်က ထွန်းတင်ကို လက်ကုတ်၍ ပြောသဖြင့် ထွန်းတင်မှာ ပြုံးနေလိုက်ရလေ၏။

ဆရာဟိန် လက်ချာရိုက်နေသည်ကို မငြိးတမ်း နားထောင်နေကြပြီး သဘောကျသည့်နေရာများ၌ ပြုံးဖော်ရလျက်၊ အချို့နေရာများမှာ စူးစိုက်၍


mgyoe.com

mgyoe.com SAMPLE BOOK


နားထောင်နေသော မျိုးတင့်မှာ စိတ်တွင် မေခင်၏မျက်နှာကို သွား၍ သတိရ၏။ ဆောင့်ကြွားကြွားနှင့် သူ့မူကိုမြင်သောအခါ မုန်းသလို ဖြစ်မိသော်လည်း အချိုးကျလျက် တစ်ကိုယ်လုံး တောင့်တင်းပြီး မျက်နှာလှလှကလေး မာနသွေး တက်နေပုံကို မြင်မိသောအခါ မုန်းဖို့ထက် "ဒါမျိုးကို နိုင်အောင် ချွတ်လွှဲပေးရရင် သိပ်ဟန်မှာပဲ"ဟူသော အတွေးက ပို၍ နေလေ၏။

အချိန်သည် လေးနာရီခွဲပြီးသည့်တိုင်အောင် ဆရာဟိန်၏ ဟောပြောပွဲ၌ တပည့်များ စိတ်စွဲနေအောင် ယူဆောင်ခဲ့တော့၏။

'ကဲ လေးနာရီတောင် ခွဲပြီ။ အပြောချည်း မဖြစ်သေးဘူး။ မင်းတို့လည်း နားထောင်ရတာ ညောင်းရော့မယ်၊ ဘောလုံးကစားကြရအောင်' ဟု ဆရာကိုယ်တိုင်က ထ သဖြင့် အသီးသီး မိမိတို့ ကုလားထိုင်များမှ ထ ကြလေ၏။

ဥပုသ်ထွက် ကျောင်းတက်ချိန်တွင် မျိုးတင့်သည် ပိုးရုပ်စတစ်ကော်လာနှင့် ပိုးအင်္ကျီ၊ ဘန်ကောက်လုံချည် ဖက်ညွန့်သွေး၊ ရိုးအင်ကိုးသားရေပြောင်နှင့် ဆံပင်ကို ယင်နားလျှောင် ချော်လဲမတတ် ဖြီးလိမ်းပြင်ဆင်၍လာရာ ကျောင်းအတန်းစီသည့် ဒုတိယခေါင်းလောင်းကို မီရုံကလေး ရောက်သွားသဖြင့် အသင့်စီပြီး ရှိကြသော အတန်းသားများက ဝိုင်းကြည့်ကာ 'ဖိုးလနတ်သားကလေး... ဖိုးလနတ်သားကလေး'ဟု ဆူညံသွားအောင် အော်ဟစ်ကြသဖြင့် ကြင်ရီတို့၊ ညွန့်ညွန့်တို့က ဝိုင်းကြည့်ကြပြီး 'ဒီလိုတော့ ပိုချောသွားတာပဲ'ဟု မေခင်အား ကြည့်ရင်း ပြောသဖြင့်၊ မျက်လုံးကို တခြားဆီသို့ ရုတ်တရက် လွှဲပစ်လိုက်ပြီး 'ဒီက ဘယ်သူများလဲလို့'ဟု ပါးစပ်မှရှုံ့မဲ့ရင်း သဘောမကျသလို ရေရွတ်လိုက်ရာ ကြင်ရီက 'ကြည့်လိုက်တော့ အိမ်ကလူ ဖြစ်နေရောလား'ဟု ပြုံး၍မေးသဖြင့် 'ဟုတ်တယ်၊ အိမ်ကပေါ့၊ ဇရပ်ကဆိုရင် သူတောင်းစား ဖြစ်နေမှာပေါ့"ဟု ပြန်ဖြေရာ ညွန့်ညွန့်တို့ကပါ သဘောကျသွားပြီး 'အိမ်ကလူဆိုပေမဲ့ တခြားအိမ်ကလူ ပြောတာမဟုတ်ဘူး၊ မေမေဝင်းတို့အိမ်သား ကိုဘတင့်မှန်း သိတယ်လား'

'တော်ပါ၊ ဒီကောင်မျိုးလား၊ မုန်းလွန်းလို့ ရွံတောင်နေသေးတယ်' ဟု မေခင်က ပြန်ပြောရင်း မျက်စောင်းကလေးနှင့် ချိတ်လိုက်သော ကြောင့်...


mgyoe.com

mgyoe.com
SAMPLE BOOK


'လှတဲ့လူတွေဆိုတော့ မျက်စောင်းထိုးတာကလေးကို ဟိုကသဘော ကျနေတာ။ မုန်းတယ်ဆိုတဲ့ လူတွေပေါ့၊ နောက်တော့ တတွဲတွဲ နေတတ်တာ'

'ညွန့် တော်တော်ကဲ၊ ညည်းပါ ရောမုန်းပစ်လိုက်မယ်၊ အစ်မတို့ ကိုဘတင့်ကို အစ်မတို့သာယူ၊ လူကို လာမစနဲ့၊ သိပ်ချဉ်စရာကောင်းတာ' ဟု ပို၍ စိတ်ဆိုးလျက် ပြောသဖြင့်...

'ဒီလို သဒ္ဒါမယ်၊ ရက်ရောမယ်ဆိုရင် ယူပါတယ်တော်။ ခုလား... ခုလား'ဟု ညွန့်ညွန့်က ပြောသဖြင့် မကြင်ရီတို့ကပါ သဘောကျလျက် ဝိုင်း၍ရယ်ကြသောကြောင့် မေခင်မှာ စိတ်ဆိုးလာပြီး ညွန့်ညွန့်၏ လက်မောင်းသားကလေးများကို ဆွဲ၍လိမ်မည်ဟု လက်ရွယ်လိုက်စဉ်၊ အတန်းတွင်းသို့ဝင်ရန် တတိယခေါင်းလောင်း ထိုးလိုက်သောကြောင့် ညွန့်ညွန့်မှာ မေခင် လက်လှမ်း၍ မမီနိုင်အောင် ရှေ့ဆုံးမှနေသော မကြင်ရီကို ကျော်တက်ပြီး အတန်းတွင်းသို့ ပေါ့ပါးစွာ ဝင်သွားသဖြင့်၊ မေခင်မှာ ကြိတ်မနိုင်ခဲမရနှင့် အလွန်အမင်း စိတ်ဆိုး၍ ခုံမြင့်ဖိနပ်ကလေးကို ခွာသံပြင်းပြင်းမြည်အောင် နင်းပြီးဝင်လာ၍ မောင်ကိုကြီးက မြမောင်လက်ကုတ်ပြီး 'ဒါတွေ ဒါတွေ၊ ကိုမျိုးတင့်က ဒီဖွဲ့ကလေးတွေကြောင့် သိပ်ချစ်နေတာ'ဟု မျိုးတင့် ကြားအောင် ပြုံးရင်းပြောလိုက်သဖြင့်၊ မြမောင်ကလည်း 'အစစ်ပဲ ကိုယ့်လူ၊ ကနေ့ တစ်ကိုယ်လုံး အရောင်တင်လာတာ ကြည့်တော့' ဟု မျိုးတင့်အား မေးငေါ့ပြရင်း အတန်းတွင်းသို့ ဝင်သွားသောကြောင့် မျိုးတင့်မှ ပြုံး၍ နေလိုက်ရလေ၏။

အတန်းဆရာသည် မိမိတာဝန်ကျသော ဘာသာရပ်များကို အချိန်စာရင်းအတိုင်း ၈–တန်း၊ ၉–တန်း၊ ၁၀–တန်းများကို အလှည့်ကျပြသွားရသောကြောင့် မျိုးတင့်တို့ အတန်းသို့ ၁၂ နာရီ ၄၅ မိနစ်မှ ရောက်လာ၏။ တပည့်တို့မှာ မိမိတို့ ချစ်သောဆရာ၊ ကြည်ညိုသော ဆရာ၏စကားကို ပို၍ ဂရုစိုက် နားထောင်မှတ်သားရုံမက စိတ်လည်း ရွှင်လန်းကြသောကြောင့် ဆရာဟိန်၏ အချိန်တွင် တစ်တန်းလုံး ပျော်၍မဆုံးအောင် ရှိနေတော့၏။

အခြားဆရာများ အချိန်တွင် စာကိုသာ လုံးဝ မနာယူချင်၊ နာယူ


mgyoe.com

mgyoe.com
SAMPLE BOOK


ချင်အောင် မဟုတ်ဘဲ နားထဲသို့ အတင်းသွင်းရမည်ဟု သင်ခန်းစာ တစ်ပြုံတစ်ခေါင်ကြီးကို ထိုးသိပ်သလို သင်ကြားသွားပြီး အချိန်စေ့လျှင် ထိုအတန်းမှ ထွက်သွားသောကြောင့် ထိုဆရာမျိုး အတန်းတွင်းသို့ ဝင်မိသည်နှင့် တပည့်များသည် စိတ်ကျဉ်းကျပ် ငြီးငွေ့ကာ "အချိန်မြန်မြန်စေ့ပါစေ"ဟု ဆုတောင်းကြသည်ချည်း များလေ၏။

ဆရာဟိန်ကား ပထဝီတွင် ရာဇဝင်ကလေး၊ နိုင်ငံရေးကလေး၊ အိမ်တွင်းရေးကလေးလည်း ညှပ်လိုက်ပြီး ဂဏန်းချိန်တွင် တပည့်တို့အား ဈေးသည်တစ်ယောက်၊ အင်ဂျင်နီယာတစ်ယောက် မိမိတို့ကိုယ်ကို ထင်မြင်စေကာ သင်ကြားသွားသောကြောင့် ပျော်လည်းပျော်၊ သင်ခန်းစာကိုလည်း မှတ်မိလျက် ဆရာ့အလှည့်ကို အထူးတောင့်တကြ၏။ ဆရာ ဝင်လာသည်နှင့် တစ်တန်းလုံးပြုံးလျက် ညီညာစွာ မတ်တတ်ထကာ "ဝဲလ်ကမ်း"လုပ်ပြီး ကြိုဆိုလိုက်ကြသည်မှာ ဝံသာနုသမ္မတကြီးများကို မျိုးချစ်များက ကြိုဆိုသလိုပင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဆိုသလို သူ့နေရာနှင့်သူ ပျော်စရာကောင်းလှတော့၏။

အခြားဆရာများ အချိန်တွင် စက်ရုပ်ကဲ့သို့ မလှုပ်မရှား၊ သင်ခန်းစာတွေကို တကုန်းကုန်းရေးနေရ၍ ငြီးငွေ့နေရသလောက် ဆရာဟိန် ဝင်လာမှ စိတ်လက်ပေါ့ပါး၊ စကားပြောခွင့်ကလေးများ ရသဖြင့် ညွှန့်ညွှန့်တွင် မေခင် စိတ်ဆိုးသွားသည်ကို ကျေနပ်အောင် ချော့မော့ချင်သည်ကိုပင် မပြောသာလှ၍ မျက်နှာအမူအရာအားဖြင့်သာ တောင်းပန်နေရာ၊ ယခုတွင်ကား စကားရော လူရော ပါလာနိုင်ပြီဖြစ်၍ မေခင် အနီးတွင် ကပ်နေသော ကျောင်းသူတစ်ယောက်နှင့် နေရာချင်း လဲလှယ်ပြီး…

'ခင်က စိတ်ဆိုးတုန်းလား၊ ညွှန့်က ချစ်လို့ပါကွ'ဟု မေခင်၏ ခါးကို ဝင်ဖက်ရင်း ငုံ့၍ အရေးမစိုက်သလိုနေသော မျက်နှာကို ကိုယ်ကို ကိုင်း၍ အောက်ကနေ မော့ကြည့်ပြီး 'ကောင်မက ဒါကလေးများနဲ့တောင် စိတ်ဆိုးသွားတာ၊ သူ့လူ ပေးရမယ်ဆိုလို့ သိပ်နာသွားတာ ထင်ပါရဲ့'ဟု မခံချင်အောင် ထပ်၍ပြောသဖြင့်…

'ညွှန့်ကို မခေါ်တော့ဘူး၊ ဘာကြောင့် မခံချင်အောင် စ တုံး၊ သွား၊ လာမချွဲလာပါနဲ့'ဟု ဖက်ထားသောလက်ကို ခါတွက်ဖယ်ရှား၍ ချသဖြင့်


mgyoe.com

ညွန့်၏လက်မှာ ကုလားထိုင်နောက်မှီနှင့် သွား၍ခတ်မိသဖြင့် 'ကျွတ်... ကျွတ်... သူ သိပ်စိတ်တိုတာပဲ၊ ဒီက သူငယ်ချင်းမို့ ချစ်လို့ ကစားတာ၊ သူ တကယ်စိတ်ဆိုးပြီး လုပ်တာ'ဟု နာသွားသော လက်ဖျားကလေးများကို အာငွေ့ပေးရင်း ကျန်လက်တစ်ဖက်ဖြင့် ပွတ်သပ်နေပြီး တကယ်ပင် နာသွားသည့်အတိုင်း မျက်ရည်ကလေးများပင် ဝိုင်းလာသဖြင့်...

မကြင်ရီကလည်း ညွန့်လက်ဖျားကလေးများကို ကိုင်ကြည့်ရင်း တကယ်ပင် အထိနာ၍ နီပြီးရောင်ကြွလာသည်ကို မြင်သဖြင့် 'ခင်ကလည်း ကွယ်၊ ဟုတ်သားပဲ၊ လက်ကလေးကို ရောင်သွားတာပဲ၊ ဒါလောက် ဖြစ်လွန်းတော့ မကောင်းတော့ပါဘူး၊ သူ့ ချစ်လို့ စ တာ၊ သူက ကလေး ဆိုးကြီးလိုပဲ'ဟု ညွန့်လက်ကို အာငွေ့ပေးရင်း ကူပြောသဖြင့်...

မေခင် စိတ်ကျေသွားပြီး ငိုနေသောမျက်နှာ ဖော်ကာ ပြုံးလာလျက် 'စ တာကိုး၊ စိတ်ဆိုးမှာပေါ့'ဟု ညီညာသော သွားကလေးများ ပေါ်လာအောင် ပြုံးပြီး 'သိပ်နာသွားလားညွန့်၊ ဒီက တကယ်နာအောင်တော့ လုပ်တာ မဟုတ်ဘူး၊ နောက် မစ အောင်လို့ စိတ်ဆိုးချင်ယောင်ဆောင်ပြီး ခါချလိုက်တော့ အရှိန်နဲ့ သွားခိုက်မိတာ၊ မှန်းစမ်း... ဟုတ်ပါတယ်ကွယ်၊ ရောင်ကို လာတာပဲနော်၊ ခင့်ကို စိတ်ဆိုးသွားပြီလား'ဟု ညွန့်၏ မျက်ရည်ဝဲနေသော မျက်လုံးကလေးများကို ကြည့်ရင်း 'ပေး... ခင်မှုတ်ပေးမယ်၊ နောက်လည်း ဘယ်လောက် စ စ စိတ်မဆိုးတော့ဘူးနော်'ဟု ကိုယ်ချင်းထိအောင် ကုလားထိုင်တစ်ခုတည်း ယှဉ်ထိုင်ပြီး စိတ်ကျေအောင် ပြောလိုက်မှ 'ညွန့်ကလည်း စိတ်မဆိုးပါဘူး၊ နာလို့ပါ'ဟု ပြန်ပြောကာ မျက်ရည်ဝိုင်းနေသော မျက်လုံးများဖြင့် ပြုံးလာမှ 'ကောင်မကလေး ငိုတော့မယ်၊ ရှက်ပါတယ်'ဟု မကြင်ရီက လှောင်ရင်း သုံးယောက်သား ရွှင်လာနိုင်လျက် နံနက်ပိုင်းက မကျေမနပ် ဖြစ်နေချက်မှာ အီတလီနှင့် ဂျာမနီ၊ ဂျပန်တို့လို ဖက်ဆစ်ဝါဒ နိုင်ငံချင်း စောင်မနေတော့ဘဲ မဟာမိတ်စာချုပ်ချုပ်ကာ ပခုံးချင်း ယှဉ်သွားသလို တစ်ယောက်ခါး တစ်ယောက်ဖက်ကာ ဆရာသင်သမျှ၊ ကြားသမျှကို ပြုံးပြုံးကလေး နာခံမှတ်သားနေတော့သဖြင့် လမင်းကို ကြယ်ရံသလို မေခင်၏ လှသောမျက်နှာ၊ ယဉ်သောကိုယ်ကို တစ်မျိုးအားဖြင့် ချစ်စရာကောင်းသော ညွန့်ညွန့်နှင့် မကြင်ရီတို့က ဆားက


mgyoe.com

mgyoe.com
SAMPLE BOOK


ရံလျက်နေသည်မှာ တစ်မျိုးပင် ကျက်သရေရှိသဖြင့် မောင်ကိုကြီးတို့၊ မြမောင်တို့ လူစုမှာ ကြည့်၍မငြီး ကနစိုးသီးဖြစ်ကာ မျက်စိဓာတ်စာကျနေကြတော့၏။

ကျောင်းဆင်းသောအခါ ခြယ်သထား၍ လှနေသော မျိုးတင့်ကို နောက်မှ ထီးမိုးပေးရင်း မြမောင်နှင့် မောင်ကိုကြီးက 'မောင်ရှင်လောင်း ခေါင်းပေါင်းရှည်သည်'ဟု ရတုအတိုင်ကို စ လိုက်သောကြောင့် အခြားသူငယ်ချင်းများက 'ရှိုး'ဟု သံပြိုင်လိုက်လျက် 'မောင်ရှင်ပုဆိုး ပိုးတွေထိုးလို့ ပုဆိုးဟောင်းလောင်း မောင်ရှင်လောင်းရဲ့ ဖင်ခေါင်း မြင်ရပါကလား... ဟား... ဟား'ဟု တစ်ဖန် ကောက်ပြန်သောကြောင့် အားလုံးက "ရှိုး"မလိုက်နိုင်ဘဲ ဝိုင်း၍ရယ်ကြရင်း ကျောင်းခန်းမှဆင်း၍ တစ်ပြုံကြီး ပျော်ပျော်ပါးပါး သွားကြသည်ကို ညွန့်ညွန့်၊ ကြင်ရီ၊ မေခင်နှင့် ကျောင်းသူမကလေးများကလည်း ပြုံး၍ ရယ်ကြည့်နေကြသောကြောင့် ညွန့်ညွန့်၏ မျက်နှာကို ကြင်ရီက လက်ဝါးကလေးဖြင့် သပ်ဟန်ပြုပြီး 'ဒါလောက် မကြည့်နဲ့အေ့၊ ဥစ္စာရှင်မြင်ရင် ဒေါသကြီးပါဘိသနဲ့' ဟု စ ပြန်သောကြောင့်...

မေခင်က 'လာပြန်ပလား၊ စ ချင်လိုက်ကြတာ'ဟု ပြန်၍ မာန်သလို ပြောလိုက်သဖြင့် 'ဒီကဖြင့် ဥစ္စာရှင် ဘယ်သူရယ်လို့ မပြောရသေးဘူး၊ မခံချင်တဲ့ လူများက ဘူးပေါ်သလို ပေါ်တော့တာပဲ'ဟု ကြင်ရီက ထပ်လောပြန်သဖြင့် 'ပြောကြပါ... ပြောကြပါ၊ ကိုယ့်အလှည့်ကျမှ ထိုင်ငိုရအောင်ကို ပြောဦးမယ်'ဟု မေခင်က နှုတ်ခမ်းစူပြရင်း 'လာ... သွားကြမယ်'ဟု ရှေ့က ခေါင်းဆောင် ထွက်သွားသောကြောင့် 'ရှေ့က မောင်ရှင်လောင်းက အလှူလှည့်သွားတော့ ဒီက သတို့သမီးကိုလည်း နားထွင်းမင်္ဂလာ ပြုကြရအောင်'ဟု ကျောင်းသူမကလေးများက တညီတညာတည်း နှစ်ယောက်တစ်တွဲ အလှူလှည့်သလို လိုက်ကြသောကြောင့် မေခင်က လှည့်ကြည့်ပြီး 'သူ့အကြံချည်းပဲ'ဟု ညွန့်ညွန့်ဖိုက် ဆွဲလိမ်သောကြောင့် 'ညွန့်က ဘာမှ မပြောရပါဘူးတော်၊ မကြင်ရီက ခေါင်းဆောင်တာပါ၊ ကုလားမနိုင်လို့ ရခိုင်မမဲချင်ပါနဲ့'ဟု ပြောရင်း 'မစချင်ပါနဲ့ရှင်၊ သူ မကြိုက်တာ သိပ်ကစားရင်လည်း "ကျီစားသန် ရန်"တဲ့'ဟု ဖျန်ဖြေသလို ပြောကာ


mgyoe.com

mgyoe.com  SAMPLE BOOK 

ဣန္ဒြေနှင့် ထွက်သွားသောကြောင့် ပြုံးပြုံးရွှင်ရွှင်နှင့်ပင် အားလုံး လူစုခွဲကာ မိမိတို့ ဆိုင်ရာလမ်းများမှ အိမ်သို့ ပြန်ကြလေ၏။

မခေင်၏စိတ်တွင် အများက လှောင်ဖန်များသည်တစ်ကြောင်း၊ နဂို ယောကျ်ားပီသလျက်ရှိသော မျိုးတင့်၏ မျက်နှာပုံပန်းနှင့် ကိုယ်ဟန် အချိုးအစားတွင် ခါတိုင်း ပင်နီအကြမ်း၊ ယောမဲပုဆိုး၊ မန္တလေးပိုးလုံချည် တစ်ပတ်ရစ်တို့ကို ဝတ်စဉ်က မထူးခြားလှသော်လည်း ယခုလို ပြင်ဆင် လိုက်သောအခါ နဂိုရုပ်ကို သိသိသာသာကြီး ထူးခြားသွားစေသောကြောင့် ယနေ့ နှစ်ကြိမ်မျှ မြင်လိုက်ရသော မျိုးတင့် ရုပ်ပုံမှာ မျက်စိတွင် မသိ မသာကလေး စွဲကျန်ရစ်လေ၏။ စိတ်တွင်ကား "မုန်းစရာ ကောင်းတဲ့ လူပဲ"ဟူ၍ပင် ထင်မြင်မြဲ ထင်မြင်လျက် ရှိနေသောကြောင့် မိမိကိုယ်ကို ပြောင်းလဲမှန်းမသိ ရှိနေ၏။

## အခန်း (၃)

အချိန်၏ ပြောင်းလဲ ရွေ့လျောလာခြင်းကို မသိလိုက် မသိဘာသာ နေသူ များအဖို့ မထူးခြားသော်လည်း ကဆုန်၊ နယုန် မိုးဦး လေဦး လာပြီးနောက် မိုးအဆက်မပြတ် သည်းမတတ်ရွာသည့် ဝါဆိုလဦးသို့ ရောက်ခဲ့ပြီဖြစ်၍ သံဃာတော် အရှင်မြတ်များပင် ခရီးဒေသစာရီ ဖြန့်ချိနေရာမှ တစ်ဝါ တစ်သီတင်း ကိန်းအောင်းမည့် နေရင်းဌာနများသို့ပင် ပြန်ရောက်လျက် ဝါကပ်ရန် ပြင်ဆင်သောအခါတိုင် ရောက်လာတော့၏။

ဆရာဟိန်၏ နှိုးဆော်ချက်အရ ကုလားများ ပေါများသော မြစ်ကြီး နား အစိုးရအထက်တန်းကျောင်းတွင် မြန်မာအသင်းတစ်ခု ထမြောက်သွား လျက် ဝါဆိုပန်းကပ်ပွဲကို အကြီးအကျယ် ဆင်နွှဲကျင်းပရန် မြန်မာ ကျောင်း သူ ကျောင်းသားများနှင့် ဗုဒ္ဓဘာသာ ဂေါ်ရခါးများ၊ ဟိန္ဒူကျောင်းသား များပါ အထူးစိစဉ် အလုပ်များနေကြတော့၏။

'မိုးကတော့ ရွာမယ့်ပုံပဲဆရာ၊ ကျွန်တော်တို့ သွားလို့ ဟန်မှ ဟန် ပါ့မလားပဲ'ဟု ဘတ်(စ်)ကား အပေါက်မှ လက်ကိုထုတ်၍ မိုးရေခံရင်း ကျောင်းသားတစ်ယောက်က ပြောသဖြင့်...


mgyoe.com

mgyoe.com
SAMPLE BOOK


'စီစဉ်ပြီးမှတော့ သွားမှပဲ၊ နောက်ပြီး ကားနဲ့လည်းဖြစ်တော့ မိုးရွာလည်း စိုးရိမ်ဖို့ မရှိပါဘူး'ဟု ဆရာက ပြန်ပြောရင်း 'မိန်းကလေးများ ကားက ရှေ့ကသွားရင် မကောင်းဘူးလား'ဟု အကြီးအမှူးလုပ်သူ မင်းကတော် ဒေါ်မိလေးကို လှမ်း၍ ပြောသဖြင့် နောက်က လိုက်ပါလာသော ကားမှ မင်းကတော်ကလည်း 'ဟုတ်တယ်၊ ယောကျ်ားတွေက နောက်က လိုက်ခဲ့ပေတော့၊ ကျွန်မတို့ သွားနှင့်မယ်၊ ဒါမှ ဟိုမှာချက်ပြုတ်ပြီး အဆင်သင့်ရှိမှာပဲ၊ ဒါပေမဲ့ အဖော်ယောကျ်ားကလေးတော့ ထည့်လိုက်ဦးလေ'ဟု ပြောသဖြင့် 'မောင်မျိုးတင့်နဲ့ မောင်ဘအောင် ထည့်လိုက်မယ်' ဟု ယုံကြည်စိတ်ချရသော ကျောင်းသားနှစ်ယောက်ကို မိန်းကလေးများ ကားတွင် အစစ ကူညီရန် ထည့်လွှတ်လိုက်သောကြောင့်၊ မျိုးတင့်နှင့် ဘအောင်တို့ပါ ဒရိုင်ဘာထိုင်သော ရှေ့ပိုင်းကစီးရင်း လိုက်ပါသွားသဖြင့် ကားထွက်လိုက်သည်နှင့် အစုအရုံးများလျှင် ပျော်ရွှင်စိတ်သည် အလိုလို ထွက်ပေါ်လာတတ်သည်အတိုင်း မိန်းကလေးများနှင့် ဆရာမများပါ ညာသံပေး၍ ကျန်သောကားမှ လူစုကို လှောင်ပြောင်အော်ဟစ်သွားကြသောကြောင့် ကျန်သောကားမှလည်း အညံ့မခံဘဲ ပြန်လှန်အော်ဟစ် ညာသံပေးကာ ကားကိုယ်ထည်နှင့် အမိုးရော ကြမ်းပါ တီးခေါက်ရိုက်နှက်ကာ ကျွက်ကျွက်ဆူလျက် ကျန်ရစ်ခဲ့ကြလေ၏။

ကားသည် မြစ်ကြီးနားမြို့တွင်းမှ ထွက်၍ မြစ်ဆုံသို့သွားသော လမ်းအတိုင်း စိုင်းနှင်လျက်ရှိရာ၊ ကျောင်းသူမကလေးများမှာ အိမ်တွင် လူကြီးမိဘများရှေ့၌ ကျပ်တည်းစွာ အချုပ်အနှောင်နှင့် နေရသလို ရှိရာမှ လွတ်လပ်စွာ မိမိတို့အချင်းချင်း ဆုံစည်းမိသောအခါ ပျော်ချင်းတိုင်း ပျော်၍ နေကြလေ၏။

"မှုံရွှေရည်... ခိုင်မာလာနှင်းဆီ၊ ဒန်ဒလန်... ဒန့်၊ မိုင်ဒါလင့်ဆွိတီ၊ ပွိ... ပွိ ပွိ... ခင်ခင်ပျို့မဒီ၊ နှင်းဆီကို လက်လှမ်းကာနေသည်၊ ထွိ... ထွိး...ထွိ (အို... ဘာတဲ့) ညွန့်ညွန့်ကလေးကွ၊ တညွန့်တည်း ရှိတယ်... ဟုတ်ပီ၊ မှုံရွှေရည် ခိုင်မာလာနှင်းဆီ၊ ဒန်... ဒလန်... ဒန်။ မိုင်ဒါလင် ဆွိတီ၊ ပွိး ပွိ ပွိ၊ ခင်ခင်ပျိုမဒီ နှင်းဆီခက်ကို လက်လှမ်းကာနေသည်။ ဒွိ... ဒွိး ဒွိ၊ သွေရာချို သွေးရာချို၊ ဖူးပွင့်ငုံဝေစီ။ တူး တူ တွိ၊ တူး တူ


mgyoe.com

mgyoe.com
SAMPLE BOOK


တူ၊ တူး တူ တူးတူ... တူ၊ ဂေါ်ဂေါ်ဂေါ်ဂေါ်... ဂေါ်... မှုံရွှေဝတ်နဲ့ ရွှေနှင်းဆီ၊ သုန်လေညှတ်တော့ ဆွတ်ချင်သည်၊ ရွှေနှင်းဆီ သင်းပျံ့အေးကြူ ကြည်။ တူးတူတီ ဟုတ်ပီ၊ သိပ်ကောင်းတဲ့ အသံ၊ ရှေးဘဝက ခွေးမ တိုင်ချည်ရိုက်ခဲ့တဲ့ အကျိုးတွေပေါ့...'ဟု ပါးစပ်ဆိုင်းနှင့် လက်ခုပ်လိုက် နေရာမှ တစ်ယောက်က ဖောက်လိုက်သောကြောင့် 'ဝေါ'ခနဲ ပွဲကျသွားကြ လေ၏။

မင်းကတော် ဒေါ်မိလေးနှင့် ဆရာမဒေါ်နှင်းရင်၊ ဒေါ်လှကြည်တို့ မှာလည်း ကျောင်းသူများ ဆိုသမျှ၊ တီးသမျှကို လိုက်လျောကာ၊ လက်ခုပ် တီးကာ အားပေးကြလေရာ မော်တော်ကား ဒရိုင်ဘာနှင့် မျိုးတင့်၊ ဘအောင်၊ စပယ်ယာ မွတ်တရားတို့ လူစုမှာ လူနည်းစု ဖြစ်နေသောကြောင့် မိန်း ကလေးများကို တုပြိုင်ခြင်း၊ ရောနှောခြင်း မပြုဘဲ ကျိတ်ပြုံးကာ လိုက်ခဲ့ ရာ ကားနောက်မြီးမှ ခြေနင်းတွင်ရပ်လျက် သံကိုင်းလက်ကိုင်ကို ဆွဲကာ လိုက်ပါလာသော စပယ်ယာ မွတ်တရားမှာ မိန်းမပျိုကလေးများ သီဆို အော်ဟစ် ပြောင်လှောင် ပြက်လုံးထုတ်သမျှကို အထူးသဖြင့် ကျေနပ် ရွှင်မြူးစွာ ပါးစပ်အပြဲသားနှင့် လိုက်ပါခဲ့ရာ၊ နက်မှောင်သော အသား တွင် အဖြဲသားနေသော ပါးစပ်မှ ဖြူဖွေးသော သွားများမှာ အထင်းသား ပေါ်လျက်နေရာ အနီးဆုံး နောက်မြီးမှ ထိုင်လိုက်သူ ဆရာမဒေါ်လှကြည် မှာ ပျော်တတ်သူ ဖြစ်သည့်အတိုင်း မင်းကတော် ဒေါ်မိလေးကို တံတောင် နှင့် တို့ရင်း 'မင်းကတော်၊ ကားနောက်မှာ သရဲပါလာတယ်တော်'ဟု လက်ခုပ်တီးရာမှရပ်ကာ မျက်နှာအတည်နှင့်ပြောရာ၊ ဆူညံသံများကြောင့် ကောင်းစွာမကြားရသဖြင့် ကျောင်းသူမကလေးများကို အဆူရပ်ရန် လက် ကာ၍ပြပြီး ဒေါ်လှကြည်၏ ပါးစပ်နားကို သူ့နားကပ်၍ နားထောင်သဖြင့် 'သရဲ ကားနောက်မှာ ပါတယ်'ဟူသော အသံကို ကြားရသောအခါ တုန် လှုပ်၍ သွားလေ၏။

'တကယ်လား ဆရာမ'ဟု တိုးတိုးကပ်ကာ မျက်စိမျက်နှာ ပျက် လျက်မေးရာ ကျောင်းသူကလေးများမှာ မိန်းမကြီးနှစ်ယောက်၏ အရေး ကြီး၍ ကြောက်ရွံ့ဖွယ်သော အမူအရာကို မြင်ရသောအခါ တစ်ယောက် ၌ ဖြစ်ပေါ်နေသော စိတ်အမူအရာသည် မိန်းကလေးအားလုံးသို့ ကူးစက်


mgyoe.com

mgyoe.com  SAMPLE BOOK 

သွားစေလျက် ကျောထဲမှ စိမ့်၍လာသလို၊ ရင်ထဲမှ ခုန်၍လာသလို ဖြစ်သွားကြလေ၏။

'တကယ်ပါ မင်းကတော်၊ နောက်လှည့်မကြည့်နဲ့၊ ကောင်မကလေးတွေလည်း လန့်ကုန်ဦးမယ်၊ အသာနေ'ဟု မျက်နှာထားနှင့် ပြောသဖြင့် မင်းကတော်မှာ ကြောက်တတ်သူ ဖြစ်သည့်အတိုင်း ဒေါ်လှကြည်ကို ကိုယ်ချင်း ထိအောင်ကပ်ပြီး မျက်စိမျက်နှာပျက်လျက် တုန်လှုပ်နေပုံ ရ၏။

'ဘာလဲ အစ်မ၊ ဘာတဲ့ အစ်မ'ဟု တစ်ယောက်တစ်ခွန်း သိချင်ဇောနှင့် မေးကြရာ ဒေါ်မိလေးက 'ဘာမှ မဟုတ်ပါဘူး၊ ကားသာ မြန်မြန်မောင်းပေဟ့၊ ကားမြန်မြန်မောင်း'ဟု ဒရိုင်ဘာအား အော်ဟစ်၍ ပြောနေသဖြင့်၊ ထိုခရီးမှာ မိုးရာသီတွင် တစ်ခါတစ်ရံ ဆင်နှင့် တွေ့တတ်သဖြင့် ဆင်များ လိုက်လာလေသလားဟု တွေးကာ အထူးစိုးရွံ့ကြောက်လန့်လျက် တစ်ယောက်ခါး တစ်ယောက်ဖက်ကာ လည်ကုပ်ကလေးများ ပုဝင်၍နေကြရာ ဆရာမဒေါ်နှင်းရင်မှာ သတ္တိကောင်းသူ ဖြစ်သည့်အတိုင်း 'ဘာလဲ မင်းကတော်'ဟု မျက်နှာချင်းဆိုင်ခုံမှ ကူးလာပြီး ကပ်၍မေးသဖြင့် 'သရဲတဲ့ ဆရာမ၊ ကားနောက်မှာ ပါလာသတဲ့၊ ကျွန်မလည်း မကြည့်ဝံ့ဘူး ဆရာမ၊ ဆရာမ မလှကြည် ပြောတယ်'ဟု တုန်လှုပ်လျက် ပြန်ပြောရာ၊ 'ဟုတ်လား ဆရာမ၊ ဘယ်မလဲ'ဟု ဒေါ်လှကြည်အား လှမ်း၍မေးသဖြင့် ဒေါ်လှကြည်က မျက်စိတစ်ဖက် မှိတ်ပြပြီး ကားနောက်က ပါလာသော မွတ်တရားကို လက်မနှင့်ကော့၍ နောက်ပြန်ပြသောကြောင့် ဒေါ်နှင်းရင်မှာ ဒေါ်မိလေး၏ ကြောက်တတ်ပုံနှင့် ကျောင်းသူများ လန့်နေသည်ကို မြင်ရသောအခါ မအောင့်နိုင်တော့သည့်အတိုင်း ဟက်ဟက်ပက်ပက် ရယ်လိုက်သောအခါမှ အားလုံးပင် ကြည်လင်ရွှင်ပျလာလျက် 'ဘာလဲ အစ်မ၊ ကျွန်မတို့ဖြင့် မင်းကတော်ကြည့်ပြီး ကြောက်နေရတာ၊ ဘာမှန်းလဲ မသိဘူး၊ ကျောစိမ့်လာပြီ'ဟု မေးကြသောကြောင့် 'သရဲလိုက်လာတယ်၊ ကားနောက်မှာ' ပြောရာ ပို၍လန့်သွားပြီး 'အဟုတ်လား ဆရာမ'ဟု ကြောက်သောအရာကို ပို၍ကြည့်ချင်သည့်အတိုင်း ကားနောက်မြီးကို ကြည့်လိုက်ရာ'ဟိုမှာ' ဟု လက်ညှိုးထိုး၍ ပြလိုက်သဖြင့် ပါးစပ်အဖြူသားနှင့် မျက်လုံးကြောင်လျက် လိုက်ပါလာသော မွတ်တရားကို မြင်သောအခါ 'ဝေါ'ခနဲ မအောင့်နိုင်အောင် ရယ်ကြလေ၏။


mgyoe.com

ဒေါ်မိလေးမှာလည်း ဆရာမဒေါ်လှကြည်အား ဆွဲ၍လိမ်ရင်း 'သိပ်ချောက်တတ်တဲ့ ဆရာမ၊ ဒီကဖြင့် တကယ်မှတ်ပြီး လန့်လိုက်တာ။ တောကြီး တောင်ကြီးထဲမှာ မချောက်ကောင်းပါဘူး'ဟုပြောရင်း ပြုံးလာနိုင်တော့သဖြင့် အထူးပျော်ရွှင်၍ သီချင်းသံမှာလည်း အဆက်ပြတ်သွားလေ၏။

အာရုံကလည်း သီချင်းမှ ပြတ်သွားလျက် သီဆိုအော်ဟစ်ရသည်မှာ အာခေါင်များခြောက်ပြီး ပါးစပ်ညောင်းကာ လက်ဖဝါးနုနုကလေးတွေမှာလည်း ကျိန်းလှပြီဖြစ်သောကြောင့် သီချင်းဆက်၍ မဆိုတော့ဘဲရှိသဖြင့် တဝိဝိ တဒီဒီ ပြေးနေသော ကားသံနှင့် လမ်းပေါ်ရှိ ကျွန်းဖက်ခြောက်များနှင့် သစ်ရွက်များကို ကားဘီးဖြင့် ဖြတ်ကျော်ရာ၌ မြည်သွားသော ချိုးချိုးချောက်ချောက်သံမှတစ်ပါး ငှက်ကလေးများ မြည်သံကိုသာ ပတ်ဝန်းကျင်မှ ကြားရတော့သဖြင့် ပျင်းစရာလို ဖြစ်နေတော့၏။

'သီချင်းရပ်သွားတော့လည်း ပျင်းစရာကြီး ဖြစ်နေပြီ၊ ဆိုဦးကွယ် တစ်ယောက်ယောက်'ဟု သီချင်းဆိုရန် ဆရာမဒေါ်နှင်းရင်က တိုက်တွန်းသဖြင့် 'ညွန့်တော့ ဆိုရလွန်းလို့ အာခေါင်ကိုခြောက်လို့ ခေါင်းတောင်ခဲလာပြီ အစ်မ'ဟု ပြန်ပြောသဖြင့် 'ကျွန်မတို့လည်း ရောဆိုရတာပဲ၊ လက်ဖဝါးတွေလည်း ကျိန်းကုန်လို့ ဘယ်သူမှ ဆိုနိုင်တော့မှာ မဟုတ်ဘူး။ မွှတ်တရား ဆိုခိုင်းပါလား'ဟု မကြင်ရီက ပြောသဖြင့်...

'ကဲ... ဟုတ်တယ်၊ ဟော့... မွှတ်တရား သီချင်းဆို'ဟု ခိုင်းပြန်ရာ...

'အာမ၊ ကျွန်တော် တချင်း မရှိတတ်ဘူး၊ ကုလားတချင်းလည်း မွရဘူး၊ ဘရမာတချင်းလည်း မွရဘူး'ဟု ခေါင်းယမ်းကာ လက်ပြရင်း ငြင်းနေသဖြင့် 'ဟုတ်ပါတယ်၊ ဒီကုလား ဆိုလို့လည်း နားငြီးရုံပြင် မရှိပါဘူး၊ တခြားလူ ဆိုပါစီလား'ဟု အကြံပေးရင်း ကားရှေ့ပိုင်းကို မေးငေါ့၍ ပြသဖြင့် ဒေါ်မိလေးက သတိရလာပြီး 'မောင်ဘအောင် သီချင်းဆိုကွယ်'ဟု ခိုင်းရာ 'ကျွန်တော် ဆိုရင် အန်တီတို့လူစု နားပိတ်ထားရလိမ့်မယ်'ဟု ပြောသဖြင့် 'ဘာလို့လဲ၊ ကျယ်လွန်းလို့လား၊ မကောင်းလို့လား'

'မပြောပါနဲ့ အန်တီရာ၊ ကောင်းလည်း မကောင်းတဲ့အပြင် အသံလည်း မရ၊ သီချင်းတစ်ပုဒ်ဆိုရင် တစ်ဒါဇင်လောက် ပါသွားပြီး တောင်


mgyoe.com

mgyoe.com
SAMPLE BOOK


ရောက် မြောက်ရောက်နဲ့ ဘယ်သီချင်းမှ အဆုံးမရဘူး၊ အသံကလည်း ငါးပေါက်လည်းမဟုတ်၊ ခြောက်ပေါက်လည်းမဟုတ်၊ ခုနစ်ပေါက်ခွဲသံ'ဟု ပြောသဖြင့် 'အို… ဘာသံဖြစ်ဖြစ် ဆိုသာဆိုပါ'ဟု အားလုံးက ရယ်ရင်း ဖွတ်တွန်းကြသောကြောင့် 'မအေးမိရဲ့အပေါ် ဆိုးချင်သလို ဆိုးပါ'ဟူသော သီချင်းကို အသံတည်လိုက်သည်နှင့် တစ်ပြိုင်နက် အသံမှာ နားထောင်၍ မရအောင် တကယ်ပင် စိတ်ပျက်စရာ ဖြစ်နေသည့်အတိုင်း ဝိုင်း၍ရယ်ကြ သဖြင့် 'ဆန်းချင်သလိုဆန်းပါ၊ မောင့်ကိုသာဖြင့် စိတ်ထဲက အသည်းရော အူရောခင်၊ အလှူ့တကာ ဘယ်မလဲ မမြရင်ရဲ့၊ ဖိတ်တဲ့အထဲတွင်'ဟု ရောက်ချင်ရာ ရောက်သွားပြန်သောကြောင့် အူနာမတတ် ရယ်ကြရပြီး၊ တောင်းပန်၍ အရပ်ခိုင်းလိုက်ရလေ၏။

'ကျွန်တော်ပြောတာမှ မယုံဘဲကိုး၊ ဒါကြောင့် ဘယ်တော့မှ သီချင်း မဆိုဘူး၊ အသံကောင်းကောင်းနဲ့ အဆိုအငိုပါမှ ကြိုက်မဲ့အပျိုသာဖြင့် ဒီ ဘဝ မပြောနဲ့၊ ဟိုဘဝတောင် မင်္ဂလာဆောင်ရမှာ မဟုတ်ဘူး'ဟု ဘအောင် က ထပ်၍ပြောသဖြင့်… 'တော်ပါ… မင့်အသံအကြောင်း ချီးကျူးမနေ ပါနဲ့'ဟု ဒေါ်နှင်းရင်က ပြောလိုက်ရလေ၏။

'အစ်မတို့က ရေလိုက်လွဲတာ၊ တကယ်ဆို ဖိုးစိန်ရှိလျက်နဲ့ ခုနစ် ပေါက်ခွဲ မျောက်မင်းသား လာခိုင်းတော့ ဘယ်ကောင်းကောင်းကြားရမလဲ၊ ဟောဒီမှာ ဖိုးစိန်… ဖိုးစိန်'ဟု မျိုးတင့်၏ ပခုံးကို ပုတ်ပြရင်း ပြောသဖြင့် 'အံမာ… မင်းဟာမင်း ဆိုပါဗျာ၊ ဒီလွှဲမချပါနဲ့'ဟု မျိုးတင့်က ပြောသော် လည်း 'ဟုတ်သားပဲ… မောင်မျိုးတင့် အလှည့်၊ ကောင်မလေးတွေတောင် ဆိုသေးတာ၊ မင်းက ရှက်မနေနဲ့'ဟု မင်းကတော် ဒေါ်မိလေးနှင့် ဆရာမ နှစ်ယောက်က အတင်းတွန်းကြသောကြောင့် မနေသာတော့သည့်အတိုင်း 'အသံမကောင်းရင် မလှောင်ကြနဲ့နော်'ဟု စကားခံလျက်…

*'လှိုင်းအပြိုင် တိမ်လုံ့လို့… ဂိန်ကဆုံ့ကွာပြီ… ချိန်နယုန့် ရာသီ မှာ၊ အို… ချိန်နယုန့်ရာသီမှာ ဝဠာဆီတခို… ဟို့… အို့။*

*'လစန်းရောင်… ရှိန်အလျှံကို… တိမ်ဖိတန်းဆီး၍ကာဆို့… စမ်း စိမ့်သည့် အခါမှာ၊ လဝါဝါဆိုစို့… ကပ်တခါ အတော်ညို့တာက ဇော် တချို့ ခိုယောင်။*


mgyoe.com

mgyoe.com
SAMPLE BOOK


*'ခပ်ပြာပြာ... မှိန်တခြမ်းငယ်နှင့်... တိမ်ခရမ်းပတ်လို့သာနှောင်... မရှာယောင် ရှာယောင်ငယ်... အာကာပေါင်... တိုင်းတဖွဲ့ဆီက မှိုင်းတဲ့၍ နိုးတက်ဖြာစီ၊ မိုးတက်လာပြီ၊ ပဒ္မုန်ပွင့် လျှပ်ထွေချီတယ်၊ အို ပဒ္မုန်ပွင့် လျှပ်ထွေချီတယ်... ဟဲ့အယ်၊ နတ်ဘောဘီ... စည်ဟိန်းလို့ လေး၊ နတ်ဘောဘီ... စည်...ဟိန်း...လို့ လေး... အေးဟေ့ အေ...'*

ရာသီအချိန်ကလည်း တစ်မိုးလုံး ပိတ်မှောင်ကာ အုံ့ဆိုင်း၍နေသော မိုးရာသီ၊ တိမ်တိုက်များကလည်း ကိုးမျက်နှာမှကာဆီးကာ မှုန်မှိုင်းနေသည့်အခိုက်၊ ဆိုလိုက်သော သီချင်းမှာ အခါရော ရာသီပါ၊ ကိုက်ညီနေသည့်ပြင် ကြည်လင်ခံ့ညား၍ လုံသောအသံနှင့် ပိုင်ပိုင်နိုင်နိုင် ဆိုလိုက်ပုံမှာ အတော်ပင် ထိကာငြိကာ ကြားရသူအပေါင်းတို့အား စွဲသွားစေတော့သဖြင့် အားလုံး သီချင်းသံနှင့် ရာသီ၏အရသာကို နှစ်သိမ့်စွာ အာရုံခံစားနေရာမှ သီချင်းဆုံးသည်နှင့် ဒေါ်နှင်းရင်ကပင်...

'သိပ်ကောင်းတယ်ကွာ၊ သိပ်ကောင်းတာပဲ၊ မင်းက(ဘားမိစ်)ဗမာစာပေလည်း လိုက်စားတာကိုး၊ ဒါကြောင့် ဒီရာသီ ဒီအခါကလေးနဲ့ လိုက်တဲ့ တေးထပ်ကို ရွေးဆိုတာ။ ဒါတောင် တကတဲ ပညာဝက်သိုထားသေးတယ်၊ ဆရာမ ပြောတာကို ထောက်ခံလို့ နောက်ထပ် သီချင်းတွေဆိုတာကို သဘောကျရင် လက်ခုပ်တီးပါ'ဟု ဒေါ်မိလေးက အော်လိုက်သဖြင့် အားလုံးပင် လက်ခုပ်တီးကာ ထောက်ခံကြသောကြောင့် မျိုးတင့်မှာ မငြင်းသာတော့သည့်အတိုင်း ဆိုရတော့မည် ဖြစ်ရာ–

'အခုလို တောထဲ တောင်ထဲမှာ ဟိုသီချင်းကိုဆိုရင် မကောင်းဘူးလား အစ်မ'ဟု ညွှန့်ညွှန့်က မေး၍ 'ဘာသီချင်းတုံး'ဟု ဆရာမက မေးပြန်သဖြင့် 'ဟိုသီချင်းပါ... ပါးစပ်ဖျားတင် မေ့နေတယ်၊ တောနဲ့ တောင်နဲ့ လိုက်တာ ဘာတဲ့လေ... ဒီသီချင်း'ဟု မျက်စိကို တွေတွေကလေး လုပ်ကာ စဉ်းစားနေပြန်သောကြောင့်–

'ဂန္ဓမာတောင်လား'

'မဟုတ်သေးပါဘူး'

'တောတောင်စွယ်လား'

'မဟုတ်ပါဘူး'


mgyoe.com

mgyoe.com SAMPLE BOOK


'ပန်းမြိုင်လယ်လား'

'အို... မဟုတ်ပါဘူး'

'နို့... ဒါဖြင့် ဘာလဲ၊ ရှေးသီချင်းလား၊ ကာလသီချင်းလား'ဟု ဝိုင်း၍ မေးကြသောကြောင့် 'ကာလသီချင်းတော့ မဟုတ်ပါဘူး'

'ဒါဖြင့် ကြိုးလား၊ ယိုးဒယားလား၊ ပတ်ပျိုးလား၊ ဘွဲ့လား၊ ရေလား ကုန်းလား၊ ဒါမှမဟုတ်ရင်... အဲ... အန် ရတု ရကန်'

'အဲ... အဲ... ရကန်... ရကန်'

'ဒါဖြင့်... ဖိုးသူတော် ဒုံးချင်းပေါ့'ဟု ဒေါ်လှကြည်က အသော ထုတ်လိုက်သောကြောင့် ဝိုင်း၍ ရယ်ကြရပြီး 'ရကန်ထဲကဆိုရင်၊ တောနဲ့ တောင်နဲ့ ပန်းအကြောင်းဆိုရင် သဇင်ပန်းဘွဲ့ ရကန်ပေါ့'ဟု မျိုးတင့်က ထောက်ခံလိုက်သောကြောင့် 'ဟုတ်တယ်... ဟုတ်တယ်၊ အဲဒါ ဆိုရင် သိပ်ကောင်းမှာပဲ'ဟု ညွှန့်ညွှန့်က ဝမ်းသာစွာ ပြောသဖြင့်...

'စိမ့်ကြီး မြိုင်ကြီး၊ ရိပ်ကြီး တောတောင်၊ နေရောင်မခံ ဆိုတာလား။ အဲဒါ ကောင်းသားပဲ'ဟု ဒေါ်နှင်းရင်က ထောက်ခံသဖြင့် 'ကောင်းတော့ သိပ်ကောင်းတာပဲ၊ ဒါပေမဲ့ လူတိုင်းလိုလို ရကြလို့ ရိုးသွားပြီ အစ်မရဲ့၊ သစ်ခွပန်းကို ဖွဲ့ထားတဲ့ သံချိုတစ်ပုဒ်တော့ ရှိတယ်၊ ဆိုရမလား'ဟု မေးသဖြင့်...

'ဒါဖြင့် ဆိုစမ်းပါဦး၊ ကဲ... နားရှက်မခတ်နဲ့တော်ရို့... နားရှက် မခတ်နဲ့'ဟု မကြင်ရီက ပြုံး၍ပြောပြီး၊ မေခင်ကို မေးငေါ့၍ မသိမသာ ပြသဖြင့် ပြုံးရင်း ညိတ်ကာ သီချင်းသံကို နားစွင့်နေကြလေ၏။

**သစ်ခွပန်းသံချို**

*ကံမရောက်ရှာဘူ၊ စွဲပေါက်ရာ မူလံမှ၊ ဘူမံတွင် နယ်မလပ်သော် ကြောင့် တွယ်ကပ်ကာ ရကွေ့မှီရ၊ ပုပ္ပမည် ရူပါဝါနှင့် လူဆရာ ပန်းထိမ် သည်တို့၊ သိင်္ဂီရွှေ...နန်းဆော်၍ ခက်သည့်နှယ်... ဆန်းသော်... နန်းတော် ဖြင့် မဆက်ရပေဘူး။ ပန်းလျော်ခက်... သစ်ခွခိုင်။*

*ဖူး အထွတ်ကိုလှ... ခူးဆွတ်ကာ မေမဒီတို့၊ နေရီလျှင် တင့်ဟန် ခိုက်စေဖို့၊ ကေသီတွင် ပွင့်တံစိုက်ရလျှင် မြင်လိုက်သူ ဘဝင်တုန်၍ တဒင် ကြို ငေးပြန်ရပါလိမ့်... ယဉ်ပုံမှာ လေးနန္ဒပါတဲ့... မွှေး ဂန္ဓလှိုင်။*


mgyoe.com

mgyoe.com SAMPLE BOOK

*တသော်က ငယ်နှင့်၊ ဒေါန ဂေါ်သဇင်ရို့၊ ပေါ်ထင်ထင် တော်ဝင် မှန်သောကြောင့်၊ ဖြူရိပ်စံ, ကေသီပေါ်ငဲ့မှာ၊ ဒေဝီခေါ် ဆင်အညွန့်ပါပဲ၊ ယှဉ်ဝံ့ပေါင် ဝနာဗွေမှ၊ ဂါရဝေ ဦးစုံသပါ၍၊ ခါသမယေ, ဖူးငုံရပါသတဲ့, ထူးဂုဏ်က မပ,နိုင်... သစ်ခွခိုင် ရွှေပန်း။*

*ဆန်းဒြပ်မှာတော့၊ ကမ်းခတ်အောင်, ပွေဓော်ဖြာလျက်ကယ်နှင့်၊ မြေပေါ်မှာ, ခြေမစိုက်နိုင်၍... လေလိုက်ကယ် သစ်ပင်မှီရပါတော့၊ မြစ်ရှင်ပြီ ညှော်သည် ပန်းပါတဲ့၊ မြိုင်တန်းတွင် ဂုဏ်မထယ်သောကြောင့် စုံလယ်မှာ ပုန်းကွယ်၍ ပွင့်ရှာရ... သိရ်မြင့်ပေါင်... ဂေါ်သဇင်တို့လိုဗျာ။ ပေါ်ထင်ထင်, တော်ဝင်ရပြီဘူး။ ခြား နားပန်... မြူးလွှံမြလိုပဲ၊ ထူးတဖန်... ဖူးတံနှင့် လှ,ပါဘိတော့တယ်...ကွယ်... တော...သစ်ခွ...ပန်း။*

'အဆိုကလည်းကောင်း၊ သံချိုကလည်း ကောင်းတော့ ကြားရတာ သိပ်ကောင်းတာပဲ၊ သစ်ခွပန်းကလေးဟာ သော်ကတို့၊ ဒေါနတို့၊ ဂေါ်သဇင်တို့လို နန်းသုံးတော်ဝင် မဟုတ်လို့ မြိုင်ထဲမှာ တခြားပန်းတွေနှင့် ရောမပွင့်ဝံ့ရှာဘူး။ လေယူရာ သစ်ပင်ကြီးပေါ်မှာ ညှော်သည်အဖြစ် အမြစ်တွယ်ပြီး စုံထဲမှာ ပွင့်ရပေမဲ့ ခြူးပန်းခြူးနွယ် ပန်းထိမ်သည် လက်ရာများလိုပဲ အခက်ဖူးတံကလေးနှင့် တစ်မျိုးလှတဲ့ အကြောင်း အဓိပ္ပာယ်ကိုပေါ်လို့ သစ်ခွပန်းကလေးကို သနားပြီး ချစ်ချင်စရာပဲ'ဟု ဒေါ်နှင်းရင်က ပြောသဖြင့်...

'ကျွန်မတို့လည်း သနားချင်တယ် အစ်မ၊ တောထဲရောက်ရင် ခူးခိုင်းရဦးမယ်။ ဟုတ်တယ်၊ ဒီသီချင်း ကြားရတော့ သစ်ခွပန်းကို လိုချင်လာတာပဲ'ဟု တစ်ယောက်တစ်ပါးစပ် ပြောရင်း ဆူညံစပြုလာတော့ရာ၊ နောက်ထပ် ဆိုရန်လည်း ဆိုမည့်သူ မရှိသောကြောင့် စပ်မိစပ်ရာ စကားများကို ပြောရင်း လာခဲ့ကြလေ၏။

'ဟော့... မောင်ဟဝါ ကားဆရာကလေး၊ အဲ့ဟိုရှေ့နားမှာ ရပ်ပါ၊ ရောက်ပြီ'ဟု မိန်းမကြီးများက အမိန့်ပေးသည့်အတိုင်း ကားကို သစ်ပင်ရိပ် ကောင်းကောင်းတွင် ထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက် မိန်းကလေးများမှာလည်း ကိုယ်စီ ကိုယ်စီ ယူစရာ ငင်စရာကလေးများကို ယူငင်၍ ဆင်းကြပြီး၊ မိန်းကလေးများ သယ်ပိုးရန် မလွယ်ကူသော စားစရာနှင့်


mgyoe.com

mgyoe.com SAMPLE BOOK


အိုးခွက်ထည့်သည့် တောင်းကြီးများကို စပယ်ယာမွတ်တားနှင့် ဘအောင်တို့၊ မျိုးတင့်တို့က သယ်ပိုး၍ချကာ နေစရာ ထိုင်စရာများအတွက် တောများကို ရှင်းတန်ရှင်း၊ အရိပ်ခိုရန် တဲကလေးများကို ကျွန်းရွက်များဖြင့် စိမ်သူက စိမ်လျက်၊ မိန်းကလေးများကိုမူကား ချက်ပြုတ်ကြော်လှော်ကြရန် မိန်းမကြီးများက ခန့်ခွဲစေခိုင်းလျက် ကိုယ့်အလုပ်နှင့်ကိုယ် မအားအောင် ရှိကြလေ၏။

မြစ်ဆုံတွင် စီးလျက်ရှိသော ရေယဉ်မှာ ကျောက်ကြိုကျောက်ကြား ချောင်းကျဉ်းကလေးများမှ စီးသည်ဖြစ်၍ လှပသော ဝဲဆိုင်, လှိုင်းဘောင်ဘင် ခတ်သံကလေးနှင့် ကျောက်ကမ်းပါးများကို ရိုက်ခတ်သံမှာ လွန်စွာသာယာလျက် စိတ်ချမ်းသာဖွယ် ကောင်းလှသည့်အတိုင်း မိန်းမပျိုကလေးများမှာ အထူးကြည်နူး ရွှင်ပျလျက်၊ လွတ်လပ်စွာ ပျော်ရွှင်ဟစ်အော်သီဆိုကာ လုပ်ငန်းတွင်တွင်လုပ်၍၊ ပြီးမှ ကစားရန် စိတ်စောလျက် ရှိကြလေ၏။

'ညွန့်ရေ... လာဟေ့၊ ရေသယ်ရအောင် ပုံးကလေးဆွဲခဲ့'

'ခင်... ခေါ်နေသလား၊ ညွန့်လာပြီ'ဟု အပြေးကလေး ပုံးနှစ်လုံးဆွဲကာ ပြေးလာပြီး ညွန့်ညွန့်နှင့် မေခင်တို့သည် ကမ်းဆီသို့ အပြေးအလွှားသွားကြပြီး၊ ကျောက်တုံးပေါ်တွင်ထိုင်ကာ ရေပုံးများဖြင့် ရေခပ်ပြီး ထမင်းဟင်း စိမ်နေသော နေရာသို့ သယ်ယူလျက် ရေပုံးကြီးများတွင် ဖြည့်ကာ ဒုတိယအကြိမ် အပြေးကလေးသွားကာ ကမ်းစပ်သို့ ဆင်းကြပြန်၏။ 'မောလိုက်တာကွာ၊ ခဏဆိုင်းဦးမယ်'ဟု ညွန့်ညွန့်က ပြောရင်း၊ ကျောက်တုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ရင်း လေကို အားရပါးရ ရှူကာ ရင်ကလေးဖိုလှိုက်ဖိုလှိုက်နှင့် ရှိနေရာ 'ခင်လည်း မောတယ်၊ နားကြစို့'ဟု အခြားမျက်နှာချင်းဆိုင် ကျောက်တုံးပေါ်တွင် ဝင်၍ထိုင်ပြီး လုံချည်ကလေးကို ဒူးထိဆွဲတင်၍ ဖြူဝင်းသော သလုံးသားကလေးများ ပေါ်အောင် ရေထဲချ၍ အမောပြေ နားပြန်လေ၏။

သက်ပြင်းရှူရင်း နားရာမှ အမောအနည်းငယ် ပြေသွားသည့်အတိုင်း 'သာယာတယ်ကွာ... သိပ်သာယာတာပဲ၊ ဟောဟိုက တိမ်တိုက်ကြီးဟာ တောင်အထွတ်ကိုဖြတ်ပြီး တရွေ့ရွေ့ သွားနေတာ လှတယ်နော်'ဟု မေခင်


mgyoe.com

mgyoe.com
SAMPLE BOOK


က ညွန့်ညွန့်ကို မကြည့်ဘဲ တိမ်တိုက်ကြီးကို လက်ညှိုးထိုး၍ ပြောလေ၏။

'ညွန့်လည်း အဲဒါတွေကိုကြည့်ပြီး ပျော်နေတာပေါ့၊ တောတွေ တောင်တွေလည်း စိမ်းလို့နော်၊ မိုးရေကလေးက ဖျန်းပေးတော့ လန်းလာတာပေါ့၊ လူတွေလည်း ဒီလိုပဲ၊ မိုးကလေးဖျန်းပေးရင် လန်းလာတာပဲ ထင်ပါရဲ့'ဟု ညွန့်ညွန့်က ပြောရာ...

'လူကို မိုးဖျန်းရင် နှာစေး ချောင်းဆိုး အအေးမိမှာပေါ့၊ ရှာရှာ ဖွေဖွေ'ဟု မေခင်က ပြန်ပြောလေ၏။

'သစ်ပင်ကိုဖျန်းတဲ့ မိုးရေက တစ်မျိုးကွ၊ လူကိုဖျန်းတဲ့မိုးက မေတ္တာဆိုတဲ့ မိုးပေါ့၊ တစ်ယောက်ကို တစ်ယောက် ချစ်ကြတာ ပြောတာ'ဟု ပြုံး၍ ပြောသဖြင့်...

'သူကဖြင့် တယ် စကားအဆန်း ပြောတယ်၊ ညွန့်ကို မေတ္တာမိုး ဖျန်းမယ့်လူများ ရှိနေပြီလား'ဟု မေခင်က ညွန့်ညွန့်၏ ပြုံးနေသော မျက်နှာကို မသင်္ကာသလို ကြည့်ရင်း ပြောသဖြင့် ညွန့်ညွန့်မှာ မျက်နှာတွင် သွေးရောင်ကလေးများဖြာ၍ နီလာအောင် ရယ်လျက် မပြောဘဲ ရှက်သလို နေသဖြင့်...

'ဟော... သူ မရိုးဘူး၊ ပြောစမ်းပါဦး၊ ညွန့်မှာ မေတ္တာမိုး ဖျန်းမယ့်လူများရှိရင် ခင် မသိရဘူးလား'ဟု အရောင်တောက်၍ ရွှန်းရွှန်းဝေကာ ရှက်သွေးဖြာလျက်ရှိသော ညွန့်ညွန့်၏ မျက်နှာကို သိလိုဇောဖြင့် ကြည့်ကာ မေးမြန်းရာ...

'အို... မရှိပါဘူး၊ ညွန့်က လူများတွေ ပြောသံကြားနဲ့ ဒီစကားကို သုံးတာပါ၊ ကဲ... သွားကြစို့၊ ရေကဖြင့် ဟစ်ခေါက်လား ခပ်ရသေးတယ်၊ နားကြတာက အရင်'ဟု စကားကို ဆက်၍မပြောတော့ဘဲ သူ့ပုံးတွင် ရေဖြည့်လျက် ရှေ့ကသွားနှင့်သောကြောင့် မေခင်လည်း ရေခပ်၍ ညွန့်ညွန့် နောက်က လိုက်ပါသွားရလေ၏။

"ညွန့် မျက်လုံးရွှင်နေတာဟာ ခါတိုင်းထက်တောင် အရောင် တောက်သေးတယ်၊ တစ်မျိုးပဲ၊ သူ့မှာ ချစ်နေတဲ့လူ ရှိလို့သာ ဒီစကားမျိုး ပြောတာ ထင်ပါရဲ့"ဟု ညွန့်ညွန့် ကိုယ်ကလေးကိုပင် မသင်္ကာသလို နောက်ကကြည့်ရင်း အကဲခတ်ကာ တဖြည်းဖြည်း လိုက်ခဲ့ရာ "ရည်းစား


mgyoe.com

mgyoe.com SAMPLE BOOK



ထားရတာနဲ့ ပျော်တယ်ဆိုတာ ဘယ်လိုများ ပျော်မလဲ မသိဘူး”ဟု သူ့ကိုယ်သူ မေးခွန်းထုတ်မိလေ၏။

‘ရေခပ်သွားလိုက်တာ စကားများနေကြတယ် ထင်တယ်၊ ကြာလိုက်တာ၊ ညည်းတို့နှစ်ယောက် နားကြပြီး ဒီမှာ ကူကြဦး။ မကြင်ရီရယ်၊ မစောနုရယ် တစ်လှည့်သွားခပ်ကြဦး’ဟု ဒေါ်လှကြည်က ပြောသဖြင့် မကြင်ရီတို့ကို ရေပုံးများပေးပြီး ညွန့်ညွန့်နှင့် မေခင်တို့မှာ ကြက်သွန်သင်၊ ငရုတ်သီးထောင်း၊ အိုးခွက်များဆေး၊ ကူလျက် နေကြလေ၏။

ကားသမားနှစ်ယောက်နှင့် ဘအောင်တို့မှာ တဲများထိုး၊ ထမင်းစားရန် ဖက်များခူးလျက် အလုပ်များနေကြရာမှ ဘအောင်က…

‘ကိုမျိုးတင့်ဆိုတဲ့ သီချင်းတော့ အတော်သဘောကျပုံ ပေါ်သွားပြီ ဆရာ၊ ခင်ဖျားကောင်မလေး ခုနေခါမှာ ညူရင်တော့ အပါပဲ’ဟု တဲတိုင်ကို မြေဖို့ရာမှ လှမ်း၍ပြောလိုက်သဖြင့်၊ မျိုးတင့်က ဒရိုင်ဘာကို မေးငေါ့၍ ပြကာ မျက်စိတစ်ဖက်မှိတ်လျက် “ကြားသွားမယ်”ဟူသော အရိပ်လက္ခဏာ ပြလိုက်မှ ဘအောင်မှာ စကားမစပ်ဘဲ ရှိလေ၏။

‘ဟုတ်တယ်၊ တကယ်ပြောတာ၊ အချစ်ဆရာကြီးများက မိုးရာသီမှာ တဖွဲဖွဲနေတဲ့အခါ အချစ်ဓာတ်ကလေးလည်း လှုံ့ဆော်ပြန်၊ အိမ်ထဲက အောင်းပြီး တိမ်ကလေးကြည့်ပြီး လေကလေးဝေ့တာကို စိတ်ကူးပြီး အချစ်နိုးကြွတဲ့အတွက် ယောကျ်ားကလေးများဟာ မိန်းကလေးများကို ကြံလို့ဖန်လို့ အခွင့်အသာဆုံးလို့ ပြောကြတာပဲ၊ ခင်ဖျားလည်း အဆိုကလေးနဲ့ စထားပြန်တော့ အသည်းထဲ ငြိနေတဲ့အခါ သူ့အလိုကျ ဟိုဟာကလေးကူ၊ ဒီဟာကလေးကူ၊ ပန်းကလေး ဘာကလေး ခူးပေးလိုက်ရင် ရွှေဘောတော်ကျပြီး ကရုဏာဒလဟောနဲ့ စဘောခွေ့စွားမယ်’ဟု တိုးတိုးကျိတ်ကျိတ်ကပ်ကာ မျက်လုံးမျက်စ လက်ဟန်ခြေဟန်နှင့် ထပ်၍ ပြောနေပြန်သောကြောင့် မျိုးတင့်က ပြုံးနေလိုက်ရာမှ…

‘ဒါတွေ ဘေးချိတ်ထားစမ်းပါဦး၊ တဲသာ ပြီးအောင်ဆောက်စမ်းပါ၊ ကျုပ်တို့ဆရာက ပိုးဖို့ထည့်လိုက်တာ မဟုတ်ပါဘူး၊ မိန်းကလေးတွေကို ကူညီဖို့’ဟု မျက်နှာတည်တည်နှင့် ပြောရင်း ဆက်လက်လုပ်နေလေ၏။

တဲထိုးပြီး အရိပ်ထဲတွင် ထားသင့်သော ပစ္စည်းများကို ရွှေ့ပြောင်း



mgyoe.com

mgyoe.com SAMPLE BOOK


၍ ထားပြီး မိန်းကလေးများအလုပ်ကို တတ်နိုင်သမျှကူညီရန် ဘအောင်နှင့် မျိုးတင့်တို့ သွားကြ၍ ကားသမားနှစ်ယောက်မှာ အပြန်တွင် ချောချောမောမော အနှောင့်အယှက်မရှိဘဲ ဖြစ်စေရန် ကားစက်ဖုံးကိုဖွင့်ကာ ချို့ယွင်းမည် ထင်ရသော နေရာများကို ပြင်ဆင်နေကြလေ၏။

'ကျွန်တော်တို့ တဲဆောက်ပြီးကြပြီ၊ အစ်မရာ... နားချင် အရိပ်ထဲ သွားနားကြပါဦးလား၊ ကူစရာ လောင်စရာရှိရင်လည်း ပြောပါ'ဟု မျိုးတင့်က မေးသဖြင့်...

'အဲဒီမှာ ကြည့်သာ ကူကြပေတော့၊ ရေကလေးဘာကလေး ဆွဲပေးတာပေါ့၊ ထင်းလည်း နည်းနည်းလိုတယ်'ဟု ဒေါ်မိလေးက ပြောလေ၏။

'ကူစရာတော့ အဲဒါရှိတာပဲ၊ လောင်စရာတော့ မီးရှိတာပဲ'ဟု ဒေါ်လှကြည်က အသောထုတ်ပြန်သဖြင့်...

'အစ်မသာ လောင်ပါ'ဟု ဒေါ်နှင်းရင်က ပြန်ပိတ်လိုက်သဖြင့် ရယ်စရာဖြစ်၍ သွားလေ၏။

'ဒါဖြင့် ခင်ဗျားက ထင်းရှာပေးတော့၊ ကျွန်တော် ရေသယ်မယ်'ဟု ဘအောင်က ပြော၍ ရေပုံးကို အရင်ဆွဲသဖြင့်...

'အလုပ်ဆိုရင် သက်သာတာ ရွေးလုပ်မယ်၊ အစားဆိုရင် ကောင်းတာကို အရင်စားမယ်'ဟု မကြင်ရီက ပြောသဖြင့်...

'ဒါက သူ့ဝါဒကိုး'ဟု ဒေါ်မိလေးက ပြုံး၍ ပြောလေ၏။

'ဒီလို သဘောထားလို့ မဟုတ်ပါဘူး၊ သူက ခြေထောက်ကို ရေထိရင် ခြေအေးဝမ်းရောင်ဖြစ်မှာ ကြောက်တယ်ဆိုလို့ပါ'ဟု ဘအောင်က ပြန်ချေသဖြင့် မျိုးတင့်က...

'သူကတော့ ထင်းခွေရင် ကိုဒါသလို မြွေပေါက်မှာ ကြောက်တယ်ဆိုလို့ပါ'ဟု ပြန်ပြောသောကြောင့် အားလုံးက ဝိုင်းရယ်ကြပြီး...

'အကယ်၍ သူ ထင်းခွေလို့ မြွေပေါက်ခံရတော့ မပဌာက ဘယ်သူတုံး'ဟု ဒေါ်လှကြည်က မေးသဖြင့်...

'မပဌာလား... မပဌာ မရှိသေးဘူး အစ်မရဲ့၊ အဲဒါအတွက် ခက်နေတာပေါ့၊ ဒါကြောင့် ထင်းမခွေရဲသေးတာ'ဟု ခေါင်းကိုကုတ်၍ ဘအောင်က ပြောသဖြင့်...


mgyoe.com

mgyoe.com


'ဒါလိုသာဆိုရင် မပူပါနဲ့၊ မပဋ္ဌာလုပ်ဖို့ အိမ်နားမှာ စိတ်နောက်နေတဲ့ ကုလားမတစ်ယောက် ရှိပါတယ်'ဟု ဒေါ်မိလေးက ပြန်ပြောသောကြောင့် ဘအောင်မှာ ဆက်လက် မပြောနိုင်တော့ဘဲ ရေပုံးကိုဆွဲ၍ သုတ်ခြေတင်သွားသောကြောင့် ဝိုင်း၍ ရယ်ကြပြီး မျိုးတင့်မှာလည်း ထင်းခြောက်များ စုဆောင်းရန် ဓားတစ်ချောင်းဆွဲ၍ ထွက်သွားလေ၏။

## အခန်း(၄)

အားလုံး ချက်ပြုတ်ပြီးစီး၍ အဆင်သင့် ဖြစ်ကြသော်လည်း ဆရာဟိန်ကြီးမှူးသော ယောကျ်ားကလေးများ ပါသည့်ကားမှာ မရောက်လာဘဲ ရှိသဖြင့် "လမ်းမှာ ကားများ ပျက်နေသလား"ဟု စိုးရိမ်မိကြလေ၏။

'ဒီက ကားနဲ့ သွားကြည့်ရင် လမ်းမှာ ပျက်နေတယ်၊ သို့မဟုတ် တစ်ခုခု ဖြစ်နေမယ်ဆိုရင် သိသိသာသာ မရှိဘူးလား'ဟု ဒေါ်လှကြည်က အကြံပေးရာ...

'ဒီလိုသွားကြည့်တာတော့ ကောင်းပါရဲ့၊ သူတို့ကားက ဘယ်နားလောက်မှာ ပျက်နေတယ်၊ သို့မဟုတ် အနှောင့်အယှက်တစ်ခုခု တွေ့နေတယ် အမှန်မသိတော့ သွားဖို့ခဲယဉ်းသားပဲ၊ ဒီကလူတွေလည်း ပြန်သင့်တဲ့အချိန် မပြန်နိုင်ရင် ပိုဆိုးမယ် မဟုတ်လား၊ ဒါကြောင့် ဒီကပဲ လေးနာရီထိ ပန်းခူးရင်း စောင့်နေကြလို့ မပေါ်လာရင် ပြန်တာပေါ့'ဟု မျိုးတင့်က အကြံပေးသဖြင့် ထိုအကြံပေးချက်ကို အားလုံးပင် သဘောကျကြသည့်အတိုင်း နောက်လာမည့်ကားကို မစောင့်ကြတော့ဘဲ နံနက်စာကို အားလုံးပင် ဝိုင်းကြီးတစ်ဝိုင်းလုပ်၍ စားကြလေ၏။

ဟင်းချိုအိုးကို အလယ်မှာထား၍၊ ဝါးဇွန်းရှည်ကြီးဖြင့်ခပ်၍ သောက်ကြသည်မှာ ပျော်စရာကြီး ဖြစ်လေ၏။ မြစ်ကြီးနား ဆန်ရင်းသားထမင်းမှာ ဖြူဖွေးကော့တောင့်နေသည့်ပြင် ကျွန်းဖက်ပေါ်တွင် ပုံ၍စားကြသဖြင့် ဖက်နံ့ကလေး တသင်းသင်းနှင့် မြိန်ချင့်စဖွယ်ဖြစ်၍နေရာ၊ ဘာလချောင်စပ်စပ် အချဉ်သနပ်၊ အာလူးအကြွပ်ကြော်၊ ဝက်သားနှပ်ချက်၊ ငါးပိရည်နှင့်၊ တို့စရာ အရွက်အညွန့်နှင့် အပြုတ်များမှာ အမည်မများသော်လည်း


mgyoe.com

စား၍မငြီးနိုင်အောင် ရှိလေ၏။ တစ်ခါ တစ်ခါ ဟင်းချိုဇွန်းနှစ်ချောင်းကို လူစေ့ကိုင်၍ သောက်နေသောအခါ နောက်လူများက စောင့်၍နေရလျက် စောင့်၍နေရသူချင်း ဇွန်းကို ပြိုင်တူကိုင်မိကြသောအခါ ပွဲကျ၍သွားလေ၏။

ဘအောင်သည် ဟင်းချိုဇွန်းကို တမင်ကိုင်ရင်း ခပ်ကြာကြာဆိုင်းပြီး သောက်နေသဖြင့်…

'ဟေ့ကောင် ဘာညစ်ပတ်တာတုံး၊ မြန်မြန်သောက်ပါ၊ ဇွန်းက နှစ်ချောင်း၊ လူက နှစ်ဆယ်ကျော်၊ လက်မလည်နိုင်တဲ့အထဲ မင်းက တမင်ကြာအောင် ထားတာ'ဟု ဒေါ်နှင်းရင်က ကြိမ်းမှ ဇွန်းကိုကမ်းပြီး…

'တမင်မဟုတ်ပါဘူး အစ်မရာ၊ ပူလို့ပါ'ဟု မဲ့ရွဲ့ကာ ပြောသဖြင့်…

'အံမာ… တမင်ယူထားပြီး'ဟု မိန်းကလေးများက ဝိုင်း၍ပွက်ကြကာ တစ်ယောက် တစ်လှည့်စီ သောက်နေတော့သဖြင့် ဘအောင်မှာ အလှည့်မကျနိုင်ဘဲရှိရာ၊ ဘအောင်က ဟင်းချိုအိုးနှုတ်ခမ်းကို လက်ဖြင့် "တဒတ်… ဒတ်"နေအောင် တောက်နေသောကြောင့်…

'ရှင့်လက်က ထမင်းတွေ ဟင်းချိုထဲ ဝင်ပါ့မယ်၊ ဘာလုပ်ပြန်တာတုံး'ဟု မိန်းကလေးများ ပြောသဖြင့်…

'ဟင်းချိုဇွန်းကို ကြေးနန်းနဲ့ မှာရတာ၊ လဆန်းရင် ဘကြီးဘက် လှမ်းခဲ့ပါဦးလို့'ဟု မျက်နှာအတည်နှင့် ပြောလိုက်သဖြင့် မအောင့်နိုင်တော့ဘဲ ရယ်ကြရလေ၏။

မျိုးတင့်မှာ ဣန္ဒြေရစွာ စားလျက်…

'မင်း နေရာတကာ နောက်တဲ့ကောင်၊ သူများ စားတာသောက်တာများ ကြည့်ပါဦး၊ မင်းလိုပဲ ဗရွတ်ရွတ်တများ စားသလား'ဟု ဒေါ်မိလေးက မျိုးတင့်ကို ပြရင်း ပြောနေသဖြင့်…

'သူ့တော့ သွားပြောလို့ မဖြစ်ဘူး အန်တီရဲ့၊ သူတို့က မျိုးနဲ့ရိုးနဲ့၊ ဆွေကြီးမျိုးကြီး'ဟု ပြောသဖြင့်…

'မင်းကတော့ ဇရပ်ကြို ဇရပ်ကြား မွေးတဲ့ အမျိုးမို့လား'ဟု မေးသဖြင့် သူ့စကားနှင့်သူ မိသွားသောကြောင့် ပါးစပ်အဟသားနှင့် မဆက်နိုင်ဘဲ ရှိလေ၏။


mgyoe.com

mgyoe.com SAMPLE BOOK


'ကဲ… ပြောပါဦး၊ သူက ဘာမျိုးမို့လဲ'ဟု ဒေါ်နှင်းရင်က ထပ်မေးပြန်သဖြင့်…

'ဟာ… သူတို့အမျိုးအိမ်များ သွားချင်ရင် ဝင်းအပြင်က ဖိနပ်ချွတ်ပြီး ရိုရိုသေသေ ဝင်ရတာ၊ ဘယ်ပြောဖြစ်ပါ့မလဲ၊ သူ့ကိုကြည့်ပါ၊ သိက္ခာသမာဓိနဲ့၊ ထမင်းစားတာတောင် စက္ကူခွေချပြီး ဝက်သားဟင်း တစ်ခုတည်းကိုသာ အာရုံပြု စားနေတာ'ဟု မျက်နှာအတည်နှင့် ပြောနေသောကြောင့် 'ဒါဖြင့် ဘာမျိုးတုံး'ဟု ထပ်မေးမှ…

'ဦးဇောတိကဟာ သူတို့ဦးကြီးအရင်းပေါ့၊ အရှေ့ကျောင်းဘုန်းကြီးလေ၊ ဘုန်းကြီးမျိုးမို့ သိက္ခာရှိတာပေါ့'ဟု ပြောလိုက်သဖြင့် မပြုံးဘဲနေသော မေခင်မှာလည်း မနေနိုင်တော့သဖြင့် မျိုးတင့်ကို လှမ်း၍ကြည့်ရင်း ပြုံးလိုက်မိသော်လည်း မျိုးတင့်ကား စားမြဲထမင်းကို ဟန်မပျက်စားရင်း ဘအောင် ပြောသမျှ ဘာမျှ ဂရုမစိုက်သလို နေလိုက်သောကြောင့် ဘအောင်မှာလည်း ရှေ့သို့ဆက်လက်၍ ပြက်လုံးထုတ်ရန် စကားမရှိတော့သဖြင့် ထမင်းကိုသာ အတွင်စားနေတော့၏။

အားလုံးပင် ထမင်းစားသောက် သိမ်းဆည်းပြီးကြသောအခါ မီးဖိုနားတွင် ချွေးပြန်လျက် တရှိုးရှိုး တဟားဟားနှင့် လျှာထုတ်၍ မီးကင်နေသော ဘအောင်ကို ကြည့်ကာ ဆရာမနှစ်ယောက်မှာ မျက်ရည်များကျအောင် ရယ်မောလျက် ရှိလေ၏။

'ဟေ့… ဘအောင်'ဟု ဆရာမက လှမ်း၍ခေါ်သဖြင့် 'ဗျာ'ဟု ထူးသဖြင့် နီနေသော မျက်နှာကြီးနှင့်လည်း ပြန်ကြည့်သည်နှင့် မိန်းကလေးများမှာလည်း ဝိုင်း၍ ရယ်ကြလေသည်။ ရေနွေးတည်နေသော ညွန့်ညွန့်နှင့် မေခင်တို့မှာလည်း ပြုံးလျက် ဆရာမများကို တစ်လှည့်၊ ဘအောင်ကို တစ်လှည့် ကြည့်ကာ နေကြစဉ်၊ ဒေါ်နှင်းရင်က…

'ရှေးတုန်းက စကားများလွန်းလှတဲ့ ပုဏ္ဏားကို ဆိတ်ချေး တစ်ပြည်သား ကုန်အောင် ပါးစပ်ထဲ ပစ်သွင်းတဲ့ပုံ ကြားဖူးတယ် မဟုတ်လား'ဟု မေးပြီး ရယ်မောကာ 'နောက်ကို သတိထား စကားပြော၊ အပြောသမားကို အလုပ်သမားနဲ့ ဆိုင်ဆိုင်ပေးတဲ့အခါ အပြောသမား အရှုံးပေးရတာ ထုံးစံပဲ၊ မင်းက စကားများတယ်၊ စကားပြောတဲ့လူ လျှာသွက်အောင်


mgyoe.com

mgyoe.com

မောင်မျိုးတင့်က ငရုတ်သီးစပ်စပ်ကလေး မြှုပ်ပေးလိုက်တယ်၊ တော်တော် နေသာထိုင်သာ ရှိသွားပြီလား'ဟု ဆရာမများ ပြောမှ ဘအောင်မှာ မိမိအား မျိုးတင့်လက်ချက်ဖြင့် အာပူလျှာပူမိမှန်း သိလျက် ပြုံး၍ ခံလိုက်ရတော့၏။

အုံ့နေသော မိုးသားတိမ်တိုက်များမှာ တဖွဲဖွဲကျစပြုလာသဖြင့် မိန်းကလေးများနှင့် ဆရာမများမှာ တဲထဲတွင် အားလုံးစုရုံး၍ စာဖတ်သူဖတ်၊ အိပ်သူအိပ်နေရာမှ မိုးမှာ တဖြည်းဖြည်း သည်းစပြုလာတော့သဖြင့် ထမင်းဝ၍ ဇိမ်အဆီရစ်ကာ ဝမ်းတောင့်နေသူများအား ချော့၍သိပ်သကဲ့သို့ ရှိသောကြောင့် တုံးလုံးပက်လက် အိပ်ပျော်၍ နေကြလေ၏။

ကားသမားနှစ်ယောက်နှင့် ဘအောင်မှာလည်း ကားခုံပေါ်တွင် တခေါခေါဟောက်လျက်ရှိလေရာ၊ မျိုးတင့်မှာ အားလုံးအိပ်သလို အိပ်ချင်သော်လည်း တောထဲတောင်ထဲတွင် မိမိတစ်ယောက်သာ စောင့်ရှောက်ရမည့်သူ ရှိတော့သဖြင့် မအိပ်ချင်ဘဲရှိအောင် လက်ဖက်ရည်ကရားတွင် ရေနွေးနှင့် အကြမ်းလက်ဖက်ခြောက်ကို နှပ်ကာ သောက်ရင်း တုံးလုံးပက်လက် အိပ်နေသူများကို ကာတွန်းရုပ်ပြောင်ဆွဲလျက် သူ့စိတ်ကို ဖြေဖျော်လျက် ရှိလေ၏။

မိုးမှာ တစ်နာရီလောက် သည်းသည်းရွာပြီး မိုးစဲစပြုလျက် တိမ်သားများ ကင်းစင်ကာ ကြည်လင်သော ကောင်းကင်ပြင်၌ နေရောင်ကလေးများပင် ဖြန့်လွှမ်း၍ ပြလိုက်သောကြောင့် နှင်းရည် မိုးစက် ဖျန်းပက်သော ရွက်စိမ်းများမှာ နေရောင်တွင် စိန်တပ်ထားသလို တလျှပ်လျှပ် တောက်ကာ အလွန်သာယာလျက် ရေမျက်နှာပြင်မှာလည်း ငွေရည်လောင်းသလို ရှိတော့၏။

တစ်နာရီခန့် အနားယူ၍ အိပ်ရသောသူများမှာလည်း ညောင်းညာလျက် လွန့်စပြုကြသဖြင့် ဆက်လက်စောင့်ဆိုင်းနေရန် မလိုတော့သည့်အတိုင်း ဓာတ်ပုံရိုက်သည့် ကိရိယာကို လွယ်အိတ်ထဲမှ ထုတ်ယူပြီး ငှက်ကလေးများ စီစီညံညံ မြည်နေသော နေရာသို့ တစ်ယောက်တည်း သွားလေ၏။


mgyoe.com

mgyoe.com  SAMPLE BOOK 

ကားသမား မောင်ဖိုးသည် အိပ်ရာမှ နိုးပြီဖြစ်၍ ချောင်းထဲသို့ မျက်နှာသစ်ရန် ဆင်းသွားပြီး ပြန်အလာတွင် ညွှန့်ညွှန့်နှင့် မခင်ရီ၊ မခေခင် တို့သည် အရုပ်ကားကလေးများကြည့်ကာ ပြုံးရယ်နေကြသည်ကို မြင် သဖြင့် အနားသို့ ချဉ်းကပ်သွားကြည့်ရာ၊ မွတ်တရားနှင့်သူ ဖက်၍ အိပ် နေသည်ကို မျိုးတင့် အကြမ်းဆွဲထားသည်ကို မြင်ရသောကြောင့် အထူး သဘောကျသွားကာ မိန်းကလေးများဆီမှ တောင်း၍ ယူထားလိုက်လေ၏။ အခြားပုံများ ရှိလိမ့်ဦးမည်လားဟု ရှာဖွေသောအခါ ကားအမိုးတွင် ထိုး ထားသော စက္ကူအထပ်ကလေးကို တွေ့ရှိ ဆွဲထုတ်လိုက်ပြီး ဖြန့်ကြည့်ရာ မိန်းကလေးများပုံကို အပြောင်ရေးထားသဖြင့် ပျော်၍မဆုံး ရှိလေ၏။

၎င်းပုံများကို သစ်ပင်များမှာတစ်ပုံစီ လျှောက်ကပ်ထားပြီး မိန်း ကလေးများ မြစ်ဆိပ်မှမပြန်မီ ရေချွေးအိုးကို ဆက်မီးထိုးလျက် နေလေ၏။ ညွှန့်ညွှန့်တို့ လူစုမှာ မြစ်ဆိပ်မှ ကမ်းခြေကိုလျှောက်ကာ သစ်ခွပန်းပင် ကလေးများ တွေ့လိုတွေ့ငြားဟု တဖြည်းဖြည်း လိုက်၍ရှာရာ ကမ်းခြေမှ ဝေးကွာပြီး တောထဲသို့ ရောက်မှန်းမသိ ရောက်သွားကြလေ၏။

'မကြင်ရင်... ဟိုမှာ ဟိုမှာ ပန်းတွေ လှလိုက်တာ'ဟု မခေခင်က ပန်းရုံကြီးတစ်ရုံဆီ အပြေးကလေးသွား၍ ခူးနေရာ၊ ညွှန့်ညွှန့်နှင့် ကြင်ရီ တို့လည်း အပြေးအလွှားသွား၍ ခူးကြလျက် အလုအယက် တပျော်တပါး ကြီး ခူးကြလေ၏။

'မွှေးလည်း မွှေးတယ်နော်'ဟု ပန်းကလေးကိုနမ်း၍ မခေခင်က ပြောရာ...

'မွှေးလည်းမွှေး လှလည်းလှဆိုတော့ မမေခင်လိုပေါ့'ဟု ညွှန့်ညွှန့် က ပြုံး၍ ပြောလေ၏။

'တကယ်ပြောတာ၊ မျက်စောင်းမထိုးပါနဲ့၊ ညွှန့် ဥပမာနဲ့ပြောတာ၊ လူမှာလည်း ဂုဏ်သိက္ခာ အမျိုးအရိုးနဲ့ ရုပ်လှတယ် ဆိုရင် လှလည်းလှ၊ မွှေးလည်းမွှေးတဲ့ ပန်းလိုပေါ့'ဟု ပြောမှ မခေခင်မှာ စိတ်တွင် ကျေနပ် သွားသော်လည်း 'မမြှောက်ပါနဲ့'ဟု နှုတ်ခမ်းကလေးစူ၍ ပြောသဖြင့် ကြင်ရီက...


mgyoe.com

mgyoe.com

SAMPLE BOOK


'ဒါတွေ ချစ်ရတာ'ဟု တောထဲမှာ လွတ်လပ်စွာ ရှိသည့်အတိုင်း မေခင်အားဖက်၍ ပါးကလေးကို နမ်းလိုက်ရာ အမှတ်တမဲ့မို့ ခံလိုက်ရလေ၏။

'ဟိုမှာ ဟိုမှာ သစ်ခွပန်းတွေ'ဟု အားရစွာ ခုန်ပေါက်၍ မကြင်ရီက ပြောလေ၏။

'သိပ်လှတာ၊ လိုချင်တာ၊ ဟုတ်တယ်ကွာ၊ ဟုတ်တယ်'ဟု လိုချင်ဇောနှင့် သစ်ခွပန်းများရှိရာ အင်ကြင်းပင်ကြီး ခြေရင်းဆီသို့ အပြေးကလေး သွား၍ ကပ်ကြပြီး သစ်ခွပန်းများကို စိတ်အားထက်သန်စွာ မျှော်ကြည့်ရင်း...

'ငါသာ ယောကျ်ားကလေး ဖြစ်ရင်ကွာ တက်ပြီး ခူးလိုက်ချင်စမ်းတယ်၊ ရွှေတူပန်းနဲ့ တူတာပဲ၊ ဝါဝါကလေးတွေ'ဟု အလွန်ပင် လိုချင်အားကြီးကာ ရေငတ်သောသူသည် ရေတွင်းထဲမှ ရေကို မြင်ရလျက် ပုံးမရှိ၍ ခပ်မသောက်ရသလို ဖြစ်နေကြရှာလေ၏။

"လေလိုက်ကယ် သစ်ပင်မှီရ၊ မြစ်ရှင်ပြီ ဧည့်သည်ပန်းပါတဲ့၊ မြိုင်တန်းမှာ ဂုဏ်မထည်သောကြောင့် စုံလယ်မှာ ဖုံးကွယ်၍ ပွင့်ရှာကြ ဆိုတာ သူကလေးကို မြင်ရတော့ သတိရတယ်၊ သစ်ခွပန်းကလေးရယ် မင်းဆင်းခဲ့ပါတော့ကွာ"ဟု လက်ကလေးများဆန့်ကာ လက်ယပ်ခေါ်နေကြပြီး မျက်လုံးကလေးများမှာ အလွန်တောင့်တနေကြပုံကို ဖော်ပြနေကြရာ ၎င်းအပင်ကြီးနှင့် မနီးမဝေးရှိ သစ်ပင်ကြီးပေါ်တွင် လှုပ်လှုပ်ရှားရှား လုပ်နေသည်ကိုမြင်က ထိတ်လန့်သွားကြမည် ဖြစ်လေ၏။

"ဖစ်အိုင်ကွန်း"ခေါ် ဂျာမနီလုပ် မှန်ဘီလူးကောင်းကောင်း ဓာတ်အိုးဖြင့် ကိုင်းခွကြားတွင် ပါးစပ်ကလေးများဖြဲကာ အစာတောင်းနေကြသော ငှက်ကလေးများကိုချိန်၍ စိတ်အားထက်သန်စွာ အနီးအဝေး အမျိုးမျိုး ကပ်ရိုက်နေသည်ကို ဂရုစိုက်၍ ကြည့်လိုက်ပါက မောင်မျိုးတင့်မှန်းကောင်းစွာသိမည် ဖြစ်လေ၏။ မျိုးတင့်မှာလည်း မိန်းကလေးများအသံကြားရသဖြင့် လှည့်၍အကြည့် ညွန့်ညွန့်ကလည်း မြင်လိုက်သောကြောင့် ရတ်တရက်သော် လန့်၍အော်လိုက်မည် ပြုပြီးမှ ခါးတောင်းမြှောင်အောင်


mgyoe.com

mgyoe.com


ကျိုက်လျက် စွတ်ကျယ်လက်ပြတ်နှင့် ကင်မရာလွယ်ကာ ဆင်းလာသည်ကို မျိုးတင့်မှန်း သိမှ…

'ဟိုမှာ ကိုမျိုးတင့်၊ အတော်ပဲ ပန်းခူးခိုင်းရအောင်'ဟု ဝမ်းသာစွာ လက်ညှိုးနှင့်ပြရင်း ပြောသဖြင့် အားလုံးပင် ဝမ်းသာအားရ…

'ကိုမျိုးတင့်… ကိုမျိုးတင့်… ခူးပေးစမ်းပါ'ဟု ဝိုင်း၍ ပူဆာကြ၏။ မျိုးတင့် ဆင်းလာသော သစ်ပင်ခြေရင်းသို့ အပြေးအလွှား သွားကြပြီး ဆီး၍ကြိုဆိုလျက်…

'ဘယ်အချိန်က ရောက်နေသလဲ၊ ကင်မရာလည်း ပါလာတယ်၊ ဘာတက်လုပ်နေတာလဲ'ဟူသော မေးခွန်းတွေ တစ်ပြုံကြီးကို မေခင်က အသက်မရှူဘဲ မေးသဖြင့် ညွန့်ညွန့်နှင့် ကြင်ရီက ပြုံး၍နေကြသည်ကို မြင်မှ မျိုးတင့်ကို မိမိက စ၍ပြောမိသည်မှာ ယခုအကြိမ် လက်ဦးဖြစ်ရုံမက အလွန်တမင်း အကျွမ်းဝင်နေသူသဖွယ် မေးခွန်းတွေကို ဆက်တိုက်ကြီး မေးမိသောကြောင့် ရှက်ရွံ့ကာ ငုံ့၍ မျက်နှာကလေးနီနီနှင့် ပြုံးရအခက်၊ မဲ့ရအခက် ရှိနေလေ၏။

သစ်ပင်ခြေရင်းသို့ ခုန်ချပြီး ခါးတောင်ကျိုက်ကိုဖြုတ်ကာ ပုဆိုးကို ပြန်၍ချရင်း…

'ငှက်ပေါက်စကလေးတွေ၊ နောက်ပြီး ပန်းတွေကို "စတာဒီ"လုပ်နေတာ၊ ဓာတ်ပုံလည်း ရိုက်ရင်း'ဟု ပြောပြီး…

'ညွန့်တို့ မကြင်ရီတို့ကော ဘာလုပ်လာကြတာတုံး၊ ဒီနေရာဟာ ကျွန်တော်တို့စခန်းနဲ့ အတော်ဝေးနေပြီ၊ ယောကျ်ားအဖော်လည်း မပါဘူး' ဟု အပြစ်တင်သလို ပြန်၍မေးရာ…

မေခင်၏စိတ်တွင် မိမိက စတင်၍ ပန်းတွေလိုချင်ဇောနှင့် ခေါ်ပြော နှုတ်ဆက်ပါလျက် မကြင်ရီနှင့် ညွန့်ညွန့်ကိုသာ အရေးလုပ်၍ စကားပြောရုံမက အပြစ်တင်သံနှင့် ပြောသည်ကို စိတ်တွင် မခံချင်စိတ်များ ပေါက်ကာ ညွန့်ညွန့်တို့ကိုပင် မနာလိုချင်သလို၊ မျိုးတင့်ကို စိတ်ဆိုးချင်သလို ဖြစ်ပေါ်လာလေ၏။

'ကျွန်မတို့ ပန်းခူးရင်း ရှာရင်း လာကြတာ၊ ဟိုမှာ သစ်ခွပန်းတွေ သိပ်လှတာပဲ၊ ခူးပေးစမ်းပါ၊ ခူးပေးမယ် မဟုတ်လား'ဟု မိန်းကလေးများ


mgyoe.com

mgyoe.com

SAMPLE BOOK


ပီပီ တောင်းပန်ခယသံ၊ အားကိုးသံနှင့် ပူဆာသလိုလို၊ နွဲ့သလိုလို ပြောသည်ကို မေခင်မှာ ပို၍ စိတ်ဆိုးချင်သလို ဖြစ်မိပြန်၏။

'ခူးပေးမယ်၊ ခူးပေးတာပေါ့'ဟု ခါးတောင်းကျိုက်ပြီး အပင်ကြီးကို ခြေခွင်ထိုး၍ တက်ကာ အောက်ကိုင်းများကို လှမ်းဆွဲရင်း သစ်ခွပန်းများ ရှိရာသို့ ရောက်အောင် တက်သွားရာ ညွှန့်ညွှန့်တို့မှာ ပန်းများရတော့မည် ဖြစ်၍ အားရ၍ မဆုံးနိုင်အောင် ရှိလေတော့၏။ မေခင်၏ မျက်နှာမှာ ကောင်းစွာ မကြည်မသာဘဲ ရှိသည်ကို ဂရုမပြုနိုင်ဘဲ ပန်းများကိုသာ လိုချင်ဇောနှင့် မက်မောလျက် ခုန်ပေါက်ရွှင်ပျ ဝမ်းသာ၍ နေကြလေ၏။

အနားကပ်၍ မြင်ရသော မျိုးတင့်မှာ ဖူးတံကြီးများ ထွားထွား ကျိုင်းကျိုင်းပေါ်၍ အပွင့်ကလေးတွေ မပွင့်တပွင့်၊ တချို့ ပွင့်လျက် တစ်ဖြာ၊ အမွှာမွှာ အစီစီ ရှိနေရာ ဖူးတံအဖျားကလေးများကို နေရောင်က ဖြတ်၍ထိုးလျက် ပိတုံးနှင့် လိပ်ပြာတွေဝဲကာ ဝတ်ရည်စုပ်၍ နေသည်ကို မြင်ရသောအခါ၊ မုဆိုးသည် ဆုဖြိုးသော သမင်တစ်စီးကို မြင်သကဲ့သို့ အထူးဝမ်းသာလျက် ကင်မရာကိုထုတ်ကာ ထိုပုံကလေးကို သုံးမျိုးသုံးပုံ ရိုက်၍ ယူလိုက်ပြီးမှ သစ်ခွပင်များကို အမြစ်ပါ ခွာ၍ယူကာ လက်တစ်ဖက်က ကိုင်ရင်း သတိနှင့် ဆင်းခဲ့လေ၏။

အနီးသို့ကပ်လေ၊ ပို၍ လှကြောင်းကို မြင်ရလေ ဖြစ်သောကြောင့် မိန်းမပျိုများမှာ လက်တဆန့်ဆန့်နှင့် ဝမ်းသာ၍မဆုံးအောင် ရှိကြသော်လည်း မေခင်မှာ မျက်နှာထားနှင့် ရှိနေသောကြောင့်...

'ခင် ဝမ်းမသာဘူးလား၊ သိပ်လှတာနော်၊ ဘာဖြစ်လို့လဲ၊ မျက်နှာလည်း မကောင်းပါဘူး'ဟု ညွှန့်ညွှန့်တို့က ဝိုင်း၍မေးကြသောကြောင့် မျက်နှာထားကို ပြင်လိုက်ပြီး 'ဝမ်းသာပါတယ်'ဟု မပြုံးချင်ဘဲ ပြုံးဟန်ပြု၍ ပြောလိုက်ရလေ၏။

'မမေခင် အောက်ကဖမ်းနော်'ဟု မျိုးတင့်က သစ်ခွတစ်ခိုင်လုံးကို အောက်သို့ချပေးမည့်ပုံဖြင့် ပြလိုက်သောကြောင့် မေခင်မှာ မိမိအား ဂရုစိုက်ကြောင်း သိလာတော့လျက် မကျေမချမ်း စိတ်ကလေးများ ပြေပျောက်၍ သွားပြီး ကြည်လင်လာကာ...


mgyoe.com

mgyoe.com
SAMPLE BOOK


'ချလေ... ချလိုက်ပါလား'ဟု လက်ကလေးမ,၍ ဖမ်းရန်အသင့် ပြင်ထားကြောင်း ပြလိုက်သဖြင့် ညွှန့်ညွှန့်တို့၊ မကြင်ရီတို့ပါ ဝိုင်း၍ ဖမ်းကြလျက် သစ်ခွခိုင်ကြီးနားတွင် နှစ်သက်စွာ ဝမ်းမြောက်မဆုံး ယုယု ယယ ကိုင်တွယ် နမ်းရှုပ်နေကြ၏။

'ဟိုနားက ကညင်ပင်ပေါ်မှာလည်း ဒါထက်များတဲ့ ပန်းတွေ မြင် ခဲ့သေးတယ်'ဟု သစ်ပင်မှဆင်း၍ သစ်ပင်မှ ကပ်ထားသော အမှိုက်အမှုန် ကလေးများကို ခါချရင်း မျိုးတင့်က ပြောသဖြင့်...

'ဒါဖြင့် ခူးပေးပါဦးလား၊ ကျွန်မတို့နဲ့ အတူသွားကြရအောင်'ဟု မျိုးတင့်ကို ရှေ့ဆောင်စေလျက် နောက်ကလိုက်၍ သွားကြပြီး ကင်မရာ ကို မြင်သောအခါ...

'ဟောဒီပန်းတွေနဲ့ ခင်တို့သုံးယောက် ဓာတ်ပုံရိုက်ရင် သိပ်ကောင်း မှာပဲနော်'ဟု "ဓာတ်ပုံ ရိုက်ပေးပါလား"ဟု တိုက်ရိုက်မပြောဘဲ အရိုက်ခံ လိုကြောင်း သွယ်ဝိုက်၍ မေခင်က ပြောသဖြင့် ညွှန့်ညွှန့်နှင့် ကြင်ရီတို့က လည်း...

'ဘာပြောစရာရှိမလဲ ဆရာ၊ အတိုင်းထက် အလွန် တံခွန်နဲ့ဘုရား ပေါ့'ဟု ပြန်ပြောရာ...

'ဒီကလည်း ပန်းခူးပြီးလို့ များများရတဲ့အခါ ရိုက်ပေးဖို့ ရည်ရွယ် ထားလျက်ပါ'ဟု မျိုးတင့်က လှည့်မကြည့်ဘဲ ပြောသဖြင့် ဝမ်းသာအားရ ဖြစ်ကာ 'သိပ်စာတတ်တဲ့ ကိုမျိုးတင့်၊ ဒီနှစ်စာမေးပွဲ ဒစ်စတင်းရှင်း (ဂုဏ်ထူး)နဲ့ အောင်ပါစေတော်'ဟု ဆုတောင်းလိုက်ကြသဖြင့် မျိုးတင့်က 'ငှက်ပျောသီးပေးတဲ့ဘုန်းကြီး စာတတ်တာပေါ့နော်'ဟု ပြုံးရင်းပြောလိုက် သောကြောင့် သုံးယောက်သား ရယ်မောကြရလေ၏။

ဒုတိယအကြိမ် ပန်းများကို ရသောအခါ မိန်းကလေးများ မနိုင် တော့သဖြင့် မျိုးတင့်က ထမ်းပိုးကလေးလုပ်ကာ ရှေ့နောက် တစ်ဆိုင်း ထမ်း၍ ကူယူသဖြင့် ကျေးဇူးတင်၍ မဆုံးနိုင်တော့ဘဲ ခင်မင်စိတ်များ ပို၍ လာကြတော့၏။

မြစ်ကမ်းစ ကျောက်တုံးကြီးပေါ်တွင် မိန်းကလေးသုံးယောက် သစ်ခွ ပန်းတွေကို ဘေးကရံလျက် မျိုးတင့်က သူ့ကင်မရာကလေးဖြင့် ဓာတ်ပုံ


mgyoe.com

mgyoe.com SAMPLE BOOK


ရိုက်ရန် ချိန်ဆနေလေ၏။ 'မျက်နှာက တစ်ခုလုံး နေရောင်ထိုးတော့ ဖြူပြီး အရုပ်ကြီးလို ဖြစ်သွားတတ်တယ်၊ လူရိုးရိုးများတော့ အဲဒါမျိုး သဘောကျကြတယ်၊ ကျွန်တော်တို့လို ဓာတ်ပုံဝါသနာပါတဲ့ လူများတော့ မျက်နှာတစ်ခြမ်း၊ နှာတံတစ်ဖက် အရိပ်ကျပြီး နဂိုပုံကျတဲ့ အနေအထားမျိုး ကို ပိုသဘောကျတယ်၊ ညွန့်ညွန့်တို့၊ မကြင်ရီတို့၊ မမေခင်တို့ ဘယ်လိုပုံ သဘောကျတယ်ဆိုတာ ပြောပေတော့'ဟု မျိုးတင့်က မေးသဖြင့်...

'ကိုမျိုးတင့် သဘောပါပဲ၊ ကောင်းတယ်ထင်သလို ရိုက်ပေးပါ'ဟု မိန်းကလေးများက ပြောကြရာ 'ဒါဖြင့်လည်း နှစ်မျိုးရိုက်ပါ့မယ်၊ ကိုယ် ကြိုက်ရာ ကူးယူကြတာပေါ့'ဟု ပြောပြီး အနေထားများကို နဂိုနေ ကျအောင် မျိုးတင့်က ပြင်ဆင်ပေးလျက် နေဘက်သို့ မျက်နှာပြုနေသော ပုံနှင့် ဘေးတစောင်းပုံများကို ရိုက်ကူးပေးလေ၏။

ဓာတ်ပုံရိုက်ခံရသောအခါ မျက်နှာ တိုချည်ရှည်ချည် ဖြစ်၍နေသလို ရှက်သွေးဖြန်း၍နေပြီး နဖူးကြောကြီးများတက်လျက် နှုတ်ခမ်းသားများ လှုပ်လှုပ်ရွရွ ဖြစ်ကာ မနေတတ်သလို ဖြစ်တတ်သည်မှာ ဓာတ်ပုံအရိုက် ခံနေကျ မဟုတ်သူနှင့် တစ်ခါတစ်ရံသာ အရိုက်ခံဖူးသူများသာမက မကြာ မကြာ ကင်မရာရှေ့ ရပ်ဖူးလျက် ထိုအတတ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသော ရုပ်ရှင်ဇာတ်လိုက်များပင် ဖြစ်တတ်သောကြောင့် ယောကျ်ား ပျို တစ်ယောက်ရှေ့တွင် မိမိတို့ရုပ်ပုံကို ပြနေကြရသော မိန်းကလေးများ အဖို့မှာ အထူးပြောစရာ မလိုသည့်အတွက် ညွန့်ညွန့်တို့ လူစုမှာ ပြုံးစေ့ စေ့ကလေး နေရသည်ကိုပင် ရှက်သော အရိပ်အယောင်များပေါ်လျက် ရှိ နေရာ၊ ညွန့်ညွန့်တို့ထက် ပို၍စိမ်းသော မေခင်မှာ ရှက်၍မဆုံးနိုင်အောင် ရှိလေတော့၏။ ဓာတ်ပုံရိုက်ပြီးသော အခါမှသာ နေသာ ထိုင်သာ ရှိသွား လေ၏။ ဓာတ်ပုံရိုက်ပြီးကြသောအခါ 'တဲနှင့်လည်း နီးလာပါပြီ၊ လုပ်စရာ ကိုင်စရာကလေးတွေ သွားလုပ်ထားဦးမယ်၊ နေရဲကြရဲ့ မဟုတ်လား'ဟု မေးသဖြင့် 'နေရဲပါတယ်၊ ပြန်နှင့်ပါတော့။ အများကြီး ကူညီတဲ့အတွက် ကျွန်မတို့နှစ်ယောက်ကရော မမေခင်ကရော သိပ်ကျေးဇူးတင်ပါတယ်လို့။ ကိုမျိုးတင့်နော်... အားကြီး ကျေးဇူးတင်ပါတယ်'ဟု မကြင်ရီက ပြောသဖြင့် မျိုးတင့်ကပြုံး၍ ခေါင်းညိတ်လျက် တဲဆီသို့ ထွက်ခဲ့လေ၏။


mgyoe.com

mgyoe.com SAMPLE BOOK


မျိုးတင့် အတော်ဝေးသွားသည်ကို မေခင်က လှည့်ကြည့်ပြီး… ‘မကြင်ရီက ရှည်ချင်လိုက်တာ၊ ကျွန်မတို့ အားလုံးက ကျေးဇူးတင်ပါတယ် ဆိုရင် ပြီးရော့ပေါ့၊ မမေခင်ကရောလေး ဘာလေးနဲ့ အပိုပြောလိုက်ရသေး တယ်၊ မုန့်စရာကြီး’ဟု သစ်ခွပန်းကလေးများကို ရေထဲတွင် နှစ်ရင်း အနီးရှိ ကျောက်တုံးပေါ်တွင် ရင်ပေါင်တန်းထိုင်နေသော မကြင်ရီအား မျက်စောင်းထိုးရင်း ပြောရာ…

‘သြော်… ဒါလား၊ လှသည်၊ သာ၍လှသည် ဆိုတဲ့ နာမဝိသေသန သဘောမျိုးပေါ့၊ ကျွန်မတို့ထက်တောင် မမေခင်က ပိုပြီးကျေးဇူးတင်တယ် လို့ ဆိုတဲ့သဘောပါပဲ။ ဘာကြောင့်လဲဆိုတော့ ဟိုခမျာမှာလည်း မောရကျိုး နပ်သွားအောင်၊ မမေခင်လည်း ပိုပြီးကျေးဇူးတင်တယ်ဆိုတော့ ကျွန်မတို့ ထက်တောင် သူတစ်ထူးကျေးဇူးကို သိတတ်ရာ ကျတာပေါ့’

‘အံမာ… မထူးပါဘူး၊ ကျေးဇူးရှိတာချင်း တူတူပဲဟာ၊ ဘယ်သူ က ပိုဦးမှာတုံး၊ ပိုအောင် ပြောတော့ ယုတ္တိမတန်ဘဲ ကပြက်ကချော် ပြောရာတောင် ကျသေးတယ်’

‘ကျွန်မတို့က စေတနာနဲ့ပါရှင်၊ လူနှစ်ယောက် အချစ်ကို ပျက်စီး အောင် ပြောရင် ပိသုဏဝါစာတဲ့၊ ဘုရားဟောတော်မူတာ။ ဒါကြောင့် သူတစ်ပါးအချစ်ကို ပိုပြီးခိုင်မြဲအောင်ပြောရင် ကုသိုလ်တောင် ရတတ်သေး တယ် အောက်မေ့ပြီး ပြောမိတာပါ၊ မကျေနပ်ရင်လည်း တောင်းပန်ပါ တယ်တဲ့’ မကြင်ရီက ညွှန့်ညွှန့်အား ‘ကျွန်မ ပြောတာ မှားသလားရှင်’ ဟု လှည့်၍ မေးပြန်သဖြင့်…

‘မမှားပါဘူး… သိပ်မှန်တဲ့စကား၊ နောက်ပြီးတော့ ကျွန်မတို့က မမေခင်ကို သိပ်ပြီး ကျေးဇူးတင်တာပဲ၊ ဆင်ဖြူတော်မှိုပြီး ကြံစုပ်ရဆိုတာ လို ပန်းတွေလည်း အများကြီး ရသေးတယ်၊ နဂိုချော နဂိုယဉ် ရုပ်တွေ ကို ဓာတ်ပုံတောင် ရိုက်ပေးသွားသေးတယ်၊ ဒါ အရင်းစစ်လိုက်တော့ မမေခင်ကို အကြောင်းပြုပြီး ဖြစ်ရလို့ မယ်မင်းကြီး… မောင်မင်းကြီးသား တွေ အသက်ရှည်လို့ အနာမျိုး ကိုးဆယ့်ခြောက်ပါးမက အခုကာလ နောက်ဆုံးပေါ်တဲ့ ဓာတ်ငွေ့ဘေး၊ ဗုံးဘေး၊ စက်သေနတ်ဘေးတို့မှ လွတ်


mgyoe.com

mgyoe.com
SAMPLE BOOK


ကင်းပါစေလို့ မေတ္တာပို့လိုက်ချင်ပါသေးတယ်'ဟု ညွှန့်ညွှန့်က ထောက်ခံသဖြင့်...

'တစ်ယောက်က ပြောလို့အားမရနိုင်ရုံ မကဘူး၊ တစ်ယောက်ကပါ ကဲလာပြန်ပြီ၊ ရှင်တို့နဲ့ မနေချင်တော့ဘူး သိလား... မုန်းတယ်'ဟု ပြောရင်း ထသွားရန် ဟန်ပြင်သည်နှင့် အနီးရှိ မကြင်ရီက လှမ်း၍ဆွဲလိုက်ရာ၊ ရုတ်တရက် ကျောက်စွန်းပေါ်တွင် ဖြစ်သောကြောင့် ချိန်သားမကျမိ ယိမ်းယိုင်ကာ ရေထဲသို့ နှစ်ယောက်စလုံး ကျသွားကြရာ၊ ညွှန့်ညွှန့်မှာ ငေး၍နေမိပြီးမှ သတိရ၍ လိုက်ဆွဲရာ၊ ဆံပင်ကို ဆွဲမိ၍ မ,တင်လိုက်သောအခါ မကြင်ရီကိုသာ ဆယ်မိသည်ကို တွေ့ရသဖြင့် ထိတ်လန့်တကြားဖြစ်ကာ မေခင်ကို ကြည့်ပါသော်လည်း အစအနမျှမမြင်၊ ရေစီးသန်သော တောင်ကြား မြစ်ကျဉ်းရေသည် အရှိန်နှင့် စီးသွားသည်ကိုသာ မြင်လိုက်ရပြီး နှစ်ယောက်သား ကမ်းစပ်တစ်လျှောက် အပြေးအလွှား အော်ဟစ်ခေါ်ဝေါ်ကာ အကူအညီ တောင်းကြလေ၏။

သိပ်မဝေးသေးဘဲ ခေါ်လျှင် ကြားနိုင်လောက်သော နေရာတွင် ရှိနေသေးသော မျိုးတင့်မှာ ထိန်လန့်တကြား အော်ဟစ်သံကြောင့် တောထဲတောင်ထဲတွင် မိန်းကလေးတွေချည်း တစ်စုံတစ်ခု ဖြစ်မည်ကို စိုးရိမ်လျက်နှင့် စိတ်မချတချ ရှိနေစဉ် အော်သံကြောင့် အပြေးအလွှား ရောက်လာရာ မကြင်ရီနှင့် ညွှန့်ညွှန့်က...

'ကိုမျိုးတင့်... ကိုမျိုးတင့်... မြန်မြန်လာပါ၊ မမေခင် ရေထဲကျသွားပြီ'ဟု ငိုယိုလျက် ခေါ်ကြသောကြောင့် စိတ်ထဲတွင် ထိတ်လန့်စိုးရိမ်မိပြီး...

'ဘယ်နားက ကျသလဲ'ဟု မေးပြီး မိန်းကလေးများ ပြသောနေရာနှင့် ရေစီးအားကို ချင့်ချိန်၍ ကမ်းစပ်မှ ရေစုန်အောက်သို့ လာခဲ့ရာ၊ ကမ်းနှင့် မနီးမဝေးတွင် လက်ကလေးနှစ်ဖက် ပေါ်လာသောကြောင့် အပြေးအားယူ၍ ခုန်ချပြီး လိုက်ဖမ်းလေ၏။

ညွှန့်ညွှန့်တို့လည်း ရင်ဖိုလျက် ဘာလုပ်ရမည်ကို သတိမရဘဲ တဲဆီသို့ နှစ်ယောက်စလုံး အပြေးအလွှား အော်ဟစ်ငိုကာ သွားကြရာ၊ ဆရာမများနှင့် ကျောင်းသူများ၊ ဘအောင်တို့ လူစုပါ စိတ်မချမ်းမသာ


mgyoe.com

mgyoe.com
SAMPLE BOOK


ဖြစ်လျက် ညွန့်ညွန့်တို့ ခေါ်ရာသို့ ပြေးလွှားကာ စိုးရိမ်ကြီးစွာနှင့် ရောက်လာကြလေ၏။

မျက်စိများလည်း ပြာဝေလျက် ဝမ်းနည်းစိတ်ဆိုး စိုးရိမ်ကြောင့်ကြနေကြသော ဆရာမနှစ်ယောက်နှင့် မင်းကတော် ဒေါ်မိလေးတို့မှာ တဖျစ်တောက်တောက် မြည်တွန်ရင်း ကမ်းတစ်လျှောက် ပြေးလာကြသော်လည်း ဖြစ်ပွားသောနေရာ ရောက်သည့်တိုင်အောင် ဘာမျှ အရိပ်အယောင်မတွေ့၊ မျိုးတင့် ပစ်ချထားခဲ့သော ကင်မရာနှင့် သစ်ခွပန်း အပုံကြီးကိုသာ မြင်ရသောကြောင့် စိတ်မောလူမော မောသွားကာ မျိုးတင့်အတွက်ပါ စိုးရိမ်မိကြလေ၏။

ကမ်းတစ်လျှောက်လုံးတွင် မိန်းကလေးများ အော်သံ၊ ငိုသံနှင့် ကျွက်ကျွက်ညံလျက် ရှိကြသောကြောင့်...

'ဒါလောက်လည်း မစိုးရိမ်ပါနဲ့လေ၊ ကိုမျိုးတင့်သာ ညွန့်ညွန့်တို့ ပြောတဲ့အတိုင်း လက်ကလေးကို မြင်ရလို့ ပြေးခုန်ပြီး ဆယ်တယ်ဆိုရင် တစ်နေရာမှာ နှစ်ယောက်လုံး ပြန်တွေ့မှာပဲ'ဟု ဘအောင်က အားပေးစကား ပြောလေ၏။

'မစိုးရိမ်ရဘူး ဆိုပေမဲ့ ရေစီးအားက သိပ်သန်တယ်ကွ၊ နောက်ပြီး ရေထဲ ကျနေတဲ့လူကို အရမ်းသွားဆယ်ရင် ဟိုလူက ဖမ်းမိဖမ်းရာ အရမ်းဆွဲလိုက်လို့ ဆယ်တဲ့လူရော နစ်တဲ့လူရော နှစ်ယောက်လုံး သေတယ်ဆိုရင်၊ တလွဲတွေးပြီး ယူဆကြရင် ဒီက ဘယ်လိုမှန်တဲ့အတိုင်း ပြောပေမဲ့ အားလုံးက တို့ခေါင်းပေါ်မှာ ပုံချပြီး အပြစ်ဆိုကြတော့မှာပဲ'ဟု ဒေါ်နှင်းရင်က စိတ်ဆိုး ဝမ်းနည်းသော အသံဖြင့် တုန်လှုပ်စွာ ပြောလေ၏။

'အို... နိမိတ်မရှိတာတွေ ပြောမနေပါနဲ့ဦး၊ ရှာကြပါဦး'ဟု ဒေါ်မိလေးက ပြောရင်း ကမ်းတစ်လျှောက် ရေစုန်ကိုလိုက်၍ ကြည့်ကြသော်လည်း အရိပ်အယောင်မျှ မပေါ်လာသောကြောင့် ပို၍ စိတ်မချမ်းမသာ ဖြစ်ကြရလေ၏။

လက်ကလေးကို မြင်လိုက်ရ၍ ခုန်၍ဆွဲလိုက်သော မျိုးတင့်သည် လက်ကလေးများအနီးသို့ ရောက်လျှင်ရောက်ချင်း နစ်သွားပြန်သောကြောင့် ရေထဲသို့ ငုပ်လျှိုးပြီး လိုက်ဖမ်းရာ၊ သူက မဖမ်းမိ မေခင်၏လက်များသည်


mgyoe.com

mgyoe.com
SAMPLE BOOK


တွေ့မိတွေ့ရာ သူ့ခြေသလုံးများကို ဖမ်း၍ ကိုင်ထားနှင့်သောကြောင့် တအားကုန်ရုန်း၍ ရေပေါ်သို့ ယက်တင်လိုက်ရာ ကမ်းဆီသို့မရောက်ဘဲ မြစ်လယ်ဆီသို့ ရောက်သွားလေ၏။

ဆက်လက်၍သာ တင်းတင်းကျပ်ကျပ် ဖက်ခြင်းကို ခံနေပါက နှစ်ယောက်လုံး သေကြဖို့ရှိသောကြောင့် မေခင်၏ တစ်ကိုယ်လုံးကို ရေပေါ် ပေါ်လာအောင် ခြေများကို အပေါ်သို့ လှုပ်ရှားယက်ကန်၍ ပေါ် လာသည်နှင့် တစ်ပြိုင်နက် မေးရိုးဆီသို့ လက်သီးဖြင့်ဆတ်၍ ထိုးလိုက်မှ လက်များမှာ အလိုလို ပြေကျသွားလေ၏။

သတိလစ်နေသော မေခင်၏ တစ်ကိုယ်လုံးကို ဗိုက်ပေါ်တွင်တင် လျက် ပက်လက်လှန်ကာ နောက်ပြန်ယက်၍ကူးရာ မြစ်လယ်တွင်ရှိသော ကျောက်တုံးကြီးများ အကြားတွင် ကံအားလျော်စွာ တင်မိနေသဖြင့် ခြေ ကုန် လက်ပန်းကျလျက် ရှိသော်လည်း နောက်ဆုံး ကျန်ရှိနေသေးသော အားများကို စုဆောင်းကာ လုံးကျစ်ပြည့်ဖြိုးလှသော ကိုယ်ကလေးကို ပွေ့တင်လိုက်သောအခါ မျက်လုံးများမှ မီးပွင့်၍သွားသလို ထင်လိုက်ရလေ ၏။

အရင်းတုတ်၍ အဖျားသွယ်သွားလျက် ဖြူဝင်းပြည့်ဖြိုးကာ စိမ်း လန်း၍ နုသောမွေးညင်းကလေးများဖြင့် လှသထက် လှအောင်ရှိနေသော အရွယ်ရောက်၍ ဖွံ့ဖြိုးစ မိန်းမပျိုတို့၏ လျှို့ဝှက်ဖုံးကွယ် ပေါင်တံကြီး တစ်ခုလုံးကို ပေါင်လယ်အထိ ရှည်လျားသော ရေစိုသည့် ရှဉ့်မီးအကျီ သာ မရှိပါက လောကီဈာန်ရသော ရသေ့များပင် မြေပေါ်သို့ ဖုတ်ခနဲ ကျလာဖွယ်ရာ အကြောင်းရှိလေ၏။

မကြည့်ရဲ မကြည့်သင့်၍ မျက်နှာလွှဲလိုက်ရပြီး လုံချည်မပါ ဗလာ ကျင်းလျက်ရှိသော မိန်းမပျို၏ ခန္ဓာကိုယ်ကြီးကို ကယ်လက်စနှင့် ဆက် လက်၍ ကယ်မှသာ ယောကျ်ားကောင်းတို့ ဝတ္တရား ကျေမည်ဖြစ်သော ကြောင့် ပွေ့၍ယူကာ နေရောင်ရသော နေရာသို့ရောက်အောင် တင်သွား လျက် မိမိ၏ စိုနေသောလုံချည်ကို ချွတ်ကာ ရေများညှစ်ပြီးလျှင် မိန်းမပျို ၏ တစ်ကိုယ်လုံးကို အသားများ ပူလာအောင်နှင့် စိုလျက်ရှိသောရေများ ခြောက်သွေ့သွားအောင် တိုက်၍ပေးလေသည်။ နှာခေါင်း၊ ပါးစပ်ထဲတွင်


mgyoe.com

mgyoe.com SAMPLE BOOK


ဝင်နေသောရေများ ထွက်ကျလာအောင် မိန်းမပျို၏ ဝမ်းဗိုက်ကို မိမိ၏ ပခုံးပေါ်တွင် မှောက်၍ထားကာ ညင်သာစွာ ခုန်၍ပေးလေ၏။

ကမ်းကလူများကလည်း မျိုးတင့်တို့ကို ကျောက်တုံးကြီးများ ကွယ်ထားသောကြောင့် အစအနမျှမမြင်။ မျိုးတင့်ကလည်း ကမ်းကလူများကို မမြင်ရသည်တစ်ကြောင်း၊ မေ့မြောနေလျက် ရေများဝင်နေသော မိန်းမပျို၏ အသက်ကိုလုရန် အရေးကြီးနေသည်တစ်ကြောင်း၊ ထို့ကြောင့် အကူအညီအတွက် အော်ဟစ်ရန် သတိမရဘဲ ရှိလေ၏။

'သွားပါပြီ... နှစ်ယောက်လုံး သေကြလို့သာ အစအန မမြင်ရတာပါပဲ၊ လူကြီးလုပ်တဲ့လူတွေတော့ ခွေးလုံးလုံးဖြစ်တော့မှာပဲ'ဟု မင်းကတော်ဒေါ်မိလေးက စိတ်ညစ်စွာ ငိုယိုလျက်ပြောရာ၊ ဒေါ်နှင်းရင်နှင့် ဒေါ်လှကြည်တို့မှာလည်း နှုတ်က တစ်စုံတစ်ရာ ထုတ်ဖော်၍ မပြောသည့်တိုင် မျက်ရည်များဝိုင်းလျက် အကြံခက်၍ လက်လျှော့ရတော့မည့်ပုံကို ဖော်ပြသောမျက်နှာများကြောင့် လူကြီးများ၏ အမူအရာကို မြင်ရသော မိန်းကလေးများမှာ စိတ်အားကလည်းငယ်၊ တောထဲတောင်ထဲမှာလည်း ဖြစ်သောကြောင့် ရှိုက်ငင်ချုန်းချကာ ငိုသူကငိုလျက်၊ သဲသောင်ကမ်းစနှင့် ကျောက်တုံးများပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချကာ ခေါင်းချင်းဆိုင်လျက် ဝမ်းနည်းပက်လက် ရှိကြရှာတော့၏။

'ဟိုမှာ... ဟိုမှာ... မြစ်လယ်မှာ'ဟု အားရဝမ်းသာ အော်ဟစ်သည့်ဘအောင်၏ ကျယ်လောင်သောအသံကြောင့် ထိတ်လန့်တကြားကြည့်ရာ ကျောက်တုံးကြီးပေါ်သို့ မေခင်ကို ပွေ့ချီ၍ တက်လာသော မျိုးတင့်ကို မြင်ရသောအခါ စိတ်နှလုံးချမ်းသာ၍ အတိုင်းမသိ ပျော်ရွှင်သွားကြလျက်...

'ဟုတ်တယ်... ဟုတ်တယ်... မမေခင် မသေဘူး၊ အမယ်လေး... ဝမ်းသာလိုက်တာ၊ ဟိုဘက်ကို ကူးပြီးသွားရအောင်၊ လှေရှာကြဦး... လှေလှေ' ဟု ဆူညံအော်ဟစ်ကြလျက် ဝမ်းနည်းလွယ်သော မိန်းမပျိုများမှာ အထူးရွှင်လန်းသော မျက်နှာကလေးများနှင့် အားရဝမ်းသာ ဖြစ်နေကြတော့၏။

လှေကား ရှားလှပေသည်။ မြစ်ညာမြစ်ဖျားတွင် လှေရှိရန် ရွာလည်း မရှိသောကြောင့် သစ်ဖောင်သမားများ ချထားသော ဝါးစွပ် တစ်


mgyoe.com

mgyoe.com SAMPLE BOOK


စွပ်၊ ယောက်ျားသုံးယောက်အားနှင့် ဆွဲ၍ မြစ်ထဲသို့ ရောက်စေပြီး ဝါးလုံးများဖြင့် ထိုးကန်၍ ကျောက်ဆောင်ရှိရာ မြစ်လယ်သို့ကူးကာ မျိုးတင့်နှင့် မေခင်တို့ကို ကူညီရလေ၏။

မျိုးတင့်မှာ မိမိလုံချည်ကို မေ့မြောနေသော မိန်းကလေး၏ ဂုဏ်သိက္ခာကို မပျက်စေရန် ဝတ်ပေးထားနှင့်ရသောကြောင့် ဘောင်းဘီတိုကလေးနှင့် ခိုက်ခိုက်တုန်အောင် ချမ်းလျက်ရှိတော့၏။ ဝါးဖောင်ပေါ်တွင်လည်း ကောင်မကလေး၏ ဝ၍ လေးလေးတစ်တစ်ရှိလှသော ခန္ဓာကိုယ်နွေးနွေးကြီးကို ပွေ့လျက်ထားရလေ၏။

ကမ်းသို့ဆိုက်မိသည်နှင့် တစ်ပြိုင်နက် ဆရာမများနှင့် မိန်းမပျိုများက မေခင်ကို ဝိုင်း၍ပွေ့ချီကာ တဲရှိရာသို့ ယူသွားကြပြီး မိမိတို့တွင် အပိုပါလာသော အနွေးလုံချည်များ၊ တဘက်များနှင့် ပွေ့ဖက်ကာ ကြက်ဥနှင့် ရေနွေးများကို ပါးစပ်တွင်းသို့ ချပေးလေ၏။ ရေနစ်သော မိန်းမပျိုမှာ သတိရပြီ ဖြစ်သော်လည်း ပွင့်ပွင့်လင်းလင်း သတိမရသေးဘဲ မိမိကိုယ်ကို နေမကောင်း၍ အိပ်ရာပေါ်တွင် လဲနေသလို ထင်မိရှာလေ၏။

မျိုးတင့်မှာလည်း အပိုယူလာသော မစိုသေးသည့် အဝတ်များကို လဲလှယ်ဝတ်ဆင်ရပြီး မီးဖိုနားတွင် တခိုက်ခိုက် တုန်လျက်ရှိလေ၏။ အသင့်ဖျော်ထားပြီးသော ကော်ဖီတစ်ခွက်ကို သောက်ရင်း မိမိတို့အဖြစ်ဆန်းကြယ်ပုံကို တွေးမိလျက် ကျောက်တုံးကြီးများကြားတွင် နှစ်ယောက်ထဲ ရှိစဉ်က လုံချည်မပါ၊ ဗလာကျင်းနေသော မေခင်၏ လှပသောကိုယ်ခန္ဓာကိုယ်ကြီးကို သွား၍တွေးမိပြီး တစ်ကိုယ်လုံး တင်းမာခက်တရော်ရှိသွားလျက်… "အင်း… ဒါမျိုးဟာ ရသေ့တောင် ဈာန်လျှောရတယ်ဆိုတော့ ငါ ဈာန်မလျှောသေးပုံ ထောက်ရင် အာဂယောက်ျားပဲ"ဟု သူ့ကိုယ်သူ သွေးကြီးမိလေ၏။

ဆရာများနှင့် ယောက်ျားကျောင်းသားကလေးများ စီးနင်းလိုက်ပါလာမည့်ကားမှာ ညနေ သုံးနာရီထိအောင် ရောက်မလာသေးသဖြင့် တစ်စုံတစ်ခုဖြစ်ပြီး "ကားရင်လည်းပျက်၊ သို့မဟုတ် သစ်ပင်များ ဝင်တိုးမိသလား၊ ချောက်ထဲများ ကျလေပြီလား"ဟု စိတ်မကောင်းစရာတွေကိုသာ တွေးမိကြလေရာ မိမိတို့ ကိုယ်တိုင်မှာလည်း မေခင် ရေနစ်သဖြင့် စိတ်မကောင်း


mgyoe.com

mgyoe.com


စရာများနှင့် တွေ့နေကြရသောကြောင့် အိုးခွက်ပန်းကန်များကို သိမ်းဆည်းကာ ခူး၍ရသမျှသော ပန်းကလေးများကို ကားအမိုးပေါ်တွင် တင်လျက်၊ သတိကောင်းစွာရပြီ ဖြစ်သော်လည်း အားအင်နုံးချည့်နေသေးသော မေခင်အား ညွှန့်ညွှန့်နှင့် မခင်ရီတို့က ဖေးမကာ တစ်ဖက်တစ်ချက် ညှပ်၍ ထိုင်ပြီး စိတ်လက်မရွှင်မပျနှင့် မြစ်ကြီးနားသို့ ပြန်ခဲ့ရသောကြောင့် အလာတွင် ပျော်ရွှင်ဆူညံသလောက် အပြန်တွင် ခြောက်သွေ့သွေ့ကြီးဖြစ်ကာ ကားဆောင်ရာသို့ ပါလာကြလေ၏။

ပျော့တော့ချည့်နဲ့နေသော မိန်းကလေးတစ်ယောက် ပါလာသဖြင့် ညာတာ၍ ဖြည်းညင်းစွာ မောင်းလာရသော ကားမှာ ရောက်သင့်သော အချိန်ထက် ပို၍နောက်ကျနေသောကြောင့် စိုးရိမ်သဖြင့် တုတ်၊ ဓား၊ လက်နက်များနှင့် ထွက်၍ကြိုလာကြသော ဆရာများ၊ ကျောင်းသားများ၊ မိန်းကလေးမိဘများနှင့် ဆိုင်ရာလူကြီးများ၏ ကားနှစ်စီးနှင့် မြို့မှ ခုနစ်မိုင်အကွာတွင် ဆုံမိကြမှ ဆရာများကားမှာ မြို့မှထွက်ပြီး မိုင် ၂၀ ရောက်မှ ဝင်ရိုးကျိုးသွားသဖြင့် ကားကြီးကို ထားပစ်ခဲ့ပြီး ခြေကျင်ပြန်ခဲ့ရကြောင်း သိရ၏။

မိန်းကလေးမိဘများကလည်း မိုးချုပ်သည့်အတွက် အပြစ်တင်စကားများ ပြောကြလျက် စိုးရိမ်ကြောင့်ကြရကြောင်း၊ အချိန်စောစော ပြန်သင့်ကြောင်းနှင့် မကျေမချမ်း မြည်တွန်တောက်တီးကြသောကြောင့် ရေနစ်သည့် အကြောင်းကို မပြောကြရန် နှုတ်ပိတ်ထားသည့်အတိုင်း ကားပျက်လို့ နောက်ကျသလိုလို ပြောလိုက်ကြရသောကြောင့် လာကြိုသူများမှာလည်း ကျေနပ်ပြီးလျှင် မြို့ထဲသို့ရောက်သောအခါ မိန်းကလေးများ၏ အိမ်အသီးသီးသို့ လိုက်လံပို့အပ်လိုက်ရပြီး ဆရာမများနှင့် မင်းကတော် ဒေါ်မိလေးတို့မှာ မိုးချုပ်မှ အိမ်ပြန်ရောက်လေတော့၏။

## အခန်း (၅)

နောက်တစ်နေ့ နံနက်လင်းသောအခါ တစ်ညဥ့်လုံး ကောင်းစွာအိပ်ပျော်ပြီး အိပ်ရေးဝလျက် စိတ်ကြည်လင်ရွှင်လန်းကြခြင်း၊ သွေးအားကောင်းသည့်


mgyoe.com

mgyoe.com

အရွယ် ဖြစ်ခြင်းတို့ကြောင့် မိန်းမပျိုအားလုံးနှင့်တကွ မေခင်ပါ ကျန်းမာလန်းဆန်းနေလေ၏။ ညွန့်ညွန့်၊ ကြင်ရီနှင့် ဆရာမများသည် အိပ်ရာကထပြီးလျှင် မျက်နှာသစ်ပြီး မေခင် မည်သို့ရှိသည်ကို သိလိုသဖြင့် သွားရောက်ကြည့်ရာ တစ်ပတ်လျှိုဆံထုံးနှင့် ဖြူနုသောမျက်နှာတွင် ပေါင်ဒါကလေးများ ပွတ်ထားသောကြောင့်၊ အိပ်ရေးဝ၍ လန်းလန်းဆတ်ဆတ် ပြည့်ဖြိုးလျက်ရှိသော မျက်နှာနှင့် ပြုံး၍ကြိုဆိုနေသည်ကို တွေ့ရသောကြောင့် စိတ်အေး၍ သွားကြလေ၏။

'အစ်မတို့ရော၊ ညွန့်တို့ရော ကော်ဖီသောက်ကြပါဦး၊ လာပါ၊ ထိုင်ပါဦး'ဟု လောကွတ်တွေ ပိုလျက်ရှိသော မေခင်ကို မြင်ရသောအခါ ညွန့်ညွန့်တို့မှာ မနေ့က မေခင် သေပြီမှတ်၍ မိမိတို့ ငိုရပုံကို သွား၍ တွေးမိသောကြောင့် ပြုံးမိသွားကြလေ၏။

ညွန့်ညွန့်က ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်ရင်း မိမိအတွေးပေါ်လာပုံကို ဆရာမဒေါ်လှကြည်အား ပြောသဖြင့် ဒေါ်လှကြည်မှာ ပျော်ရွှင်တတ်သူ ဖြစ်သည့်အတိုင်း ပွင့်ပွင့်လင်းလင်း အသံများ ထွက်အောင် ရယ်မောလေ၏။

'အစ်မက ဘာများ သဘောကျနေပါလိမ့်'ဟု မေခင်က ပြုံးရင်း၊ လက်ဖက်ရည်ကရားမှ ပန်းကန်တွင်းသို့ ကော်ဖီကို ငှဲ့၍ထည့်ရင်း လှမ်း၍ မေးသဖြင့်...

'တခြားဟာပါ'ဟု လွှဲ၍ ပြောသော်လည်း မကြားစေချင်သော စကားကို ပို၍ ကြားချင်မြဲအတိုင်း...

'အစ်မကလည်း ပြောပါတော့၊ မေခင့်ကိုတောင် လျှို့ဝှက်နေရသေးသလား၊ ညွန့်ညွန့်ကိုတောင် သိစေရင် မေခင်ဖို့လည်း ချန်မထားပါနဲ့တော့'ဟု ဆရာမကိုဖက်ရင်း ကန့်ကရ ပြောသဖြင့် ဆရာမက ညွန့်ညွန့်တို့ ငိုကြပုံကို ပြောပြမှ သဘောကျရင်း အသံကလေးများ ထွက်အောင် ရယ်မောလေ၏။

ထိုအချိန်တွင် မေငင်၏ဖခင် ဝန်ထောက်ကြီးမှာ အိမ်အပေါ်ထပ်တွင် ရှိနေသဖြင့် အောက်ထပ်ဧည့်ခန်းတွင် လွတ်လပ်စွာ ပြောဆိုရယ်မောနိုင်ကြလေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK


မေခင်က စကားဆက်ရင်း…

'မနေ့က ခင် ရေထဲကျသွားတော့ ဘယ်လိုဖြစ်ပြီး ဘယ်သူ ဆယ်တယ် ဆိုတာတောင် မသိသေးဘူး၊ ကားပေါ်မှာလည်း မူးလို့ အားမရှိတာနဲ့ အသာကလေး မှေးလိုက်ခဲ့ရတာ၊ စကားပြောဖို့တောင် ပါးစပ်မဟချင်ဘူး'ဟု မေးရင်း ပြောသဖြင့် မကြင်ရီက ရေနစ်သွားသည်မှစ၍ ဝါးဖောင်ကလေးဖြင့် တင်ယူရသည်အထိ သိသမျှကို ပြောလေ၏။

'ဒါဖြင့် ကိုမျိုးတင့်သာ မရှိရင် ခင်တော့ သေဖြစ်မှာပဲ'ဟု ပြောလေ၏။

'သေရုံ ဘယ်ကမလဲ၊ ငါးတွေ ကိုက်လို့ ဟိုဒင်း… ခြေမတို့၊ လက်မတို့တောင် ရှိတော့မှာ မဟုတ်ဘူး'ဟု ဒေါ်လှကြည်က ရယ်စရာပြောသဖြင့် တွေးလုံးကလေးများ သွင်းကာ ရယ်ကြရလေ၏။

'ဟင်… အစ်မကလည်း ရှက်စရာ၊ ရှာရှာဖွေဖွေ ပြောလည်း ပြောတတ်တယ်၊ ဟိုဒင်း… ဆိုတာက ဘာလဲ'ဟု ဆရာမ၏ပေါင်ကို ဆိတ်ဆွဲမလိုရွယ်ရင်း နှုတ်ခမ်းစူလျက် ပြောသဖြင့်…

'မလုပ်ပါနဲ့၊ ယားတတ်ပါတယ်၊ ဟိုဒင်းဆိုတာ ခြေမလက်မ ပါလို့ ပြောပြီးပကော၊ ညည်းလက်က ရွယ်ထားတာ ကြောက်စရာကြီး၊ ဆိတ်လိုက်တာက တော်သေးတယ်'ဟု အူယားသလို ကိုယ်ကိုတွန့်ရင်း ပြောလေ၏။

'အစက စိုးရိမ်လိုက်ရတာ၊ ခုလိုများ နေကောင်းပါ့မလားလို့။ ခုမှ စိတ်အေးသွားတော့တယ်'ဟု ဒေါ်နှင်းရင်က ကြားဖြတ်၍ ပြောပြီး…

'ဒါနဲ့ မနေ့ကဝတ်လာတဲ့လုံချည်ဟာ မင်းကတော်ရဲ့ လုံချည်နော်၊ ပြန်ပေးဖို့ မမေ့နဲ့'ဟု သတိပေးသလို ပြောလေ၏။

'ဒါဖြင့် ခင်ဝတ်သွားတဲ့ လုံချည်ကောဟင်'ဟု မေးသဖြင့်…

'စိုနေလို့ ညွှန့်ညွှန့် သိမ်းထားလိုက်တယ်၊ အိမ်မှာ'ဟု ပြောပြီး ကော်ဖီကိုမှုတ်၍ နှုတ်ခမ်းနှင့်တေ့ပြီး သောက်နေ၏။

"လုံချည်ဟာ ကိုမျိုးတင့် လုံချည်ပဲ၊ သူ့လုံချည်တော့ မဟုတ်ဘူး၊ ရေနစ်တုန်းက ရေထဲ ပြုတ်ပါသွားလို့ ကိုမျိုးတင့် ဝတ်ပေးလိုက်တာနဲ့ တူတယ်၊ ဒါကို ဖော်ပြောလိုက်ရင် ရှက်သွားမှာပဲ၊ နောက်မှ ဖြည်းဖြည်း


mgyoe.com

ပြောတော့မယ်လေ"ဟု ပန်းကန်ထဲမှ ကော်ဖီကို မျှောချရင်း တွေးနေလေ၏။

"သူတို့နှစ်ယောက်ထဲ..." ဟူသော အတွေးသည် ညွန့်ညွန့်၏ ခေါင်းထဲသို့ ဝင်လာသောအခါ မျက်နှာတွင် သဏ္ဍာန်တစ်မျိုး ပေါ်လာလျက် မေခင်၏မျက်နှာကို မသက်သလို ကြည့်မိလေ၏။

'ကြည့်တာ... ဘာကြည့်တာလဲ'ဟု မေခင်က မခံချင်သလို ပြန်ကြည့်ရင်း မေးသဖြင့်...

'ရှင် ကိုမျိုးတင့်ကို အများကြီး ကျေးဇူးဆပ်ဖို့ ရှိသေးတယ်၊ အဲဒါ သတိပေးမလို့၊ အသက်သခင် ကျေးဇူးရှင်ဆိုတာ မမေ့ကောင်းဘူး'ဟု ညွန့်ညွန့်က ပြောမှ ဆရာမနှစ်ယောက်မှာလည်း ယခုမှ သတိရပြီး...

'အေး... ဟုတ်တယ်၊ ဒါ အရေးကြီးတယ်၊ ညည်း သူ့ကို ဝတ်စုံတစ်စုံ ကန်တော့ရလိမ့်မယ်'ဟု ဝိုင်း၍ ပြောကြလေ၏။

'ကန်တော့မလို့ပါပဲ၊ ခင်လည်း သတိရပါတယ်၊ ဒါပေမဲ့ ရေနစ်တဲ့ အကြောင်း လူများ မသိစေဘဲ ထားတာ။ ဒီလို ကန်တော့တယ်ဆိုရင် မေးလား မြန်းလားနဲ့ တစ်စ တစ်စ စကားပြန့်ပြီး ဖေဖေ ကြားမှာ စိုးရသေးတယ်'

'ဒါက အစ်မတို့ စီမံပေးမယ်၊ မောင်မျိုးတင့် အားတဲ့တစ်နေ့မှာ အစ်မတို့အိမ် ခေါ်ထားမယ်၊ ခင်တို့လည်း အလည်လာသလို လာရင်း နှစ်မင်း ဆုံမိမှ လူမသိအောင် ကန်တော့တာပေါ့'ဟု ဒေါ်နှင်းရင်က ပြောလေ၏။

"လူမသိအောင် ကန်တော့" ဟူသော စကားကို ကြားရသောအခါ မကြင်ရီက တစ်ဖက်လှည့်၍ ပြုံးရာ ဆရာမ ဒေါ်လှကြည်က ရိပ်မိသဖြင့် 'မကြင်ရီ ပြုံးပုံက တယ်မရိုးဘူး၊ ဘာများတုံး'ဟု မေးရာ 'ရယ်ချင်လို့ ပြုံးတာပေါ့၊ အစ်မကလည်း'ဟု မျက်စိတစ်ဖက် မှိတ်ပြရင်း ပြုံးပြန်သဖြင့် ဒေါ်လှကြည်မှာ အသာနေလိုက်ရလေ၏။

ကော်ဖီသောက်ပြီးကြသောအခါ မိန်းကလေးများလည်း ဝါဆိုပန်းလှည့်ပွဲတွင် ပါဝင်ကြမည်ဖြစ်၍ အဆင်သင့် ပြင်ဆင်ကြရန်နှင့် လှူဖွယ်


mgyoe.com

mgyoe.com

SAMPLE BOOK


ဝတ္ထုပစ္စည်းများ ဝယ်ခြမ်းရန် တာဝန်ခွဲဝေပြီး မိမိတို့ အိမ်များသို့ ပြန်ကြလေ၏။

မြစ်ကြီးနားမြို့ အစိုးရအထက်တန်းကျောင်းကြီးမှ ဗုဒ္ဓဘာသာ အသင်းကြီး၏ ပထမအကြိမ် ကျင်းပသော ဝါဆိုပန်းကပ်ပွဲဖြစ်၍ ကျောင်းသားများ မည်သို့စီစဉ်ကြမည်ကို စိတ်စောလျက် တစ်မြို့လုံး စောင့်စားနေကြရာ၊ တခြိမ့်ခြိမ့် တီးမှုတ်ကြသော အစိုးရအထက်တန်းကျောင်းဝင်းပတ်လည်တွင် ပရိသတ် စည်ကားလျက် ရှိလေ၏။ ဂေါ်ရခါး ဗုဒ္ဓဘာသာ ကျောင်းသားများကို စစ်တပ်မှ ဘင်အဖွဲ့ဖြင့် ကူညီသဖြင့် တစ်မျိုးခမ်းနားလှပေ၏။ မြို့ထဲသို့လှည့်ရန် ကျောင်းသားကြီးများမှာ စည်တော်နှင့် ရှေ့ဆုံးမှ ဝင်းခင်းလျက် လာကြသည်မှာ အထူးသိုက်မြိုက်ရာ၊ ရှမ်းကျောင်းသားများ၏ အိုးစည်အကမှာလည်း တကယ့်ဓားသိုင်းတတ်သော ကျောင်းသားများက ထိုးခုတ်ပြကြသည်မှာ ကြက်သီး ထ ဖွယ် ဖြစ်လေ၏။

ဘအောင်တို့၊ မြမောင်တို့၊ မောင်ကိုကြီးတို့ လူစုမှာ လူရှွတ် လူနောက် လူပြောင်တွေ စုဝေးလျက်ရှိလေရာ အိုးစည်အဖွဲ့နှင့်၊ အင်္ဂလိပ်အဝတ်အစားနှင့် ကွေးနေအောင် က,၍လာသည်မှာ ပွဲကျလှသဖြင့် မြင်ရသူတိုင်း အူနှိပ်နေရလေ၏။

အိုးစည်တီးသူမှာ ဂျပန်အဝတ်အစားနှင့်ဖြစ်၍ လင်းကွင်းတီးသူမှာ ပန်ချာပီကုလားလို ပေါင်းထုပ်၊ မုတ်ဆိတ်မွေး၊ ဘောင်းဘီပွကြီးနှင့်ဖြစ်လျက် နှဲဆရာမှာ တရုတ်လို ဝတ်ထားရာ ကိရိယာအားလုံး စက္ကူဖြင့် လုပ်လျက် ပါးစပ်က မြည်ပေးပြီး က,သူကလည်း ယိုးဒယားနှင့် ကွေးကောက်ကာ အတွန့်အလိမ်များနှင့် က,လေရာ အိုးစည်ဝိုင်းမှာ နောက်ဆုံးမှလိုက်၍ လူအစည်ဆုံး ဖြစ်လေ၏။

မိန်းကလေးများမှာ ပန်းတကောင်းကလေးများတွင် သပြေပန်းများ၊ ဝေဝေဆာဆာ ရှိလှသော သစ်ခွပန်းများ ထိုးစိုက်လျက်ထားပြီး နှစ်ယောက်စီ သိမ်မွေ့စွာ စီတန်း၍ ဆရာမများ အုပ်ထိန်းလျက် အလယ်က လိုက်ကြလေရာ၊ ပန်းကပ်ပွဲကြီး၏ မျက်နှာဖုံးသဖွယ် တင့်တယ်သိုက်မြိုက်လှသောကြောင့် ငနဲတချို့မှာ မိန်းကလေးများ အနီးမှ ရစ်ဝဲကာ ကိုယ်လုံးကိုယ်ပေါက် မည်သူက လှသည်၊ မည်သူက ခါးကုန်းသည်၊ ဘယ်မိန်းက


mgyoe.com

mgyoe.com

SAMPLE BOOK


လေးကတော့ ဘယ်ငတိနဲ့ စသည်ဖြင့် ပြောချင်ရာပြောကာ၊ စိတ်သဘော တူသူချင်း ပီတိကျကာ သွားရည် တမျှားမျှား ရှိကြလေ၏။

ဆရာဦးဟိန်မှာ ဗုဒ္ဓဘာသာအသင်း၏ ဥက္ကဋ္ဌဖြစ်ရာ အထူးပို၍ အလုပ်များလေ၏။ ယခုကဲ့သို့ သိုက်မြိုက်ခမ်းနား စည်ကားသည်ကို မြင်ရသောအခါ နောင်နှစ်များအတွက် ပို၍စိတ်အားထက်သန်လျက် "ယခုနှစ်တွင် ပင်ပန်းကျိုးနပ်ပြီ"ဟု ဝမ်းသာမိလေ၏။ ပန်းကပ်ပွဲကြီးကို ဆုတောင်းပြည့်စေတီ ရင်ပြင်တော်တွင် ရေစက်သွန်းချ လှူဒါန်းအမျှဝေပြီးနောက် အလှူထမြောက်ပြီးမှ မျိုးတင့်တစ်ယောက် မပါလာကြောင်းကို သိရလေ၏။

အဘယ်ကြောင့် မပါလာသည်ကို မျိုးတင့်၏မိတ်ဆွေ ကျောင်းသားများလည်း မသိ၊ တစ်နေ့လုံး အလှူလှည့်ရန် ကိုယ့်တာဝန်နှင့်ကိုယ် ကိစ္စများနေကြရသောကြောင့် ဆရာဟိန် မေးမှပင် မျိုးတင့် မပါလာကြောင်း သိကြလေတော့၏။

မောင်ကိုကြီးကို မျိုးတင့်အိမ်သို့လွှတ်၍ တွေ့လျှင် ဆရာ့ထံခေါ်ခဲ့ရန် မှာလိုက်သဖြင့် မောင်ကိုကြီးသည် စက်ဘီးဖြင့် မျိုးတင့်အိမ်သို့ အမြန်နင်း၍ သွားရောက်မေးမြန်းလေ၏။ မျိုးတင့်မှာ မနေ့က မေခင်အား ရေထဲမှဆယ်ပြီး အဝတ်ထူထူ မဝတ်ရသည့်အပြင် မော်တော်ကား ရှေ့ပိုင်းမှ စီးခဲ့ရသဖြင့် အအေးမိပြီး တစ်ကိုယ်လုံး ကိုက်ခဲနာကျင်ကာ အပြင်းဖျား၍ နေသောကြောင့် ဆရာဝန်များနှင့် ကုနေရသည်ကို မြင်ရသောအခါ စိတ်မကောင်းရှာဘဲ ဆရာဟိန်ထံ သွားရောက် အကြောင်းကြားသဖြင့် ညစာစားလျက်တန်းလန်းမှ လက်ဆေး၍ မျိုးတင့်အိမ်သို့ ထွက်သွားလေတော့၏။

ဆရာဟိန်ကို မြင်သော မျိုးတင့်၏ဖခင်ကြီးက 'ဆရာ ကြွပါ'ဟု နေရာထိုင်ခင်းကို မျိုးတင့်၏ ခုတင်ဘေးတွင် ပေး၍ထိုင်စေ၏။

လူမမာ၏နဖူးကို စမ်းလိုက်သောအခါ ချစ်ချစ်တောက်အောင် ပူနေသည်ကို တွေ့ရဖြင့် မျိုးတင့်၏ဖခင်ဘက်သို့လှည့်၍ 'ဆရာဝန်က ဘာပြောသွားပါသလဲ'ဟု မေးရာ 'ဆရာဝန်ကတော့ တစ်ရက် နှစ်ရက်အတွင်း သက်သာပါလိမ့်မယ်၊ အဖျားက အစဆိုတော့ တက်အားရှိတုန်းမို့ အလူးအလဲ ခံနေရတာပါ၊ စိုးရိမ်စရာ မရှိပါဘူးလို့ ပြောတာပဲ'ဟု အဘိုးကြီးက အေးဆေးစွာ ပြန်ပြောသဖြင့် စိတ်သက်သာရာ ရသွားလေ၏။


mgyoe.com

mgyoe.com


'ကျွန်တော်တို့လည်း အလုပ်များလို့ အလှူလှည့်တဲ့နေရာမှာ သူ ပါမလာမှန်းတောင် မသိဘူး၊ ဘုရားရောက်မှ သိလို့ မောင်ကိုကြီး လွှတ် ပြီး ကြည့်ခိုင်းမှ နေမကောင်းမှန်း သိရပါတယ်။ မနေ့က မြစ်ဆုံကို ပန်း ခူးရင်း၊ ပျော်ပွဲစားရင်း သွားကြတာ ခရီးပန်းလို့ ဖြစ်ပါလိမ့်မယ်။ ယောကျ်ား ကလေးဆိုလည်း သူတို့နှစ်ယောက်သာ ပါသွားတော့ မိန်းကလေးတွေကို အစစအရာရာ ကူညီရတော့ ပင်ပန်းလို့ ဖြစ်ပါလိမ့်မယ်'ဟု ဦးဟိန်က ပြောလေ၏။

'ဒါပဲ ဖြစ်မှာပါပဲ ဆရာရယ်။ ဆရာဝန် စကားနဲ့ စိတ်ချနေရတော့ မှာပဲ။ မနေ့ညဦးကတော့ စိုးရိမ်မိသေးတယ်'ဟု အဘိုးကြီးက ပေါ့ပါးသွား ဟန်နှင့် ပြောလေ၏။

'ဆရာဝန်က ဒီလိုပြောရင်တော့ မစိုးရိမ်ရပါဘူး၊ ခုလည်း အိပ် ပျော်နေပါပြီ၊ အိပ်ရေး ဝသွားရင် အဖျားလည်း ပေါ့သွားပါလိမ့်မယ်၊ သူ့သူငယ်ချင်းတွေတောင် လာဦးမလားပဲ၊ သူငယ်ချင်းတွေလည်း အတော် ပန်းကြလို့ ထမင်း ခုမှပဲ စားကြရရှာတယ်၊ စားပြီးရင် လာကြပါလိမ့်မယ်၊ ကျွန်တော့်လည်း ခွင့်ပြုပါဦး'ဟု ရိုသေစွာ နှုတ်ဆက်သဖြင့် 'ကောင်းလှ ပါပြီ ဆရာ၊ ကျေးဇူးတင်ပါတယ်၊ ဆရာ့အကြောင်းတော့ ဆရာ့တပည့်က အတော်ပြောတာ၊ သိပ်ခင်ပုံလည်း ရတယ်၊ ဆရာ လာမေးတာ သိရင်တောင် အတော် အားရှိသွားမှာပဲ'ဟု စိတ်ထဲတွင် တကယ်ရှိသည့်အတိုင်း ပြောပြ လျက် ဆရာဟိန်အား လှေကားထိ လိုက်ပို့လေ၏။

ဝါဆိုလပြည့်အတွက် ကျောင်းပိတ်ရက်များ ကုန်လွန်ပြီး ကျောင်း ပြန်ဖွင့်သောအခါ မျိုးတင့်တစ်ယောက် ကျောင်းတက်သည်ကို မမြင်ရ သဖြင့် ညွန့်ညွန့်တို့လူစုက မောင်ကိုကြီးတို့၊ မြမောင်တို့ကို မေးကြမြန်း ကြမှ အတော်နေမကောင်း၍နေကြောင်း သိကြရသဖြင့် "ဟိုနေ့ကကိစ္စမှာ အအေးမိလို့ ဖြစ်မှာပဲ"ဟု တွေးမိရင်း မိမိတို့အတွက် ဖြစ်ရသောကြောင့် စိတ်မကောင်း ရှိရှာလေ၏။ ညွန့်ညွန့်နှင့် ကြင်ရီက ပြောသဖြင့် မေခင် လည်း မျိုးတင့် မမာကြောင်း သိရသောအခါ 'သနားပါတယ်'ဟု နှုတ်မှ ပြောမိလေတော့၏။

ကျောင်းဆင်း၍ အိမ်ပြန်ကြသောအခါ မေခင်က 'ခင့်လုံချည် ညွန့်


mgyoe.com

တို့အိမ်မှာ ရှိနေရင် ဝင်ယူသွားရအောင်’ဟု ပြောသဖြင့် ညွှန့်ညွှန့်မှာ မေ့မေ့ပျောက်ပျောက် နေရာမှ သတိရလာပြီး ရေနစ်စဉ်က အဖြစ်အပျက်များကို မပြောရင် မဖြစ်တော့သည့်အတိုင်း မောင်မျိုးတင့်၏ လုံချည်ကို ဝတ်ပေးရကြောင်းမှစပြီး အိမ်တွင်ယူထားသော လုံချည်မှာလည်း မောင်မျိုးတင့် လုံချည်သာဖြစ်ကြောင်း၊ ခင် ရှက်မည်စိုး၍ မပြောဘဲ နေခဲ့ကြောင်းများကို ညွှန့်ညွှန့်က ပြောပြသောအခါ မေခင်မှာ တစ်မျက်နှာလုံး ရှက်သွေးကလေးများ ဖြာလျက် လက်ဝါးနှင့်အုပ်ကာ ရှက်၍မဆုံးရှိသောကြောင့် ညွှန့်ညွှန့်က မည်သူမှလည်း သိမည်မဟုတ်၊ မောင်မျိုးတင့် လုံချည်မှာ အစိမ်းနုရောင် မန္တလေးပိုးလုံချည် တစ်ပတ်နွမ်းဖြစ်ပြီး၊ မေခင်၏ လုံချည်မှာလည်း ဖက်ဖူးရောင် မန္တလေးပိုးလုံချည်ဖြစ်၍ ရေစိုနေသောကြောင့် မည်သူမျှ မခွဲခြားနိုင်သည့်ပြင် ရေနစ်သူကိုသာ ဝိုင်းဝန်းပြုစုနေရသောကြောင့် ဆရာမများနှင့် ကျောင်းသူများပါ လုံချည်ကိစ္စကို မသိဘဲ မိမိတစ်ဦးတည်းသာ လုံချည်အစိုနှင့် အခြောက် လဲစဉ်က အထက်ဆင့်မပါသည်ကို သိမြင်မိမှ ရိပ်မိကြောင်း ပြောပြလျက် အရှက်ပြေအောင် ချော့မော့ ပြောဆိုသဖြင့် သက်သာရာ ရရှာလေ၏။

‘ခင်... ရှက်လွန်းလို့၊ ဒီကိစ္စကို ဘယ်သူ့မှ မပြောပါနဲ့ ညွှန့်ညွှန့်ရယ်’ဟု တောင်းပန်ရှာလေ၏။

‘ညွှန့် ဘယ်သူ့မှ မသိစေပါဘူး၊ ခင် ကိုယ်တိုင်တောင် သိရင် ရှက်နေမှာစိုးလို့ မေ့မေ့ပျောက်ပျောက် လုံချည်အကြောင်း မပြောဘဲနေတာ။ ခင်က မေးနေလို့ မပြောမဖြစ်လို့ ပြောရတာပါ၊ ညွှန့်ကိုလည်း ရှက်မနေပါနဲ့၊ ဘယ်သူ့မှလဲ စပ်လို့ပြောမှာ မဟုတ်ပါဘူး၊ လေသံတောင် မဟပါဘူး’ဟု ဝန်ခံလေ၏။

ထိုနေ့ညနေပိုင်းတွင် မေခင် ကျောင်းမတက်သည့် အကြောင်းကို ညွှန့်ညွှန့်တစ်ယောက်သာ သိလေ၏။ ညွှန့်ညွှန့်တို့အိမ်မှ ပြန်ရောက်ကတည်းက မေခင်မှာ အခန်းထဲမှ မထွက်တော့ဘဲ နေမကောင်းဟန်နှင့် ခုတင်ပေါ်တွင် ခေါင်းအုံးပေါ် မျက်နှာအပ်ကာ တစ်ကိုယ်လုံး ထူပူကာ နေရှာလေတော့၏။ အတန်ငယ်ကြာ၍ အရှက်ပြေသွားမှ...

“ငါ့ကို သူ့လက်မောင်းကြီးနဲ့ ပွေ့ရုံတင်ပဲလား၊ ငါ့မှာ အဝတ်အစား



mgyoe.com

mgyoe.com SAMPLE BOOK


မရှိရင်... သူ..." စသည်ဖြင့် အရှည်ကြီး ဇာရာဏာသီချဲ့ကာ တွေးလျက် မိမိ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကိုပင် မသက်သာချင်သလို ဖြစ်ကာ စမ်းသပ်မိလေ၏။

"လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းကို လုပြီး အသက်စွန့်ကယ်တဲ့ ယောက်ျားဟာ ဒါလောက်တော့ စိတ်သဘောထား သေးနုပ်မယ် မဟုတ်ပါဘူးလေ"ဟု တွေးမိပြန်လေ၏။ ဆိတ်ကွယ်ရာ၌ နှစ်ယောက်ထဲ ရှိရုံမက မိမိမှာလည်း အဝတ်မကပ်၊ အစားမကပ် ရှိမည်ဖြစ်ရာ "သတိမေ့ လျော့နေခိုက် စိတ်ဆင်ရိုင်း ဝင်၍လာပြီး အမိုက်မှောင်ထဲ ဇွတ်မတိုးဘူးလို့ ဘယ်သူ အာမခံပါ့မလဲ၊ ငါ့တစ်ကိုယ်လုံးလည်း သူထင်သလို ခြယ်လှယ်မှာ ထင်ပါရဲ့၊ အဝတ်လည်း သူ လဲပေးမှာပဲ၊ ငါတော့ မကောင်းတော့ဘူး၊ သေပစ်ချင်စရာသာ ကောင်းတော့တာပါပဲ"ဟု အတွေးနှစ်ခွနှင့် စိတ်ရှုပ်ထွေးကာ၊ အရှုခက် အရှိက်ခက်ရှိကာ အိပ်ရာပေါ်တွင် လူးလိုက်၊ လိမ့်လိုက်နှင့် အချိန်ကုန်လေတော့၏။

မျိုးတင့်မှာ တစ်သီတင်းခန့် ကျောင်းမတက်နိုင်ဘဲ ရှိလေ၏။ ထိုတစ်သီတင်းခန့်အတွင်း မျိုးတင့် ထိုင်သော ခုံနေရာလပ်ကလေးကို မြင်တိုင်း အခြားသူများမှာ သတိရရုံ၊ မျိုးတင့်အကြောင်း ပြောကြရုံထက် မထူးခြားလှသော်လည်း မေခင်၏စိတ်တွင်ကား ထိုခုံကလေးကို မြင်ရတိုင်း ရင်ထဲမှာ ဖိုမိသလို၊ ကြက်သီး ထ သလို ရှိရှာလေ၏။

တစ်သီတင်းခန့်အတွင်း မျိုးတင့်နှင့်ဆိုင်သော အတွေးတွေမှာလည်း အခါပေါင်းများစွာ မရည်ရွယ်ဘဲ မိမိ၏ မျက်စိထဲတွင် မျက်နှာကို မြင်ယောင်မိ၏။ သူ့အကြောင်းကို စိတ်ထဲတွင် ထည့်၍ စဉ်းစားမိ၏။ မျိုးတင့်နှင့် မျက်နှာကြောမတည့်၍ စောင်းမြောင်းရှုံ့ရှာခဲ့သည်များနှင့် ခွကျကျ အရွဲ့တိုက်တတ်သော မျိုးတင့်၏ အပြောအဆို၊ အမူအရာများကိုလည်း ပြန်လှန် တွေးတောမိ၏။

ထိုအကြောင်းကို စဉ်းစားမိတိုင်း အရင်က စိတ်ဆိုးခဲ့ရသော်လည်း ယခုအခါ စိတ်ဆိုးလိုစိတ် မရှိတော့သည်မှာ ဘာကြောင့်ဟု သူ့စိတ်ကိုသူ ဓာတ်ခွဲ၍ မသိနိုင်ရှာပေ။


mgyoe.com

mgyoe.com

"ငါ ဘာဖြစ်ပါလိမ့်မလဲ၊ သူ ငါ့ကို ဘယ့်နှယ်များ လုပ်ထားသလဲ" ဟု မသက်ာသလို ကလေးစိတ်နှင့် တွေးချင်ရာ၊ ထင်ချင်ရာ တွေးထင်မိရှာတော့၏။

သောကြာနေ့တိုင်းတွင် "ဂဲလ်ဂိုက်ဒ်"ခေါ် မိန်းကလေးစကောက်အဖွဲ့၏ ကစားပွဲ၊ စကောက်အတတ်သင်ပွဲများ ကျင်းပရသည်ဖြစ်ရာ၊ ဆရာမဒေါ်လှကြည်မှာ "ဂဲလ်ဂိုက်ဒ်"ဆရာမ ဖြစ်သည့်အတိုင်း ထမင်းဟင်းချက်အတတ်၊ မီးမွှေးအတတ်များကို လာမည့်သောကြာနေ့တွင် စမ်းသပ်စစ်ဆေးမည့်အကြောင်းကို မေခင်အား သူ့အတန်းသို့ခေါ်၍ သတိပေးသဖြင့် မြစ်ဆုံသို့ သွားကြစဉ်က ပါကြသော အခြားအတန်းသူများနှင့် ညွန့်ညွန့်တို့ပါ ဆုံမိကြပြီး ပျော်ခဲ့ပါးခဲ့ ကြသည်များကို စားမြုံ့ပြန်ကာ ပြောလို့မဆုံး ရှိပြန်လေ၏။

ရှမ်းမကလေး "မအဲစံ"က မေခင်ကို ကြည့်ပြီး...

'ရှင် ရေနစ်တုန်းက ကျွန်မတို့ဖြင့် စိတ်ပူလိုက်ရတာ၊ ရှင် ခုလိုများ စကားပြောနိုင်ပါဦးမလားလို့'ဟု ပူသလိုလို ပြောရှာလေ၏။

'ဟုတ်တယ်... ဟုတ်တယ်၊ အဲဒီတုန်းက ကျွန်မတို့ဖြင့် ငိုတောင်ငိုမိသေးတယ်'ဟု အခြားကျောင်းသူတစ်ယောက်က ပြောပြန်လေ၏။

'ခုတော့ မသေလို့ တွေ့ကြရပြန်တာပေါ့'ဟု မကြင်ရီက ပြုံး၍ ပြောရာ...

'ဒါတော့ ဒါပေါ့ရှင်၊ ရှင်ကော ကမ်းစပ်မှာ ခုန်ပေါက်ပြီး ငိုသေးတယ် မဟုတ်လား'ဟု ရှမ်းမကလေးက မခံချင်သလို လက်ညှိုးကလေးနှင့် ထိုးရင်း ရယ်၍ပြောလေ၏။

'ရှင့်ကို ရေထဲက ဆယ်တဲ့လူဟာ ဘယ်သူတဲ့'

'ကိုမျိုးတင့်'ဟု ညွန့်ညွန့်က ထောက်လိုက်သဖြင့်...

'အဲဒီလူကြီးသာ မရှိရင် ကျွန်မတို့ ခုလိုတောင် ပျော်နိုင်မှာမဟုတ်ဘူး၊ ကျွန်မတို့သာ မဟုတ်ဘူး၊ ဆရာမတွေရော မင်းကတော်ရော ငိုတောင်ငိုကြသေးတယ်၊ ဒီလူကြီးကို သိပ်ကျေးဇူးတင်ဖို့ ကောင်းတာပဲ'ဟု မအဲစံက ပြောလေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK


'ဟုတ်သားပဲ ခင်၊ ကိုမျိုးတင့်ဟာ ရှင့်ကို ကယ်တဲ့နေ့က အအေးမိပြီး ဖျားနေတာ၊ ရှင် ရောက်ဖို့ကောင်းတယ်'ဟု မကြင်ရီက ပြောရာ ဆရာမက...

'ဟုတ်သားပဲ၊ ခင် သွားဖို့သင့်တယ်၊ သူ့ခမျာ အဲဒီနေ့ကတည်းက ခုထက်ထိ ကျောင်းတောင် မတက်နိုင်ရှာဘူး၊ အစ်မတော့ ကြာသပတေးနေ့က တစ်ခေါက် ဒေါ်မိလေးနဲ့ ရောက်သေးတယ်'

'မကြင်ရီလည်း သုံးခေါက်တောင် ရောက်ပါတယ်ရှင်၊ ကိုယ့်အတန်းသားတစ်ယောက်ဖြစ်တာ မသွားဘဲနေလို့ တော်ပါ့မလား၊ ညွန့်ညွန့်ကော ရောက်သေးရဲ့ မဟုတ်လား'ဟု မကြင်ရီက မေးသဖြင့်...

'ညွန့်ညွန့်တော့ အိမ်ချင်းလည်း နီးတော့ နေ့တိုင်းလို အနည်းဆုံး တစ်နေ့ တစ်ခေါက်တော့ ရောက်တာချည်းပဲ၊ တစ်နေ့ကတောင် သပျစ်သီး ကျွေးရမယ် ဆရာဝန်ကပြောလို့ ညွန့် ဝယ်ပေးခဲ့သေးတယ်'

'မမေခင်တို့ကတော့ ကိုယ့်အသက်သခင် တစ်ယောက်လုံး ဖြစ်နေတာ သိပ်သွားဖို့ သင့်တာပဲ'ဟု ရှမ်းမကလေး မအဲစံက ပြောပြန်ရာ...

'ခင်လည်း ဒါလောက်ဖြစ်နေမှန်း ခုမှ သိပါတယ်၊ နေမကောင်းနေမှန်းတော့ သိပါတယ်၊ ဒါလောက် မဟုတ်ဘူး ထင်လို့ပါ၊ ညွန့်ညွန့်တို့ကလည်း မပြောလို့ပါ၊ သိရင် မနေပါဘူး၊ ဆက်ဆက်သွားဖြစ်အောင် သွားမှာပဲ'

'ခုတော့ သက်သာသွားပြီ။ ကနေ့ ထမင်းလည်း စားရပြီ။ ရေတောင် မနေ့က ချိုးပြီးပြီ။ ဒါပေမဲ့ အဖျားက သိပ်ပြင်းတော့ သိပ် အားနည်းနေလို့ ဘာလီတို့ နို့တို့ အိုဗာတင်းတို့ များများသောက်ပေးဖို့ ဆရာဝန်က အကြံပေးသတဲ့။ ကျောင်းလည်း မတက်ဖို့ပြောလို့ လာမယ့် တနင်္လာနေ့မှ တက်နိုင်မယ်လို့ ပြောတာပဲ။ အခုနေအခါ သွားမေးတာထက် ကောင်းတာက ဓာတ်စာကလေး ဘာကလေးပို့ပြီး နေကောင်းအောင် ဆုတောင်းကြောင်း ပြောလိုက်ရင် သာကောင်းတာပေါ့။ သိပ်ပြီးမကျွမ်းတဲ့ မိန်းကလေး တစ်ဦးဟာ ယောကျ်ားကလေး တစ်ယောက်ဆီ သွားလာ ဝင်ထွက်ဖို့လည်း အခဲယဉ်းသားပဲ'


mgyoe.com

mgyoe.com
SAMPLE BOOK


'ဟုတ်ပါတယ်လေ၊ ညွှန့်ပြောသလိုပဲ လုပ်တာ ကောင်းပါတယ်၊ ညွှန့်က တစ်ဆိတ် ဒီကပေးလိုက်တဲ့ သစ်သီးတို့၊ ဟောလစ်တို့ ယူသွားပေးပါနော်'ဟု မေခင်က ပြောလေ၏။

'ကဲ... ပြောပြီးရင် လာကြ၊ ဂိုက်မကလေးတွေ၊ နောက်ကို ရေမနစ်ကြရအောင် ရေကူးသင်ကြရမယ်'ဟု ပြော၍ ဆရာမများနှင့် ကျောင်းသူများပါ ရေကူးအတတ်၊ အသက်ကယ်နည်း စသည်များကို လေ့ကျင့်ရန် မြစ်ဆိပ်သို့ သွားကြလေ၏။

စနေနေ့နံနက်သည် မိုးမရွာသဖြင့် နေရောင်ကလေးနှင့် အထူးသာယာ၍နေရာ နာလန်ထစ မျိုးတင့်မှာ အားသစ်ပျိုးချိန်တွင် ယခုကဲ့သို့ အိပ်ရာထချိန်၌ လောက၏ သာယာပုံ အရသာကို ခံစားရသောအခါ စိတ်အားကိုယ်အား တိုးတက်လျက် အထူးပေါ့ပါး ရွှင်ပျမိလေ၏။ အစ်မကြီး မမြရီ ကျွေးသော ဘာလီနှင့် နို့ပြုတ်ကို သောက်ရင်း စိမ်းလန်းသော မြက်ခင်းကလေးနှင့် သာယာသော နေရောင်အောက်တွင် ပျံလွှားကာ သီချင်းဆိုကြသော ငှက်ကလေးများကိုကြည့်ကာ၊ စားရသော အာဟာရမှာလည်း ပို၍မြိန်ရှက်ကာ အရသာ ရှိသည်ဟု ထင်ရလေ၏။

'မောင်တင့်ရေ... ညွှန့်ညွှန့် လာတယ်'ဟု အောက်ထပ်က အစ်မကြီး မမြရီက လှမ်းပြောလိုက်သဖြင့် 'အပေါ်တက်ခဲ့ပါလို့ ပြောပါ မမရယ်'ဟု မျိုးတင့်က ပြန်ပြောလေ၏။

ညွှန့်ညွှန့်မှာ လက်ဆောင်တွေကို စက္ကူအိတ်ကြီးတွင် ထည့်ကာ အပေါ်ထပ်သို့ တက်လာပြီး ရွှင်လန်းစွာ စားသောက်နေသော မျိုးတင့်ကို မြင်ရသောအခါ သူငယ်ချင်းတို့၏ စင်ကြယ်သော စေတနာနှင့် ဝမ်းသာရွှင်ပျသွားလျက်...

'ခုလို စားသောက်နေနိုင်တာ မြင်တော့ ညွှန့်ဖြင့် သိပ်ဝမ်းသာသွားတာပဲ'ဟု ပြောရာ မျိုးတင့်က ထိုင်စရာနေရာပေးပြီး 'ဒါတွေက ဘာတွေလဲ'ဟု စက္ကူအိတ်ကို ထိုးပြရင်း မေးသဖြင့် ညွှန့်ညွှန့်က 'စားနိုင်သောက်နိုင်ပြီ သတင်းကြားလို့ စားစေချင် သောက်စေချင်တဲ့ သူများက ပေးလိုက်တာပေါ့။ ဟောဒါက ကော်ဖီ၊ ဟောဒါက ပန်းသီး'ဟု တစ်ခုစီ တစ်ခုစီ စက္ကူအိတ်ထဲက ထုတ်၍ စားပွဲပေါ်တွင် တင်ပြလေ၏။


mgyoe.com

mgyoe.com SAMPLE BOOK


'သိပ်များလှပါလား ညွန့်ညွန့်ရဲ့၊ ဘယ်သူကများ ပေးလိုက်တာလဲ'

'စားစေချင် သောက်စေချင်တဲ့ စေတနာရှင်များက ပါလို့ ဆို'

'အဲဒီစေတနာရှင်ကို အများကြီး ကျေးဇူးတင်ချင်လို့ပါ၊ နာမည်ကလေး တစ်ဆိတ်'

'မေခင်တဲ့... ချောက ချောနဲ့၊ ဝန်ထောက်သမီး'

မျိုးတင့်မှာ ထိုစကားကို ကြားရသောအခါ အံ့သြသွားလေ၏။ 'မမေခင်ကများ တကယ်လား ညွန့်ညွန့်ရဲ့၊ သိပ်အံ့စရာကောင်းပါလား'

'မအံ့ပါနဲ့ရှင်၊ သူ့အသက် ကယ်ခဲ့တာတွေနဲ့စာရင် ဒါတွေဟာ မပြောလောက်ပါဘူး၊ မမေခင်ဟာ အကြောင်းမသိရင်သာပါ၊ တကယ် စိတ်ရင်း စေတနာရင်း ကောင်းပါတယ်၊ ရှင့်ကို ကျေးဇူးတင်တဲ့အကြောင်း ခဏခဏ ပြောတာပဲ၊ သူ့အသက်သခင်တဲ့၊ သူတောင် လာမေးချင်ရှာတာ၊ နေကောင်းသွားလို့၊ စားနိုင် သောက်နိုင်ပြီဆိုလို့ ဒါတွေ ကျွန်မ အပို့ခိုင်းလိုက်တာပဲ'

'အရင်ကများဆိုရင် သိပ်မတည့်တာ၊ ခုတော့ ဒီလိုတောင် ကျေးဇူးပြုဖော်ရတာ ဆရာ့ကို သိပ်ကျေးဇူးတင်ဖို့ ကောင်းတာပဲ၊ ဒါကြောင့် လူကြီးသူမများ စကားဟာ လိုက်နာဖို့ ကောင်းတယ်လို့ ပညာရှိများ ဆုံးမကြတာပဲ'ဟု မျိုးတင့်က နက်နက်နဲနဲ စဉ်းစားသလို တစ်လုံးချင်း ပြောလေ၏။

'ကိုမျိုးတင့် ပြောတာ ညွန့်ညွန့် ဉာဏ်မမီဘူး၊ ဘာဆိုလိုတာလဲ'

'အရင်က ကျွန်တော်တို့ ဘယ်မျက်နှာကြောတည့်ကြလို့လဲ၊ ဆေးချိုးနဲ့ တောက်တဲ့ပဲ၊ ကျွန်တော်တို့က အမျိုးသားစိတ် ရှိချင်တယ်၊ သူတို့က ခေတ်ဆန်လွန်းတယ်၊ သိပ်ဖီလာကျတာပဲ၊ မျက်နှာကြောမတည့်တော့ ခွ တိုက်တာပဲ၊ ဒီက ဘောက်ပြော၊ သူက ပိုကဲအောင် အပါးဆုံးအင်္ကျီဝတ်၊ ခုံမြင့်ဖိနပ်စီးနဲ့၊ တစ်ယောက်နဲ့တစ်ယောက် တွေ့လိုက်ရင် နဂါးနှစ်ကောင် တွေ့ကြသလား ထင်ရအောင် မျက်စောင်းထိုးပစ်လိုက်ကြတာပဲ။ သူက ဖိနပ်ဆောင့်နင်းတယ်၊ တံတွေးထွေးသွားတယ်၊ ဒီက ပျံလွှားမလို့ ပြောတယ်၊ ညွန့်ညွန့်တို့လည်း သိတဲ့အတိုင်းပဲ၊ စာရေးတဲ့ ကိစ္စတွေလေ'


mgyoe.com

mgyoe.com
SAMPLE BOOK


'ဟုတ်တယ်၊ ညွှန့် သိသားပဲ'

'ဆရာက ဒီလိုလုပ်ရင် သာဆိုးမှာပဲတဲ့၊ လူတစ်ယောက်ဟာ ကိုယ့်ဘက် ပါစေချင်ရင် အနူးအညွတ် သိမ်သိမ်မွေ့မွေ့ ကျို့တန်ကျို့၊ ယို့တန်ယို့ပြီး ပေါင်းရ သင်းရ ပြောရ ဆိုရတယ်။ ကိုယ့်အလို လိုက်စေချင်ရင် သူ့ကို လက်ဦး လိုက်လျောပါဆိုတဲ့ သင်ခန်းစာကို ဆရာပေးတာပေါ့၊ ညွှန့်ညွှန့်တို့ မြင်တဲ့အတိုင်းပဲ၊ စာပေးတဲ့ကိစ္စတုန်းက ဆရာပြောတာ နားမထောင်ဘဲ အရွဲ့တိုက်တဲ့စာတစ်စောင် ဖွတ်ပေးတာ၊ ပိုပြီး စိတ်ဝမ်းကွဲကြတာပဲ၊ ဆရာက ဘာမှမပြောဘူး၊ ဒီတုန်းက ပြောရင်လည်း နားထောင်မှာ မဟုတ်ဘူးဆိုတာ ဆရာ သိတယ်၊ နောက် သူ့အိမ်မှာ ကျောင်းပိတ်တဲ့ နေ့ကျတော့ ဒီကအမှားတွေကို ရှင်းပြပြီး ဆုံးမတာပဲ၊ ခုမှ ဆရာများ၊ လူကြီးသူမများ ပြောတာမှန်ကြောင်း တကယ်ဝန်ခံရတာပဲ'ဟု မျိုးတင့်က ရှင်းလင်းပြလေ၏။

'ဆရာဟိန်လို ဆရာမျိုးတော့ အရှားသားပဲ၊ ဒီနှစ် ကျွန်မတို့ ဒီဆရာနဲ့ တွေ့ရတာ သိပ်ကုသိုလ်ကောင်းတာပဲနော်'

'ဟုတ်တယ်၊ သိပ်ကုသိုလ်ကောင်းတာပဲ'

ထိုအခိုက် မမြရီက ညွှန့်ညွှန့်အတွက် ကော်ဖီပန်းကန် ပို့ခိုင်းလိုက်သဖြင့် မျိုးတင့်က ညွှန့်ညွှန့်အား သူစားသည့် မုန့်သေတ္တာထဲမှ မုန့်များကို ထည့်ပေးပြီး အိမ်သည်ဝတ်ကို ပြုရလေ၏။

'ညွှန့်ညွှန့် စားပါဦး၊ စားပါ သူငယ်ချင်းရ၊ မင်း ငါ့ကိုတောင်အားနာနေပြန်ပြီလား၊ ရှက်စရာလည်း မရှိပါဘူး၊ အားရပါးရ စားစမ်းပါ'

'အံမာ... ညွှန့်လား အားနာမှာ၊ မင်းသာ အားရပါးရ စားပါ၊ ဒါမှ ကျောင်းမြန်မြန် တက်နိုင်မှာ'

'ညွှန့်ရေ... မင်းသူငယ်ချင်းနဲ့ စကားပြောကြဦးပေါ့၊ မမရီ ဈေးသွားလိုက်ဦးမယ်၊ ကနေ့ စနေနေ့ မဟုတ်လား၊ ဖြည်းဖြည်းပြန်နော်'ဟု မမြရီက အောက်မှလှမ်း၍ ပြောရင်း ဈေးသို့ ထွက်သွားသဖြင့်...

'ဟုတ်ကဲ့ မမရီ၊ ညွှန့် စကားပြောနေပါ့မယ်'ဟု ညွှန့်ညွှန့်က ပြန်ပြောပြီး ကျောင်းစာအကြောင်း၊ ရေနစ်စဉ်က အကြောင်းများနှင့် စာအုပ်များ၊ သတင်းစာများအကြောင်းကို စကားလက်ဆုံကျလျက် ပြော၍အရသာရှိသည့်အတိုင်း အားရပါးရ ပြောနေကြလေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK


မေခင်၏ အကြောင်းများနှင့်စပ်၍ကား သူငယ်ချင်းပင် ဖြစ်သော်လည်း မိန်းကလေးချင်း ဖြစ်၍ မိန်းမပျိုများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် စကားများကို မပြောဘဲ ထားလေ၏။ မိန်းမသည် မိန်းမ၏ ဂုဏ်သိက္ခာနှင့် အသရေကို မြင့်နိုင်သမျှ မြင့်ပေးရမည်ဟု ညွန့်ညွန့် ယူဆသောကြောင့် ဖြစ်လေ၏။

ညွန့်ညွန့်တို့ စကားပြော ကောင်းနေကြသည်မှာ မမြရီ ဈေးက ပြန်ပြီး ချက်ပြုတ်ပြီးစီးသည်အထိ ဖြစ်လေ၏။

'ထမင်းပြင်ပြီးပြီ ညွန့်ရေ၊ ထမင်းစားကြရအောင်၊ တင့်… မင်း သူငယ်ချင်းကို ခေါ်လာခဲ့'ဟု အောက်ထပ်မှ လှမ်း၍ ခေါ်လိုက်သောကြောင့်…

'လာ… ညွန့်ညွန့်၊ မမကြီး သိပ်စာတတ်တာပဲ၊ ဒီက ညွန့်ညွန့်ကို မနက်စာစားပြီးမှ သွားဖို့ပြောမလို့၊ အသင့်ပြင်ပြီးပတဲ့'

'ညွန့် အားနာတယ်ကွာ'

'ဒါဖြင့် ပြင်ထားပြီးမှ မစားဘူးလား'

'စားမှာပေါ့'ဟု ရယ်၍ပြောသဖြင့် မျိုးတင့်လည်း ပြုံး၍ သဘောကျသွားလျက် မမြရီပါ အိမ်သားများရော တပျော်တပါးကြီး စားကြလေ၏။

'ညွန့်… မြိန်ရဲ့လား၊ များများစားနော်'ဟု မမြရီက ညွန့်ညွန့် ပန်းကန်တွင်းသို့ ဟင်းများကို ထည့်၍ပေးရင်း ပြောလေ၏။

'များများစားရင် အစာမကြေဘူးတဲ့၊ ဆရာက ပြောတယ်၊ မြိန်မြိန်ကြီး ဝင်သမျှတော့ စားမှာပဲ၊ စားနိုင်တာထက်တော့ ဖွတ်မမျိုပါရစေနဲ့'ဟု ပြောသဖြင့်…

'ရှေ့နေမကလေး လျှာမရှည်နဲ့'ဟု မမြရီက ပြုံး၍ပြောလိုက်လေ၏။

'ညွန့်ညွန့် ပြောတာ ဟုတ်သားပဲ အစ်မကြီးရဲ့၊ ဥတုဘောဇနကျမ်းကလည်း စားနိုင်တာထက် ပိုစားရမယ်လို့မှ မဆိုဘဲ၊ ရှေးလူကြီးတွေကသာ ထမင်းများများစားနိုင်ရင် အားရှိတယ်လို့ ပြောတာ၊ ဥပုသ်စောင့်တဲ့နေ့များ ညစာမဆာအောင်ဆိုပြီး သိပ်ကန်စားကြတာ၊ ဥပုသ်သည်နှစ်ဆယ်စုမိရင် ဟင်းခွက်ငါးဆယ်လောက်ပေါင်းပြီး ပျော်ပွဲစားသလို အဝကြိတ်ကြ


mgyoe.com

mgyoe.com
SAMPLE BOOK


တာပဲ၊ ၁၂ နာရီမထိုးခင်ကလေးဆိုပြီး မုန့်တွေ ဘာတွေလဲ ကြားညှပ်လိုက်သေး၊ အာဟာရဒီပနီကျမ်းက ဥပုသ်သီတင်းစောင့်တဲ့နေ့များ "အာဟာရေပဋိကူလသညာ"ဆိုတဲ့ သဘောနဲ့ အာဟာရအပေါ် စက်ဆုပ်တဲ့ ရွံဖွယ်သဘောနဲ့ စားပြီး မဝမီလေး လေးလုတ်တန်သည်၊ ငါးလုတ်တန်သည် လျှော့၍ စားမရတဲ့'

'မင်းတို့ကို မမ အရှုံးပေးပါပြီကွယ်၊ ဒီကလည်း မဆုံမပြ နင်းကန်ပြီးစားပါလို့ မတိုက်တွန်းသေးပါဘူး၊ အားနာပြီး မဝဘဲ ထသွားမှာစိုးလို့ ပြောတာ သိပြီလား၊ စကားတောင်းစားလေးရဲ့'

'ညွန့်ညွန့်တို့တော့ ခေတ်ကြီးကို အတင်းပြောင်းမယ်၊ အားနာတယ်ဆိုတဲ့စကား ဗမာအဘိဓာန်ထဲက ထုတ်ပစ်လိုက်မယ်။ အရောင်းအဝယ်၊ ငွေရေးကြေးရေးမှာလည်း အားနာတာနဲ့ ဗမာကုန်သည်တွေ နစ်နာပြီး စီးပွားရေး အောက်ကျတာပဲ၊ လူနဲ့လူချင်း ဆက်ဆံရေးမှာလည်း အားနာလို့ အားပါပြီး ဗမာမတွေ ကုလားမယား၊ တရုတ်မယား ဖြစ်ကုန်တာပေါ့။ အားနာတာဟာ စနစ်မရှိတဲ့ စကားမျိုးပဲ'

'ဒါဖြင့် လူများအိမ်မှာ ဆိုးဆိုးဆတ်ဆတ် အိမ်ဦးခန်း ဖိနပ်စီးတက်မယ်၊ လူများ မကြိုက်တာ ပြောမယ်၊ လူများ ထားတဲ့ စည်းကမ်းကို မလိုက်နာဘဲ ဇွတ်လုပ်မယ်၊ လူများ ငွေကြေးပစ္စည်း ချေးငှားအကြွေးယူပြီး အားမနာဘဲ နေမယ်လား'

'အဲဒါ အစ်မကြီး လွဲနေတာပေါ့၊ ငွေကြေးပစ္စည်းနဲ့ ပတ်သက်လို့ မှန်မှန်ယူ၊ မှန်မှန်ပေး ဆိုတာက အားနာတာနဲ့ ဘာမှမဆိုင်ဘူး။ ယူရင်ပေးရမယ်ဆိုတဲ့ အလုပ်သဘောကို ရှိသေတာ အစ်မရဲ့၊ လူများ မကြိုက်တာကို မလုပ်၊ စည်းကမ်းကို မဆန့်ကျင်တာက ပေါင်းသင်းဆက်ဆံရေး စည်းကမ်းပေါ့၊ ဒါဟာ အက်ကီးကက် (Etiquette) ဆိုတဲ့ ပေါင်းသင်းရေး နည်းစနစ်တွေပေါ့၊ ဥပမာ ဗမာအိမ်တစ်အိမ်ကို အိမ်ဦးခန်းထိ ဖိနပ်စီးတက်ရင် မကြိုက်ဘူးဆိုတဲ့ ဗမာ့စည်းကမ်း၊ လူကြီးသူကြီးရှေ့ ရိုရိုသေသေ ဒူးချ ဦးချ ပြောရမယ်ဆိုတဲ့ အစဉ်အလာ၊ သူများ မမြင် မသိစေချင်တဲ့ စကား၊ လျှို့ဝှက်ထားတဲ့ အရာတွေကို ဇွတ်နားထောင်၊ အတင်းကြည့်၊ ဒါတွေဟာ ပေါင်းသင်းရေးစနစ်မှာ မယဉ်ကျေးတာပေါ့၊ အားနာဖို့ မဟုတ်


mgyoe.com

mgyoe.com SAMPLE BOOK


ဘူး။ ကျီးကို ဘုတ် ရှိသေ၊ ဘုတ်ကို ကျီးရှိသေ ဆိုတဲ့ ကျွန်တော်တို့ ဗမာစကားပုံလိုပေါ့။ သူ မကြိုက်တာကို ကိုယ်မလုပ်နဲ့၊ ကိုယ် မကြိုက်တာကို သူ မလုပ်နဲ့၊ ရွံတတ်တဲ့လူ ထမင်းစားရင် ရွံစရာတွေ ပြောတာဟာ မယဉ်ကျေးတာပဲ၊ လူများ စာဖတ်လို့ ဘယ်လောက် ကောင်းနေတယ်၊ အရသာတွေ့နေတယ် မသိဘူး၊ ဇွတ် စာအုပ်ဆွဲကြည့်၊ အသံကျယ်ကျယ် လောင်လောင်နဲ့ လာစကားပြော၊ အိပ်ချိန်မှန်း စားချိန်မှန်း မသိ၊ ညဉ့်နက် သန်းခေါင် လည်ပြီး အလိုက်မသိဘဲနေ၊ ဒါတွေဟာ စည်းကမ်းပေါ့ အစ်မ ကြီးရဲ့။ အားနာတယ်ဆိုတဲ့ စကားဟာ နေရာမရွေး ပါဝင်နေတာ။ သူ့ကို တော်ရာ ထုတ်ပစ်မှပဲ'

'ဒါ ထမင်းဝိုင်းပါကွာ၊ စကားဝိုင်း မဟုတ်ဘူး၊ နောက်မှ ပြောကြမယ်၊ စား ညွန့်ညွန့်၊ သူ အင်မတန် လေရှည်တယ်'ဟု မမြရီက ထမင်းစားရန်သာ ပြောနေသဖြင့် ညွန့်ညွန့်က မျိုးတင့်ကို ပြုံး၍အကြည့်၊ မျိုးတင့်ကလည်း "အစ်မကြီး မမြရီ ရှုံးလို့" ဟူသော အဓိပ္ပာယ်မျိုးနှင့် မေးငေါ့၍ ပြသည်ကို မမြရီ မြင်သောကြောင့် 'အမယ် သူကလား'ဟု မျိုးတင့်၏ ကျောကို ထုမည် ရွယ်လိုက်ရာ ခါးကော့၍ ထားသဖြင့် 'အစ်မကြီးက မောင်ကလေးတစ်ယောက်မို့ အလိုလိုက်ထားတာ၊ အဖျားပျောက်စမို့ မထုရက်ပါဘူး၊ မင်းကျောကို ဖြောင့်ဖြောင့်သာထားပါ'ပြော၍ ပြုံးပြီး လက်သီးဆုပ်ကို ရုပ်သိမ်းကာ ထမင်းဝ၍ ထသွားသောကြောင့် ညွန့်ညွန့်မှာ မောင်နှမ နှစ်ယောက် ချစ်ကြပုံကို ကျေနပ်ပြုံးကလေး ပြုံး၍ မိမိမှာလည်း "မောင်ကလေးတစ်ယောက် ရှိရင် ဘယ်လောက် အားကိုးရမလဲ၊ သူတို့လို ပျော်မှာပဲ"ဟု တွေးမိရှာလေ၏။

## အခန်း(၆)

တနင်္လာနေ့ကား တနင်္ဂနွေနေ့ညဉ့် ကုန်ပြီးသည့်အခါတွင် အလှည့်ရောက်လာပြန်၏။ အစိုးရအထက်တန်းကျောင်းတွင် လစ်ဟင်းနေသော မျိုးတင့်၏ နေရာ ခုံပေါ်တွင် တောင့်တင်းသန်မာသော မျိုးတင့်၏ပုံသဏ္ဌာန် အစားမျက်တွင်းများချိုင့်၊ အသားဝါလျက် နာလန်ထစ မျိုးတင့် ရောက်လာတော့


mgyoe.com

၏။ မောင်ကိုကြီးတို့၊ မြမောင်တို့သည် မျိုးတင့် ကျောင်းတက်သည်ကို ဝမ်းသာသည့် အထိမ်းအမှတ်အဖြစ် နေ့လယ်စာ လက်ဖက်ရည်ကို တရုတ်တန်း "ကိုလောကျူ"၏ ဆိုင်၌ တစ်နာရီ နေ့ကျောင်းဆင်းချိန်တွင် ကျင်းပရန် ပိုက်ဆံစုထားကြလေသည်။

ဆရာဟိန် အတန်းတွင်းသို့ ဝင်လာသည်နှင့် ကျောင်းသားများ ဆရာအား ရိုသေသည့် အထိမ်းအမှတ်အဖြစ် မတ်တတ်ရပ်ကြစဉ်... 'မောင်မျိုးတင့် ကျောင်းတက်နိုင်ပြီလား၊ ဝမ်းသာတယ်ကွယ်၊ ကဲ... ထိုင်ကြ... ထိုင်ကြ'ဟု ဆရာဟိန်က နှုတ်ခွန်းဆက်သလေသည်။

'မင်းအသားတွေ ဝါတုန်းပဲ၊ အစားအသောက် ဆင်ခြင်ပါဦးကွယ်။ တောင်ခွေးသီးတို့၊ ခတက်ချဉ်သုတ်တို့ ဆိုတဲ့ အချဉ် အစူးတွေကို အဖျား ပျောက်စမှာ သိပ်စားချင်တတ်တယ်နော်၊ သွားများမစားလေနဲ့၊ တစ်ခါက နှစ်ခါ ထပ်ဖျားရင် စိုးရိမ်ရတယ်၊ ကြေခဲတဲ့အစာလည်း ရှောင်ကွယ့်'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဒါတွေကို ဂရုစိုက်ပြီး ရှောင်ပါတယ်၊ ထမင်းတောင် စနေနေ့ကစပြီး မနက်စာတစ်ထပ်သာ စားပါသေးတယ်၊ ညစာ ဘာလီပြုတ် သောက်ပါတယ်၊ လမ်းလည်း လျှောက်ပေးပါတယ်'

'ကောင်းတယ်၊ ကျန်းကျန်းမာမာ အသက်ရှည်နေသင့်တဲ့ လူများ လူ့ပြည်မှာ ကြာကြာနေနိုင်တဲ့နည်းနဲ့နေပြီး လူသတ္တဝါတွေနဲ့ အမျိုးသား တွေ အကျိုးကို အများကြီး ဆောင်ရွက်သွားနိုင်မှာပဲ'

'အသုံးမကျဘဲ လူသတ္တဝါတွေနဲ့ အမျိုးသားတွေ နစ်နာရာ နစ်နာကြောင်း၊ ပျက်စီးရာ ပျက်စီးကြောင်းလုပ်တဲ့ လူများတော့ သေခဲတယ်ဆရာ။ အဖိုးတန်တဲ့ လူတွေတော့ သေလွယ်ကြတယ်၊ ဒီတရားဟာ တစ်မျိုးပဲ၊ အများမေတ္တာကို ခံယူရရင် မြန်မြန်သေတတ်ကြလို့ ကျွန်တော်ဖြင့် လူချစ် လူခင် တယ်မများစေချင်ဘူး'ဟု မောင်ကိုကြီးက ဝင်၍ပြောရာ...

'ဒါက မင်းတရားနဲ့ မင်းကိုကွယ့်၊ ဒါလိုချည်းပဲ မဟုတ်ပါဘူး၊ ဝါယာလက် ဆရာကြီး မာကိုနီတို့၊ လျှပ်စစ်မီး ဆရာကြီး အက်ဒီဆင်တို့ လို လူအများ ကောင်းကျိုးဆောင်တဲ့ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတွေ အသက် ရှည်ကြတာ ဘယ့်နှယ်ပြောမလဲ'

'ဒါလည်း ဟုတ်တာပဲ ဆရာ၊ ဒါပေမဲ့ ဗမာပြည်က လူတွေက



mgyoe.com

mgyoe.com

SAMPLE BOOK


တော့ အဖိုးတန်မယ်၊ အသုံးဝင်မယ်ဆိုရင် သေလွယ်ပျောက်လွယ်ကြလွန်းလို့ ပြောကြရတာပါ'

'သူတို့က ကျန်းမာရေးမှ ဂရုမစိုက်ဘဲကိုး၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရားနဲ့ ကံကုန်လို့သေခြင်း၊ အသက်တမ်းစေ့လို့ သေခြင်း၊ ကံရော အသက်ရော အချိန်ရောက်လို့ သေရခြင်း၊ ကံ အသက် အပိုင်းအခြား မစေ့ဘဲ သေရခြင်းဆိုတဲ့ သေခြင်းအကြောင်းတရားတွေမှာ တို့ဗမာလူမျိုးက ကံတစ်ခုတည်းကို သိပ်အားကိုးကြလို့ သေလွယ်ကြတာပေါ့။ ဥတု အာဟာရ မျှတမှု၊ စိတ်ချမ်းသာမှုကို လုံ့လမထုတ်ကြဘူး'

'ဒါဖြင့် ဆရာ၊ ကလေးတစ်ယောက် မွေးလာရော၊ ဝဝတုတ်တုတ် ချစ်စရာကလေး၊ အားလုံးကလည်း ဝိုင်းချစ်ကြတယ်၊ အများရဲ့မေတ္တာ ခံယူကြရတာပဲ၊ ဝဝခဲခဲကလေးထဲက ခုချက်ချင်း နေမကောင်း၊ ခု သေသွားရှာတာ၊ သူ့မှာ ဘာများ ချွတ်ယွင်းရှာလို့လဲ၊ ကံလား စိတ်လား'

'ဒါမျိုးဟာ တွေးစရာ အများကြီးပဲ တပည့်ရာ၊ ကလေးလေးက ဖြူဖြူတုတ်တုတ် ချစ်စရာကလေး ဆိုတော့ ဟိုကချီသွား၊ ဒီကချီသွား။ ချစ်လွန်းလို့ စားစေချင် သောက်စေချင်တာနဲ့ အစာတွေကျွေး။ ပါးစပ်ကလေး၊ နှာခေါင်းကလေးကို လူကြီးပါးစပ်နဲ့ ငုံလိုငုံ၊ ခဲလိုခဲ။ ဝါးဖတ်ခွံ့လိုခွံ့နဲ့ လုပ်တော့ လူကြီးတွေဆီက ရောဂါကူးမှန်း မသိဘူး၊ အစာမကြေ ဖြစ်ချင်ဖြစ်၊ ဟိုလူတစ်လှည့် ဒီလူတစ်လှည့် ချီချင်ပွေ့ချင်တော့ အိပ်ရေးဝ အောင် မအိပ်ရ၊ မိဘများက တို့ကလေး လူခင်များတယ်ဆိုပြီး အစားမှန်မှန်၊ အအိပ်မှန်မှန် ဂရုပြုမပေး။ ကိုယ်သက်သာသလိုနေပြီး ဖြုန်းခနဲ ဖြစ်လာမှ မျက်လုံးပြူး။ သေတော့ ယူကျုံးမရ။ အမေရိကန်မှာရှိတဲ့ ကလေး ငါးမြွာပူးလောက် ကမ္ဘာပေါ်မှာ လူချစ်လူခင်များတဲ့ကလေး ရှိမှရှိမယ်၊ မောင်ကိုကြီး ပြောတဲ့ သဘောမျိုးနဲ့ဆိုရင် ဒါလောက် လူချစ်များတာ သေကြရောပေါ့၊ သူတို့မှာ ကလေးကို စားချိန် အိပ်ချိန်၊ သင့်တင့်တဲ့အစာ၊ လေ၊ နေရောင်၊ ရာသီနဲ့တန်တဲ့အဝတ်၊ သင့်သလို ပေးသွားအောင် ဆရာဝန်နဲ့ ဘာနဲ့ ပြုစုတာ။ လူတိုင်း ချီချင်တိုင်း ပွေ့ချင်တိုင်း အခွင့်ပေးတာ မဟုတ်ဘူး၊ ဒီတော့ ကံဆိုတဲ့တရားကို ဆရာတို့ မမြင်နိုင် မသိနိုင်သလို ကုန်သင့်တယ်၊ မကုန်သင့်ဘူးလို့ မပြောနိုင်သော်လည်း အာဟာရချို့ယွင်းမှု၊


mgyoe.com

mgyoe.com

SAMPLE BOOK


ဥတုသပ္ပာယ မျှတမှုဟာ ဗမာကလေးတွေကို ပြုစုပေးဖို့ အများကြီး လိုတာပဲ'

'ဟုတ်တယ် ဆရာ၊ ကျွန်တော် အများကြီး သဘောပေါက်သွားပါပြီ၊ အကျိုးတရား ပေါ်လာမှုဟာ အကြောင်းကို အခြေခံပြုတယ်ဆိုတဲ့ သဘာဝတရားဟာ အများကြီး မှန်တာပဲ'

'မှန်တာပေါ့ကွယ်၊ မောင်မျိုးတင့် မမာဘူး၊ ခုမှ နာလန်ထစ၊ သူ့ကို မေးပါလား၊ ကံမကောင်းလို့ ဖျားသလား၊ သို့မဟုတ် အစားမှားသလား၊ အအေးမိသလားလို့'

'အအေးမိလို့ ဖျားတာ အမှန်ပါ ဆရာ၊ ရေထဲမှာ အကြာကြီးနေပြီး အပြန်တော့ ကားရှေ့ပိုင်းက အဝတ်ပါးပါးနဲ့ လိုက်လာတာ၊ တစ်လမ်းလုံး အအေးမိ ဖျားတာပဲ'

ထိုစကားကို မေခင် ကြားမိ၏။ "ငါ့ကြောင့်ပဲ၊ ဒါပေမဲ့ သူ့ဟာသူ ဖြစ်တဲ့ အနေမျိုးနဲ့ ပြောရှာတယ်"ဟု စိတ်ထဲက တွေးမိပြီး၊ "ရှေ့မဆက်ပါစေနဲ့"ဟု ရင်များခုန်လျက် ဆုတောင်းကာ ခေါင်းငုံ့နေသည်ကို ညွှန့်ညွှန့်သည် ကောင်းစွာ သတိထား၍ သိလိုက်၏။

'ကဲ... အထွေထွေ ဆွေးနွေးတဲ့အချိန် တော်လောက်ပြီ၊ စောဒက ဆရာ မောင်ကိုကြီးလည်း ကျေနပ်လောက်ပါပြီ'ဟု ပြောကာ သင်ခန်းစာများကို ဆက်လက်သင်ကြားနေလေ၏။

"သူ့ခမျာ သိပ်သနားစရာ ကောင်းတာပဲ၊ အသားတွေဝါလို့၊ အတော်ကို ချောင်ကျသွားတယ်"ဟု မေခင်၏ စိတ်ထဲတွင် တွေးမိကာ သနားသလိုလိုစိတ်သည် ဘယ်ချောင်က ပေါ်မှန်းမသိ ပေါ်လာရာ ဆရာသင်ပြသော စာများကို မကြားနိုင်ဘဲ ရှိရှာလေ၏။

'မမေခင်... ဆရာ မေးနေတယ်'ဟု ကြင်ရီက လက်တို့မှ အတွေးကို ဖြတ်ကာ မတ်တတ် ထ ပြလေ၏။

သို့သော်လည်း ဘာမေးမှန်း မကြားလိုက်၍ မဖြေတတ်ဘဲ ငေးငေးကြီး လုပ်နေမိသဖြင့်...

'မသိရင်လည်း ထပ်နားထောင်ပါဦး၊ ထိုင်... ထိုင်'ဟု ဆရာက အခွင့်ပေးသဖြင့် ရှက်ရှက်နှင့် ထိုင်လိုက်ရလေ၏။


mgyoe.com

mgyoe.com  SAMPLE BOOK 

အချိန်မှာ မြန်မာစာသင်ချိန် ဖြစ်လေ၏။ ဆရာပြောနေသည်မှာ ကဗျာ၏ ရသများဖြစ်လေသည်။ လွမ်းခြင်း၊ ကြည်လင်ရွှင်ပျခြင်းနှင့် စိတ်ကို ထိခိုက်လှုပ်ရှားစေသော ကဗျာကျော်များအကြောင်း၊ ၎င်းတို့၏ အရသာများ အကြောင်းကို ဆရာ ဆက်လက်ပြောမှ ဆရာ ပထမသင်သွားသော အပိုင်းကို ပြန်၍နားလည်အောင် ဂရုစိုက်၍ နားထောင်ရတော့၏။ မျက်နှာကလေးများ နီလျက်ရှိနေသည်ကို မြင်ရသော ကျောင်းဆရာသည် အလိုက်သိစွာ ထပ်၍မမေးတော့ဘဲ အခြားကျောင်းသားများကိုသာ မေးသွားသဖြင့် စိတ်သက်သာရာ ရသွားလေ၏။

ကျောင်းဆင်းသည့်တိုင်အောင် မေခင်၏ ရှက်သောမျက်နှာကလေးမှာ နီပြေပြေကလေး ရှိရှာလေ၏။ မျိုးတင့်အကြောင်းကို မတွေးပါဘူးဟု အောက်မေ့လိုက်တိုင်း အားအရှိန်ဖြင့် စီးလာသော ချောင်းရေကို တစ်ဖန်ဆည်လိုက်မှ စု၍အောင်းထားရသော ရေအားသည် တာရိုးက ပို၍ ပြင်းသောအဟုန်ဖြင့် ကျော်နင်းတိုးဖောက်၍ စီးသကဲ့သို့ "မတွေးဘူး၊ ဘာလို့တွေးရမှာလဲ"ဟူ၍ စဉ်းစားမိတိုင်း မတွေးဘဲ မနေနိုင်အောင် ရှိရှာလေ၏။

ပို၍ မျက်နှာပူစရာကောင်းသော အချက်မှာ မျိုးတင့် ကျောင်းတက်နိုင်လျှင် ဆရာမဒေါ်နှင်းရင်၏ အိမ်တွင် အသက်ကယ်သည့်အတွက် ကန်တော့ရန် စီမံထားချက်ပင် ဖြစ်လေ၏။ လျှမ်းလျှမ်းတောက် ရဲရင့်သွက်လက်၍ ဘယ်ယောကျာ်းမျိုးနှင့်မဆို ရင်ဆိုင်ရဲခဲ့သော မိမိ၏နှလုံး၌ ခိုအောင်းကြသော သတ္တိတို့သည် မျိုးတင့်နှင့် တွေ့မည်ဟု စဉ်းစားလိုက်သည်နှင့် ရင်ထဲက ခုန်သလို၊ ဝမ်းသာသလို၊ ရှက်ရွံ့သလို တဖိုဖို ဖြစ်ရှိသော အကြောင်းမှာ အဘယ်အတွက် ဖြစ်ရသည်ဟု ဝေခွဲ၍မရတိုင်း စိတ်ဆိုးချင်သလို ဖြစ်မိရှာတော့၏။

*

မျိုးတင့်မှာ ဆရာမက ခေါ်ခိုင်းလိုက်သည်ဟု ကျောင်းသားကလေးတစ်ယောက် အရေးတကြီး လာခေါ်သဖြင့် သုတ်သုတ်ပျာပျာ ဒေါ်နှင်းရင်အိမ်သို့ ရောက်သွားလေ၏။

'မောင်မျိုးတင့် ရောက်လာပြီလား၊ လာ... လာ'ဟု ဆရာမက


mgyoe.com